www.burmeseclassic.com

[illegible]စီစဉ်သည်

# ဝေဝေအောင်

# ကျွန်တော်နှင့်သူ

လုံးချင်းဝတ္ထုသစ်




www.burmeseclassic.com

www.burmeseclassic.com

အနုန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါး ဖြစ်သူ ဖေဖေနှင့်မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သံမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူး ယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။
တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်နဲ့သူ' သာ မဆုံဖြစ်ခဲ့ကြဘူးဆိုလျှင် ကျွန်တော့်အတွက် နောက်ထပ်အချစ်ဆိုတာလဲ ဖြစ်ပေါ်လာစရာ အကြောင်းမရှိပါ။

လောလောဆယ် အချစ်ရှုံးသမားအဖြစ် ကျွန်တော့် ချစ်သူ 'ဇွေ ကို' ကျွန်တော် စွန့်လွှတ်လိုက်ရချိန်နှင့် တိုက်ဆိုင် နေသည် မဟုတ်ပါလား။

စိတ်ညစ်ညစ်နှင့် ချောင်းသာကို ထွက်လာချိန် ကျွန်တော်နဲ့သူ ဆုံဆည်းခဲ့ရတာ ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





စိတ်ထဲမှာ ညစ်နေတာမို့ ယုဇနပလာဇာတွင် ဖွင့်ထားသော ကျွန်တော်ရဲ့ ဓါတ်ပုံခန်းကို ပိတ်ကာ ချောင်းသာကို ထွက်လာခဲ့မိတာ ဖြစ်ပါသည်။

ကျွန်တော်ရဲ့ အကူကောင်လေးကိုတော့ ခွင့်တစ်ပါတ်ပေးလိုက်ပါသည်။

ချောင်းသာတွင် ကျွန်တော်ပျော်သလောက် နေဖို့စဉ်းစားထားတာကြောင့် ကျွန်တော်ရဲ့ ခဲပုတ်ရောင် 'Van' ကားနဲ့အတူ ကျွန်တော်သွားလေရာ မပါမဖြစ်အောင် ယူတတ်သော ကင်မရာ၊ စားစရာတစ်ပတ်စာ အခြောက်အခြမ်းနှင့် မန်းချီဆွဲချင်လျှင်လည်း ဆွဲရအောင် ကင်းဘတ်ပြား ဆေးခွက်နှင့် စုတ်တံတို့ကို အစုံအလင် ထည့်လာခဲ့လိုက်ပါသည်။

ပြောမရ၍ လွတ်ထားပုံရတဲ့ပုံဖြင့် အိမ်က ကျွန်တော့်ကို ဘာ



www.burmeseclassic.com

www.burmeseclassic.com



မှ မပြောကြပါ။

ဘွဲ့လည်းရအောင် သင်ပေးပြီးပြီ အလုပ်ဆိုလည်း ဖေဖေ့ရဲ့ နာမည်ကြီး 'World Wife' ကုမ္ပဏီမှာ သွင်းပေးပြီးပါပြီ။

လမ်းတံတားတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ရေငံပုဇွန် မွေးမြူရေးတွေနဲ့ ကြီးကျယ်လှသော ဖေဖေ့ရဲ့ လုပ်ငန်းတွေကို လှစ်လျူရှုကာ သူဝါသနာပါသော ဓါတ်ပုံစတူဒီယို တစ်ခုဖွင့်လှစ်ပြီး အလုပ်လုပ်နေသော သူ့ကို ဖေဖေက ဘာမှမပြောချင်သလို ပုံစံဖြင့် မပြောသလို မေမေကလည်း ပြောလည်း မထူးမယ့်အဖြစ်မို့ ဘာမှမပြောဘဲ ဘေးမဲ့ပေးထားလေ ကျွန်တော်အဖို့ လုပ်ချင်တိုင်း လုပ်ခွင့်သာနေခဲ့ပါတော့သည်။

'အကျော်ဒေးယျ' ဖြစ်စေချင်လွန်း၍ ဖေဖေနဲ့မေမေက '**ကျော်ဒေးယျ**' ဟု နာမည်ပေးခဲ့ပေမယ့်လည်း ကျွန်တော့်အဖို့က သိပ်ပြီး ကျော်ကျော်ကြားကြား မဖြစ်ချင်လှပါ။

ကိုယ်ဝါသနာပါရာအလုပ်ကို လုပ်ရလျှင်လည်း ကျွန်တော့်အဖို့ ကျော်ကြားတာထက်ကို သာလွန်နေပါပြီ။

ဒီသဘောနှင့် 'Without You' ဆိုတဲ့ အမည်လေးပေးကာ ဓါတ်ပုံ စတူဒီယိုလေးတစ်ခုကို ဖွင့်လှစ်ဖြစ်ခဲ့တာ ဖြစ်ပါသည်။

'Without You' ဆိုတဲ့ အမည်လေးကို တွေးမိလျှင် '**ဖွေးဖွေးဖြူ**' ဆိုသော 'ဖွေး' နဲ့တွေ့ခဲ့ရတဲ့အဖြစ်လေးကို အမှတ်ရစေပါသည်။

ဒီတုံးက ရန်ကုန်မြို့လယ်ခေါင်ရှိ ဂုံးတံတားတစ်ခုပေါ်မှနေ ကာ လှုပ်ရှားမှုဓါတ်ပုံတွေကို ကျွန်တော် လျှောက်ရိုက်နေချိန် ဓါတ်ပုံမြင်ကွင်းထဲသို့ ဝင်လာသည်က ဖွေးရဲ့လှပသော ပုံရိပ်ကလေးပါ

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူဖွေးဖွေး သွယ်သွယ်နွဲ့နွဲ့ဖြင့် 'ဖွေး' သည် ကျွန်တော်ရဲ့ စက္ကူအာရုံကို ဖမ်းစားနိုင်လွန်းသူပါ။

ပန်းနုနုရောင်ဝတ်စုံလေးဖြင့် သိမ်ကြီးဈေးရှေ့က ဖြတ်သွားသော 'ဖွေး' ရဲ့ လက်ထဲတွင် ပိုက်ဆံအိတ်အဖြူရောင် လှလှလေးကို ကိုင်ထားပါသည်။

"ဟောဗျာ"

ကျွန်တော်ကြည့်နေဆဲ 'ဖွေး' အပါးကို လူတစ်ယောက်ကပ်လာကာ 'ဖွေး' လက်ထဲက ပိုက်ဆံအိတ်လေးကိုလုပြီး ပြေးပါတော့သည်။

"လာကြပါအုံး... ကျွန်မရဲ့ ပိုက်ဆံအိတ် လုပြေးလို့"

'ဖွေး' က အနီးအပါးက လူတွေကို အကူအညီတောင်းနေချိန် ကျွန်တော့်ကင်မရာက ထွက်ပြေးသွားတဲ့လူနောက်ကို ချိန်ပြီး လိုက်ရိုက်မိသား ဖြစ်သွားခဲ့ပါသည်။

ထိုလူကံဆိုးချင်တာလား။ ကျွန်တော် ကံကောင်းချင်တာလားမသိပါ။ ထိုလူ ထွက်ပြေးလာရာ လမ်းကြောင်းက ကျွန်တော်ရှိရာ ဂုံးပေါ်ကိုဆိုတော့ ကျွန်တော် ကင်မရာကို သိမ်းကာ ထိုလူလာရာ ခြေထိုးခံလိုက်သည်နှင့် လုပသော 'ဖွေး' ရဲ့ ပိုက်ဆံအိတ်လေးက ကျွန်တော့်ရဲ့ လက်ထဲကို အလိုလို ရောက်ရှိလို့ လာခဲ့ပါတော့သည်။

ခါးပိုက်နှိုက်ရဲ့ လက်နှစ်ဖက်ကို နောက်ပြန်လှန်ထားရင်း ကိုယ့်ကိုယ်ကို 'မဟာဇနက္ကမင်းသား' ကျောက်ဖြာထက် မှေးစက်နေစဉ် ဖုတ်သွင်းရထား ဆိုက်လာချိန်နှင့် အကိုက်ဖြစ်နေတဲ့ အဖြစ်ကို စဉ်စားမိကာ ပြုံးမိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း... ကျွန်တော့်အဖို့ကလည်း 'မဟာဇနက္ကမင်းသား' ကျောက်ဖြာထက်မှာ စက်တော်ခေါ်နေတာနဲ့ ဘာထူးလို့လဲ။

ကိုယ့်ဖာသာကိုယ် ခါတ်ပုံရိုက်ချင်လို့ တံတားပေါ်တက်နေတာကို ခါးပိုက်နှိုက်က ကိုယ့်ရှေ့မှာ လာအဖမ်းခံရကာ မကြာခင် ဖုတ်သွင်းရထားဆိုက်သလို မိန်းမလှလေးက သူ့ရှေ့ကို ရောက်လာပါအုံးမည်။

တယ်ဟုတ်တဲ့ ငါ။ 'မဟာဇနက္ကမင်းသား' ပါလားဟု တွေးကာ ခါးပိုက်နှိုက်ကိုအကြည့်...

"ကျွန်တော့်ကိုလွှတ်ပါ အစ်ကို... ကျွန်တော်မရှိလို့ လုပ်စားရတာပါ"

"မရှိရင် မင်း ဒီပြင်အလုပ် လုပ်ပေါ့ကွာ... ယောကျ်ားမဟုတ်ဘူးလား"

"ဟုတ်တယ်အစ်ကို... ဒါပေမယ့် ကျွန်တော့် မိန်းမကလည်း ကလေးမီးဖွားနေတာဆိုတော့ ကြံမိကြံရာ ကြံမိတာပါ"

နေရင်းထိုင်ရင်း ခါးပိုက်နှိုက် အပြောကောင်းကာ သူ ဖြစ်သွားပြန်တာကြောင့် သူ ငိုင်တွေအသွား ...

"ဟိတ်.... ဟာ"

သူ ငိုင်တွေသွားတာကို အခွင့်ကောင်းယူကာ ခါးပိုက်နှိုက်က ထွက်အပြေး ခုနက မိန်းမလှလေးနှင့် လူအုပ်ကြီး သူ့အပါးကို အပြေးအလွှား ရောက်လာကြပါတော့သည်။

"ခုနက လူကော"

"ဟိုမှာ ထွက်ပြေးသွားပြီ"

"ဒုက္ခပါပဲ... 'ဖွေး' ပိုက်ဆံအိတ်လေး ပါသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com


"ခင်း ပိုက်ဆံအိတ်က ဒါလေးလား"

ငိုခဲ့ခဲ့ မျက်နှာလေးရှေ့တွင် ပိုက်ဆံအိတ်လေးကို ထောင်အပြ ပြုံးသွားသော မျက်နှာလှလှလေးက ခါတ်ပုံရိုက်လျှင်ပင် သည်အပြုံးကို မှီနိုင်မည်မထင်ပါ။

သည်မျှ လှပကာ ချစ်စရာကောင်းလှပါသည်။ ကျွန်တော် ရန်ကုန်တွင် နေတာပင် အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ခဲ့ပါပြီ။ သူမလို မိန်းမလှလေးမျိုးကို ဘာလို့များ အခုမှ တွေ့ရတာပါလိမ့်။

အံ့ဩသလို သူမရဲ့မျက်နှာ ပန်းနုသွေးရောင်လေးကို ငေးနေမိဆဲ သူမဆီက ဝမ်းသာလှိုက်လှဲသော အသံလေး ထိုးထွက်၍လာခဲ့ပါသည်။

"ဝမ်းသာလိုက်သာ အစ်ကိုရယ်... အဲဒီ အိတ်သာပါသွားလို့ကတော့ 'ဖွေး' တို့ဘဝ ပျက်ပါပြီ"

"ဘဝပျက်ပြီ ဟုတ်လား"

ကောင်မလေး သူ့ ပိုက်ဆံအိတ်ကို ပြန်ရသွားပြီဆိုတော့လည်း အနားတွင် ဝိုင်းအုံနေသော လူအုပ်ကြီးက တစတစ ရှဲသွားကြပါပြီ။

ကျွန်တော်နဲ့သူ တံတားပေါ်မှ အောက်ဘက်ကို ပြန်ဆင်းလာခဲ့ကြပါသည်။

လျှောက်ရင်းမှလည်း ကျွန်တော် သူမ မျက်နှာကို လှမ်းကြည့်လိုက်မိပါသည်။

ဘဝပျက်ရလောက်အောင်လည်း သူမအခြေအနေက ဆင်းဆင်းရဲရဲ ပုံစံမျိုး မဟုတ်ပါ။

တစ်လုံးထဲ စိန်နားကပ်၊ တစ်လုံးထဲ စိန်လော်ကတ်နှင့် ပြီး


www.burmeseclassic.com

www.burmeseclassic.com



တော့ လက်စွပ်ကလည်း စိန်တွေဆိုတာ ကျွန်တော် ကြည့်လိုက်တာနဲ့တင် သိလိုက်ပြီးပါပြီ။

ဒါကို သူမက ဘဝပျက်တယ်လို့ ဘာလို့ပြောရတာပါလိမ့်။

" 'ဖွေး' အစ်ကို့ကို ကျေးပါရစေ… အစ်ကို့"

တံတားအောက်ခြေအရောက် သူမက ပြောတာကြောင့် ကျွန်တော်ခေါင်းညိတ်လိုက်မိပါသည်။

ကျွန်တော်လည်း ခုနက လှူစွမ်းကောင်းလုပ်ခဲ့ရတာဆိုတော့ ဗိုက်လည်း အနည်းငယ် ဟာနေပါပြီ။

အသင့်တွေ့ရသော လက်ဘက်ရည်ဆိုင်တစ်ဆိုင်တွင်းကို ဝင်အထိုင် သူမက သူမကိုယ် သူမ မိတ်ဆက်လာပါသည်။

" 'ဖွေး' နာမည်က 'ဖွေးဖွေးဖြူ' ပါ အစ်ကို… အစ်ကို့နာမည်ကကော"

" 'ဒေး' တဲ့… 'ကျော်ဒေးယျ' "

" 'ကိုဒေး' ကို 'ဖွေး' ကျေးရှူးအရမ်းတင်ပါတယ်ရှင်… ဒီအိတ်လေးထဲမှာ ဘာတွေ ပါမယ်လို့ 'ကိုဒေး' ထင်လဲ"

ကျွန်တော်ခေါင်းခါပြလိုက်ပါသည်။ ကျွန်တော် အစထဲက စိတ်ဝင်စားခဲ့တာ အိတ်ကလေးကိုမှ မဟုတ်တာ။ 'ဖွေး' ဆိုတဲ့ 'ဖွေးဖွေးဖြူ' ကိုပဲ။

'ဖွေးဖွေးဖြူ' ကို စိတ်ဝင်စားရင်းနဲ့မှ ဒီအိတ်ကလေး သူခြေသွားတဲ့ အဖြစ်ကို မြင်လိုက်ရတာ။

ကျွန်တော် လက်ဘက်ရည်ကို ငုံ့အသောက် 'ဖွေး' က သူ့မျှင်းကြားမှာစိုးသလို တိုးတိုးပြောပါသည်။

"ဒီအိတ်လေးထဲမှာ စိန်တဆင်စာပါတယ် 'ကိုဒေး'… တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် သိန်းနှစ်ရာ အထက်မှာရှိတယ်"

"ဟာ... အဲဒါဆို ခင်ဗျား ဘာလို့ ဒီအတိုင်းချည်း ကိုင်လာရတာလဲ"

"သူများတွေလည်း ဒီအတိုင်း သွားနေကြတာပါပဲ အစ်ကိုရယ်... ဒီလူက အတွင်းသိမို့လို့သာ ဒီအိတ်ကို အတင်းလုသွားခဲ့တာပေါ့"

ကျွန်တော် တွေးရင်း ခါးပိုက်နှိုက်ပုံစံကို ပြန်စဉ်းသားနေမိပါသည်။

တကယ်တမ်း ခါးပိုက်နှိုက်အစစ်ဆို ဒီလို လွယ်လွယ်ကူကူ ဖမ်းမိနိုင်မယ့် တံတားပေါ်ကို ဘယ် ပြေးတက်လာပါ့မလဲ။

လူရှုပ်တဲ့နေရာကို ပြေးသွားပြီး ကိုယ်ယောင်ဖျောက်လိုက်ရင် ပြီးနေတဲ့ဥစ္စာ။

"ဒါနဲ့ 'ဖွေး' ဟုတ်လား... 'ဖွေး' က ဘယ်သွားပြီး ဘာလုပ်မှာလဲ"

"အိမ်ပြန်မှာ အစ်ကို... ဒီပစ္စည်းတွေကို အသိစိန်ဆိုင်မှာ ဈေးလာဖြတ်တာပါ"

"ဘယ်ကို ပြန်ရမှာလဲ"

"အလုံဘက်ကိုပါ"

"ကားပါလား"

"'ဖွေး' ရဲ့ကားက ဝပ်ရှော့မှာမို့လို့ 'ဖွေး' တက္ကစီနဲ့ပဲ လာခဲ့တာပါ"

"ဒါဆိုလည်း ကျွန်တော်နဲ့လိုက်ခဲ့လေ... ကျွန်တော်က စမ်းချောင်းဘက်မှာ နေတာ"



www.burmeseclassic.com

www.burmeseclassic.com


လမ်းသင့်နေတာဆိုတော့လည်း သူမက မငြင်းပါ။
သည်လိုနှင့် ကျွန်တော်နဲ့ 'ဖွေး' ခင်မင်ရင်းနှီးခဲ့ကြပါသည်။


www.burmeseclassic.com

www.burmeseclassic.com



## ၂

အလုံလမ်းအတွင်းရှိ 'ဖွေး' တို့၏ တိုက်နီနီကြီးက ရှေးခေတ်က တိုက်ကြီးမှန်း သိသာအောင် ဟောင်းနွမ်းအိုမင်းနေကာ တိုက်ထဲက ထွက်လာသော အဖွားကြီးနှစ်ယောက်ကလည်း ရှေးခေတ်က လက်ကျန်အဖွားကြီးနှစ်ယောက်ပုံစံပါ။

'ဖွေး' က ကျေးဇူးတင်ကြောင်း ပြောချင်၍ အိမ်ထဲခေါ်လာတဲ့ ကျွန်တော့်ကို ပြူးပြဲကြည့်နေကြတာ သူရဲသဘက်ကို တွေ့လိုက်ရတဲ့အလားပါ။

ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ ဓါတ်ပုံရိုက်နေရတာကြောင့် ဦးထုပ်ကို နောက်ပြန်ဆောင်းထားကာ တီရှပ်လက်တိုပေါ် ဂျင်းရှပ်အင်္ကျီအပြာရောင် လက်ရှည်ကို ထပ်ဝတ်ထားကာ ဘောင်းဘီက စကောစကာ ဘောင်းဘီ အနက်ရောင် ဝတ်ထားပြီး ဝေါကင်းရှူးအဖြူ စီးထားခဲ့ပါသည်။

လမ်းမှလိုက်လာတာကြောင့် ဂျင်းရှပ်အင်္ကျီကို ချွတ်ကာ



www.burmeseclassic.com

www.burmeseclassic.com


လက်နှစ်ဖက်ကို ခါးမှာပါတ်ချီထားတာကြောင့် အဖွားကြီးတွေ မျက်စေ့ထဲ စပါးမွေး စူးနေမှာ အမှန်ပါပဲ။

"'ဖွားချို' နဲ့ 'ဖွားညို' ကို မိတ်ဆက်ပေးမလို့ခေါ်လာတာ... သူက 'ကျော်ဒေးယျ' တဲ့... 'ဖွေး' ပိုက်ဆံအိတ်လေး အလုခံရလို့ 'ကိုဒေး' က ဝင်လုပေးတာ"

"ဟင်... ပိုက်ဆံအိတ် အလုခံရတယ် ဟုတ်လား... ပါသွားပြီလား... အားလုံးပါသွားပြီလား"

ပထမ စကားတွေကို စိတ်မဝင်စားသလို နားထောင်နေပြီးခုမှ အဖွားကြီးနှစ်ယောက် အသက်ဝင်လာသလို လှုပ်လှုပ်ရှားရှားဖြစ်လာကြကာ မြေးဖြစ်သူကို ပျာယီးပျာယာ မေးနေကြပါသည်။

"မပါ ပါဘူး ဖွားရဲ့... ဒီမှာပါ"

"အမယ်လေး"

နှစ်ယောက်လုံး ရင်ပတ်ဖိကာ အိတ်လေးထဲက ပစ္စည်းတွေကို ကျွန်တော့်ရှေ့မှာပင် ထုတ်ကြည့်နေကြပါသည်။

အိမ်မှာလည်း မြင်ဖူးနေကြမို့ ကျွန်တော်အဖို့ မဆန်းပေမယ့် တခြားတစိမ်းတစ်ယောက်ယောက်သာဆို သူမတို့ ပုံစံကမလွယ်။

ကျွန်တော်တွေးသလို သူမတို့ နောက်ကျမှ လိုက်တွေးပြီးမှ ပစ္စည်းထုပ်ကို ဖွက်ကာ ကျွန်တော့်ကို ပြုံးတုံးပြုံးတဲ့နှင့် မေးကြပါတော့သည်။

"မင်းက ဘယ်သူလဲ... ဘယ်မှာနေတာလဲ... ဘာလုပ်တာလဲ"

သူတို့ရဲ့ မေးခွန်းတွေကို နားထောင်ကာ ကျွန်တော် ရယ်ချင်လာရပါသည်။ ဒီလောက် များပြားတဲ့ မေးခွန်းတွေကို ကျွန်တော် ဘယ်က အရင် စဖြေရမှာပါလိမ့်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ အခက်အခဲကို 'ဖွေး' က ဝင်ဖြေရှင်းပေးပါသည်။

" 'ကိုဒေး' က လူကောင်းတစ်ယောက်ပါ ဖွားရယ်... ဒီလို လူကောင်းမို့လို့သာ 'ဖွေး' ကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးတာပေါ့... မေမေကောဟင်"

'ဖွေး' မေးနေဆဲ အိမ်ထဲမှ အသက်ငါးဆယ်ကျော်ခန့် အသားဖြူဖြူ ဝဝဖိုင့်ဖိုင့်ဖြင့် ဘီးဆံတုံးကြီးကို ခေါင်းထိပ်မှာ ခန့်ခန့်ငြားငြား ထုံးထားသော မိန်းမကြီးတစ်ယောက် ယဉ်ကျေးသိမ်မွေ့စွာ ထွက်လာပါသည်။

အဖြူရောင် ရင်ဖုံးအင်္ကျီလက်ရှည်တွင် လုံချည်အထက်ဆင်စက ဗိုက်ပေါ်ရောက်အောင် ရှည်လျားလှပါသည်။

သူမသည်လည်း ရှေးခေတ်က လက်ကျန်အမျိုးသမီးကြီး တစ်ဦးပါပဲ။

ကျွန်တော် အကဲခတ်နေမှန်းသိ၍ အဖွားကြီးက သူ့သမီးကို လှမ်းမေးပါသည်။

" 'ဖွေး' သမီးလေး... သူက ဘယ်သူလဲကွဲ့"

'ဖွေး' က သူ့အမေနားသွားကာ ရှင်းပြနေစဉ် အဖွားကြီးက မျက်လုံးကိုပြူးပြီး ရင်ပတ်ဖိထားပါသည်။

"အမယ်လေး... ပါသွားလို့ကတော့ ကုန်ပါပြီကွယ်... ကျေးဇူးကြီးလှပါတယ် မောင်ရင်ရယ်... ဒေါ်ဒေါ်တို့မှာလဲ ရှာမယ့် ဖွေမယ့်လူက မရှိတော့ စိန်ထုပ်ကို ဖြည်ဖြည်ပြီး ရောင်းစားနေရတာ ကလားကွယ်... 'ဖွေး' ရဲ့ဖေဖေ အန်တီ့ အမျိုးသားကွယ်လွန်သွားထဲက ရွှေတောင်ကြီး ပြိုကျသွားခဲ့ရတာဆိုတော့ ဒီအိမ်ကြီးကို ဦး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်မယှဉ်သူလည်း မရှိတော့ပါဘူး... ဒီတော့ သမီးလေး 'ဖွေး
ကိုပဲ အစစအရာရာ ယောကျ်ားလေးတစ်ယောက်လို အားကိုးပြီး
ခိုင်းနေရတာ... သူတို့တွေက ဒေါ်ဒေါ်ရဲ့ အဒေါ်အပျိုကြီးနှစ်
ယောက်လေ"

ခုချိန်ထိ မယုံသင်္ကာသလို မျက်လုံးမျိုးဖြင့် ငေးစိုက်ကြည့်
နေကြသော အဖွားကြီးနှစ်ယောက်ကို ကျွန်တော် ပြုံးပြလိုက်မိပါ
သည်။

နှစ်ယောက်လုံးက ကျွန်တော့်ကို လုံးဝပြန် မပြုံးပြကြပါ။

'ဖွေး' ကသာ အားနာပါနာ ပုံစံလေးဖြင့် ...

" 'ဖွားချို' နဲ့ 'ဖွားညို' က ရွာအဖွားကြီးတွေလေ 'ကိုဒေး
ရဲ့ ... ယောကျ်ားလေးဆို ရုပ်အကျိုးနဲ့ ပုဆိုးနဲ့ပဲ သူတို့ မြင်ဖူးကြ
တာ... 'ကိုဒေး' ကိုတော့ သူတို့ ထူးဆန်းနေမှာပေါ့"

ထူးဆန်းရုံတင်မက စိတ်ထဲမှာ မျောက်တစ်ကောင်လို့ပင်
ထင်မှတ်နေပြီလား မသိပါ။ ပြန်သင့်ပြီမို့ နေရာမှထကာ 'ဖွေး
မေမေကို နှုတ်ဆက်လိုက်မိပါသည်။

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါအုံး ဒေါ်ဒေါ်"

"အေးကွယ်... ကျေးဇူးတင်ပါတယ်... နောက်လည်း လာ
လည်ပါအုံးကလေးရယ်... ဒါနဲ့ ကလေးနာမည်က ဘယ်သူလဲ"

" 'ကျော်ဒေးယျ' ပါ ကြီးကြီး"

"အေး... အေး... ကြီးကြီး မှတ်ထားပါ့မယ်ကွယ်... 'ဖွေး
လေး' သမီး လိုက်ပို့ပေးလိုက်အုံးလေ"

'ဖွေး' က ခေါင်းညိတ်ကာ ကျွန်တော့်ကို ကားနားအထိ လိုက်
ပို့ပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါတိတ်ပန်းနုရောင် စောင်းအဆင်းလေးကို ဝမ်းဆက်ဝတ်ထားတဲ့ 'ဖွေး' သည် နာမည်နဲ့လိုက်အောင်ပင် ဖွေးသန့်ကာ ကြည်လင်နေပါသည်။

နောက်ထပ်တွေ့ချင်စိတ်ကို ချုပ်ထိန်းခွင့်မရတာမို့ 'ဖွေး' ကို မေးလိုက်မိပါသည်။

" 'ဖွေး' ကို ကျွန်တော်နောက်ထပ် တွေ့ချင်ရင် ဘယ်လိုလုပ်ရမလဲ"

"အိမ်ကို လာလည်လို့ရသားပဲ 'ကိုဒေး' ကလဲ"

" 'ဖွေး' ရဲ့ 'ဖွားချို' တို့ 'ဖွားညို' တို့နဲ့ လွယ်မယ် မထင်ပါဘူး"

"ဒါဆို ယဉ်ကျေးမှုတက္ကသိုလ်ကိုလာလေ… 'ဖွေး' အဲဒီမှာ မြန်မာစာ နည်းပြလုပ်နေတယ်"

"ဟာ… ဝမ်းသာလိုက်တာ 'ဖွေး' ရယ်"

သည်လိုဆိုတော့လည်း ကျွန်တော့်အတွက် 'ဖွေး' နဲ့ နီးရဘို့ မဝေးတော့ပြီ။

'ဖွေး' ကျောင်းအားလပ်ချိန်များဆို ကျွန်တော့်ဓါတ်ပုံအတွက် မော်ဒယ်ဂဲ(လ်) အဖြစ် 'ဖွေး' က သရုပ်ဆောင်ပေးတတ်ပါသည်။

ခုဆို ကျွန်တော်လိုချင်တဲ့ အနေအထားဖြင့် 'ဖွေး' ဓါတ်ပုံတွေ ကျွန်တော့်မှာ များစွာရှိနေပါပြီ။

ကျွန်တော့် ရည်ရွယ်ချက်က ကျွန်တော်ရိုက်ခဲ့တဲ့ ဓါတ်ပုံတွေများစွာဖြင့် ဓါတ်ပုံပြပွဲ ပြုလုပ်ချင်ပေမယ့် 'ဖွေး'မိခင်ကြီးကသိုးဝသဘောမတူပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး သမီးလေးက မောင်ရင့်ကို ကျေးဇူးတင်လို့ ခါတိုင်း အရိုက်ခံတာ လူတကာကိုပြချင်လို့ အရိုက်ခံတာမှ မဟုတ်တာ"

"ဟုတ်တယ်... ငါတို့မြေးလေးက လူတကာကြည့်ဖို့ မွေး ထားတာမဟုတ်ဘူး... အဲဒီလိုဆို ငါတို့မြေးလေးပုံတွေ ပြန်ပေး"

'ဖွားချို' နဲ့ 'ဖွားညို' တပါ ပြင်းပြင်းထန်ထန် ကန့်ကွက်လာ ပြီဆိုတော့လည်း ပြန်ပေးလိုက်ရုံကလွဲ၍ ကျွန်တော်ဘာမှ မလုပ် ဖြစ်တော့ပါ။ ဒါပေမယ့် ဝါသနာအရ ခါတ်ပုံဆိုင်လေးတစ်ဆိုင် တော့ ဖွင့်ဖြစ်အောင် ဖွင့်လိုက်ပါသည်။

'ဖွေး' မရှိရင် မဖြစ်တာမို့ 'Without You' ဟု အမည်ပေး လိုက်တော့ 'ဖွေး' က ကျေနပ်စွာ ပြုံးနေပါသည်။

တကယ်ပါ ကျွန်တော့်ဘဝက 'ဖွေး' မရှိရင် မဖြစ်ပါ။

မနက်မိုးလင်း 'ဖွေး' ကို ကျောင်းလိုက်ပို့ပေးရတာ အလုပ် တစ်ခုဖြစ်သလို ကျောင်းမှပြန်လျှင်လည်း ကြိုပေးရတာ အလုပ် တစ်ခုပါပဲ။

'ဖွေး' က သူမောင်းနေကြ မာစီဒီးအမဲကြီးနဲ့ သွားချင်ပေ မယ့် ကျွန်တော်က အတင်းကာရော လိုက်ပို့ပေးနေ၍ 'ဖွားချို' ရော 'ဖွားညို' ပါ ကျွန်တော့်ကို မျက်စောင်းခဲနေကြပါသည်။

သူတို့ မြေးမလေးကို သူတို့ သဘောတူထားသော ဆွေကြီး မျိုးကြီးထဲက လူတစ်ယောက်နဲ့ပဲ ကြည်ဖြူစေချင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၃

"အဲဒီလူက 'အုပ်စိုးခ' လို့ခေါ်တယ် 'ကိုဒေး' ရဲ့… 'ဖွေး'နဲ့ ဟိုး ငယ်ငယ်လေးထဲက လူကြီးခြင်း သဘောတူထားခဲ့ ကြတာ"

"အခု အဲဒီလူ ဘယ်မှာလဲ"

"ကိုကိုက ဂျပန်မှာ စာသွားသင်နေတာ… ဒီနှစ်ကုန်လောက် ဆို ပြန်ရောက်လာမယ်လို့ ပြောတာပဲ"

ကျွန်တော် 'ဖွေး' မျက်နှာကို ကြည့်ကာ သက်ပြင်းချလိုက်မိပါသည်။

"လူကြီးချင်း သဘောတူထားတာကို လူငယ်တွေကလည်း လိုက်နာရတာပဲလား"

"သူတို့ လူကြီးချင်းက ကျေးဇူးခံ ကျေးဇူးစားတွေဆိုတော့ 'ဖွေး'တို့က မလိုက်နာလို့ကို မရဘူးလေ 'ကိုဒေး' ရဲ့… 'ဖွေး' မေမေ



www.burmeseclassic.com

www.burmeseclassic.com


တုံးကလည်း ဒီလိုပဲ လူကြီးတွေ စီစဉ်တာကို နားထောင်ခဲ့ရတာ

ကျွန်တော် 'ဖွေး' ကို ဘာမှမပြောချင်တော့ပါ။ ကျွန်တေ ချစ်ခဲ့တဲ့ မိန်းကလေးကိုက ရှေးရိုးအစဉ်အလာ မပျက်တဲ့ မိသား ထဲက မွေးဖွားကြီးပြင်းလာခဲ့တာဆိုတော့ ကျွန်တော်ပြောလို့လည ဘာမှ ထူးလာမယ်မထင်ပါ။

'ဖွေး' ပြောသလိုပင် ဖေဖေါ်ဝါရီလတွင် 'ဖွေး' ရဲ့ 'အုပ်စိုး ဆိုတဲ့လူ ပြန်ရောက်လာခဲ့ပါသည်။

သူတို့ သဘောတူတဲ့သူ ပြန်လာမယ်ဆိုတော့ 'ဖွေး' တို့ တ ခြံလုံး ပြင်ဆင်ချယ်သထားလိုက်တာ ကျွန်တော်ပင် မမှတ်မိ လောက်အောင် ခြံကြီးက လှပသားနားသွားခဲ့ရပါသည်။

ယခင် ဟောင်းနွမ်းအိုးမင်းနေတဲ့ အုတ်တိုက်ကြီးကို အ ရောင်နုနုဆေးချယ်လိုက်ကာ အရောင်မှဲ့နေသော မှန်ချပ်ဝါ ညစ်တွေအစာ အညိုရောင် မှန်ချပ်တွေ အစားထိုးကာ လဲလ လိုက်ပါသည်။

တိုက်ကြီး၏ ပုံစံပြောင်းသွားသလို အတွင်းပိုင်းကိုလည်း ဖာအသစ်တွေဖြင့် မွမ်းမံထားကာ 'ဖွေး' စီးနေသော မာစီးဒီးက ကြီးကိုလည်း ရောင်းပစ်ကာ အဖြူရောင် ဆန်နီစူပါဆလွန်း ဖြင့် လဲပစ်လိုက်ပါသည်။

ပြင်ပသဏ္ဍာန်တွေက ခေတ်မီအောင် ပြောင်းလဲခဲ့ပေမယ့် သူ တို့ရဲ့ အရင်းခံ မူလစိတ်ကိုတော့ မပြောင်းလဲခဲ့ကြပါ။

'ဖွေး' နဲ့ လက်ထပ်ရမယ့်သူက 'အုပ်စိုးခ' ပဲဖြစ်ကာ သူ သဘောတူသူကလည်း 'အုပ်စိုးခ' ပဲဆိုတော့ ကျွန်တော့်အဖို့ သက်မသာနဲ့ ဘေးဖယ်ကာ နေရုံကလွဲ၍ အခြားနည်းလမ်း ဘ


www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ပါ။

'အုပ်စိုးခ' ဂျပန်မှ ပြန်ရောက်လာသောနေ့တွင် 'ဖွေး' တို့ မိသားစုအားလုံး သွားကြိုကြပါသည်။

ကျွန်တော်ကတော့ အပေါ်ထပ်ရှိ စားသောက်ဆိုင်မှ အအေးမှာသောက်ရင်း 'ဖွေး' ကို ငေးကြည့်နေမိပါသည်။

အဖြူရောင် ဇာဝတ်စုံလေးဖြင့် 'ဖွေး' သည် လေယာဉ်ကွင်းတစ်ကွင်းလုံးကို သူမရဲ့အလှဖြင့် လွှမ်းမိုးထားနိုင်ခဲ့ပါသည်။

'အုပ်စိုးခ' ဆိုတဲ့ 'ဖွေး' နဲ့ ပေးစားမယ့်လူကလည်း လူချောလူသန့်တစ်ဦးပါ။

နိုင်ငံခြားက ပြန်လာတာဆိုပေမယ့် အနောက်တိုင်းဝတ်စုံနဲ့ ပြန်လာတာမျိုး မဟုတ်ဘဲ မြန်မာဝတ်စုံဖြင့် ပြန်လာတာဆိုတော့ 'ဖွားချို' နဲ့ 'ဖွားညို' မျက်နှာက ပြုံးပန်းတွေဝေကာ စကားသံတွေလည်း ညံနေခဲ့ပါသည်။

သည် မြင်ကွင်းတွေကို အဝေးက ငေးကြည့်နေမိတဲ့ ကျွန်တော့်အတွက် 'ဖွေး' ကို ထာဝရလက်လွှတ်ဆုံးရှုံးလိုက်ရပြီဆိုတာ အလိုလိုနေရင်းကို နားလည်နေမိပါတော့သည်။

'အုပ်စိုးခ' ကို သူ့မိသားစု လာကြိုတဲ့ကားတွေက ရွှေရောင်နဲ့ငွေရောင် မာစီးဒီးကားတွေဖြစ်ကာ 'ဖွေး' ပါ သူတို့ကားတွေနဲ့ အတူ ရောပါသွားတာကို ငေးကြည့်ရင်း ကျွန်တော့်ရင်ထဲ ထိခိုက်ကြေကွဲစွာ ခံစားရပါသည်။

တကယ်လို့ ကျွန်တော်သာ 'ဖွေး' ကို မချစ်ခဲ့မိလျှင် ဒီလိုခံစားရမှာလား။

လာမယ့် ဧပြီလတွင် 'ဖွေး' တို့ လက်ထပ်ကြမည်တဲ့ 'ဖွေး'



www.burmeseclassic.com

www.burmeseclassic.com



ဆီက သတင်းကြားရပါသည်။

ဒီစကားတွေကို ပြောနေစဉ်တုံးက 'ဖွေး' အသံက တိုးလျနေပါသည်။ ကျွန်တော့်ကို အားနာနေပုံပင် ...

ကျွန်တော် 'ဖွေး' ကိုကြည့်ကာ ပြုံးလိုက်မိပါသည်။ ကျွန်တော့် အဖြစ်က မပိုင်သူကိုမှ ချစ်မိသည့်အဖြစ်ပေပဲ။ ကျွန်တော်နဲ့ 'ဖွေး' နဲ့ စတွေ့စဉ်ထဲက 'ဖွေး' မှာ ပိုင်ဆိုင်ရမယ့်သူ ရှိပြီးသားပဲလေ။

'အုပ်စိုးခ' ပြန်ရောက်ပြီး တစ်ပတ်မကြာခင် အချိန်တွင် 'ဖွေး' နဲ့ 'အုပ်စိုးခ' တို့ စေ့စပ်လိုက်ကြပါသည်။

မစေ့စပ်ခင်က ကျွန်တော့်ရင်ထဲ သိပ်မခံစားရပေမယ့် စေ့စပ်ပြီးနောက်မှာတော့ 'ဖွေး' ကို လက်လွှတ်ဆုံးရှုံးရမယ့်အဖြစ်ကို ကျွန်တော် သည်းမခံချင်ပါ။

တကယ်ဆို 'အုပ်စိုးခ' ဆိုတဲ့လူ ရောက်မလာခင်တုန်းက 'ဖွေး' က ကျွန်တော့်ရဲ့ ချစ်သူပါ။ 'ဖွေး' အပေါ်တွင် အမြဲလိုက်ပါပြီး စောင့်ရှောက်ခွင့်ရခဲ့တဲ့သူက ကျွန်တော်ပါ။

ခု 'အုပ်စိုးခ' ရောက်လာကာမှ ဖြုံးကနဲလို 'ဖွေး' အပေါ်က ဖယ်ပေးရတယ်ဆိုတာ ကျွန်တော့်မျက်စေ့ထဲကို သဲနဲ့ အပက်ခံရသလို စူးရှနာကျင်စွာ ခံစားရစေပါသည်။

ဒါကြောင့် 'ဖွေး' စေ့စပ်တဲ့ညက 'ဖွေး' အိမ်ရှေ့ကိုသွားကာ 'ဖွေး' ကြားအောင် အော်လိုက်မိပါသည်။

" 'ဖွေး' သိပ်ကို ရက်စက်တာပဲ... တကယ်ဆို 'ဖွေး' ကို အရင်ဦးအောင် ချစ်ခဲ့တဲ့သူက ကျွန်တော်ပါ"

ထိုညက စိတ်ညစ်ညစ်နှင့် ကျွန်တော် ဘီယာတွေ သောက်



www.burmeseclassic.com

www.burmeseclassic.com


လာခဲ့သည်။ ဘီယာသောက်ထားတဲ့ အရှိန်ဖြင့် ကျွန်တော် အော်မိ အော်ရာ အော်နေမိတာလည်း ဖြစ်ပါသည်။

" 'ဖွေး' မချစ်ဘူးဆိုရင် ကျွန်တော့်ကို ဘာလို့တွဲခဲ့သေးလဲ... ကျွန်တော်နဲ့အတူ ဘာလို့လျှောက်လိုက်ခဲ့သေးလဲ"

ကျွန်တော်အသံကြောင့် 'ဖွေး' ခြံတံခါးဝကို အပြေးအလွှား ရောက်လာခဲ့ပါသည်။

" 'ကိုဒေး' "

'ဖွေး' မျက်ဝန်းတွင် မျက်ရည်ကြည်များ ဝေ့ဝဲနေပါသည်။

" 'ဖွေး' 'ကိုဒေး' ခံစားနေရတာတွေကို နားလည်ပါတယ်... ဒါပေမယ့် 'ဖွေး' လည်း ဘာတတ်နိုင်မှာလဲ 'ကိုဒေး' ရယ်"

" 'ဖွေး' တတ်နိုင်ပါတယ်... 'ဖွေး' ကိုယ့်ကို ချစ်ရင် ကိုယ့် နောက်လိုက်ခဲ့ပေါ့"

ကျွန်တော် မိုက်မဲစွာ 'ဖွေး' လက်ကိုအဆွဲ အိမ်ထဲမှ 'ဖွေး' မိခင်နှင့် 'ဖွေး' ရဲ့ ဖွားအေတွေ ထွက်လာခဲ့ကြပါသည်။

"မင်း မိုက်ရိုင်းလှချည်လားကွယ်... သူများအိမ်ရှေ့ အော်ကြီး ဟစ်ကျယ်လည်း လာလုပ်နေသေးတယ်... လူကိုလည်း စော်ကား ချင်သေးတယ်"

"ကျွန်တော် 'ဖွေး' ကို ချစ်လို့ပါ ကြီးကြီးရယ်"

ကျွန်တော့်အကျီရင်ပတ်ကို ဖွင့်ပြလိုက်ရင်း ...

"ခု ကျွန်တော့်မှာ အသည်းနှလုံး မရှိတော့ဘူး... အဲဒီ အသည်း နှလုံး ကို 'ဖွေး' ယူသွားပြီ... 'ဖွေး' ကိုယ့်ကို ပြန်ချစ်ပါ 'ဖွေး' ရယ်"

ပြောရင်း ကျွန်တော် အော်အငို 'ဖွေး' မိခင်ကြီးက ရှင်းပတ် ထုကာ ပြောပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"ရှက်စရာကောင်းလိုက်တာ သမီးရယ်... ဘာလို့များ ဒီလို ကောင်မျိုးနဲ့ ပတ်သက်ခဲ့ရတာလဲ... တကယ်လို့ 'အုပ်စိုး' တို့ဘက် ကများ သိသွားရင် ဘယ်နှယ့်လုပ်ကြမလဲ ဟင်"

"ဟုတ်ပါတယ် 'ကိုဒေး' ရယ်... 'ဖွေး' ကိုချစ်ရင် ပြန်ပါတော့ နော်... လူကြီးတွေ စီစဉ်တာကို 'ဖွေး' လည်း လက်မခံလို့ မဖြစ် လို့ပါ... 'ဖွေး' တောင်းပန်ပါတယ်"

" 'ကိုဒေး' 'ဖွေး' ကိုချစ်တယ်... အရမ်းချစ်တယ်"

" 'ဖွေး' ယုံပါတယ်... ဒါပေမယ့် 'ဖွေး' က 'အုပ်စိုး' နဲ့ စေ့ စပ်ပြီးခဲ့ပြီးပြီလေ... 'ကိုဒေး' နဲ့ ဘယ်လိုလုပ်ပြန်တွဲလို့ဖြစ်တော့မှာ လဲ... 'ကိုဒေး' အိမ်ပြန်အိပ်လိုက်တော့နော်"

'ဖွေး' က ကျွန်တော့်ကို ချော့မော့ကာ ကျွန်တော့်ကားထဲကို ပြန်ပို့ပေးပါသည်။

"ကိုယ် မပြန်ချင်သေးဘူး 'ဖွေး'... ကိုယ် ဒီမှာပဲ နေချင်သေး တယ်"

ကျွန်တော်အငြင်း 'ဖွေး'က ကားတံခါးကို ပိတ်ကာ ကျွန် တော့်ကို နှစ်သိမ့်ဖို့ ကြိုးစားခဲ့ပါသည်။

"ဒီမှာနေလို့ 'ဖွားချို' တို့ 'ဖွားညို' တို့က ကျေမှ မကျေနပ် တာ 'ကိုဒေး' ရယ်... ရဲတိုင်ရင် ဘယ်လိုလုပ်မလဲ"

"ကိုယ် အဖမ်းခံမယ်... အချစ်အတွက် ကိုယ် စွန့်စားမယ်"

" 'ဖွေး' အတွက်နဲ့ 'ကိုဒေး' အဖမ်းခံရမယ်ဆိုတာကိုလည်း 'ဖွေး' မကြည့်ရက်ပါဘူး... 'ဖွေး' ကိုချစ်ရင်... သနားရင် ပြန်ပါ တော့ 'ကိုဒေး' ရယ်"

'ဖွေး' မျက်ဝန်းက မျက်ရည်တွေ ဖိတ်လျှံကျလာပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော့်အသည်းက မမာနိုင်တော့ပါ။

ကျွန်တော် 'ဖွေး' ကိုချစ်တာ စိတ်ချမ်းသာစေချင်လို့ပဲ။ ဒီလို စိတ်ညစ်ရမယ်သာဆို ကျွန်တော်ပဲ အရှုံးပေးကာ ပြန်ပါတော့မည်။

ကားကို မောင်းထွက်လာတဲ့ ကျွန်တော့်ရဲ့ ပါးပေါ် ပူနွေးသော မျက်ရည်တွေက အဆက်မပြတ် စီးကျနေပါသည်။

မိန်းကလေးတစ်ယောက်အတွက် ကျွန်တော် အဲဒီလောက်ကြီး ခံစားနေရတာကို ကျွန်တော် အံ့ဩမိပါသည်။

နောက်တစ်နေ့မနက် ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ကျွန်တော် ချောင်းသာကို ထွက်လာခဲ့မိတာဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


## ၄

ကားကို မိုင်ကုန်တင်မောင်းနေသော်လည်း 'ရဲရဲ' စိတ်က ကားဆီမှာ မရှိလေပါ။

ရက်စက်တဲ့ 'စိုးခ' ကိုပဲ တစစီမှုန့်ခြေပစ်ချင်နေမိပါသည်။

ဒါလား 'ရဲရဲ' ကိုချစ်ပါတယ်ဆိုတဲ့ အဖြေ။

'ရဲရဲ' မှာဖြင့် 'စိုးခ' ကို ချစ်ရလွန်း၍ လိုက်လျောခဲ့ရတာတွေက လူစင်စစ်က သက်မဲ့အရုပ်ဖြစ်မတတ်ပါ။

တကယ်ဆို 'ရဲရဲ' ဘဝမှာ ကိုယ်ဖြစ်ချင်တာ မှန်သမျှ မဖြစ်ခဲ့ဘူးဆိုတာ လုံးဝကို မရှိခဲ့ပါ။

အဒေါ်နဲ့နေတယ်ဆိုပေမယ့်လည်း 'ရဲရဲ' အတွက် လိုလေသေးမရှိအောင် ဒယ်ဒီက အဝေးကနေ ထောက်ပံ့ပေးနေခဲ့ပါသည်။

မိထွေးနဲ့ မနေချင်၍ အင်္ဂလန်မှာ လိုက်မနေခဲ့တာကလွဲလျှင် မြန်မာပြည်မှာလည်း 'ရဲရဲ' စိတ်တိုင်းကျ နေခွင့်ရနေခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



'ရဲရဲ' တို့နေတဲ့ ရွှေတောင်ကြားခြံကြီးကဆို 'စိုးခ' တို့နေတဲ့ ခြံကြီးနဲ့ ကပ်လျက်ရှိနေပါသည်။

'စိုးခ' တို့က အရင်နေကာ 'ရဲရဲ' တို့က နောက်မှ ပြောင်းလာခဲ့ကြတာ ဖြစ်လေသည်။

ဒါကလည်း 'စိုးခ' ကို အမြဲမြင်နေချင်၍ ဝင်ဒါမီယာထဲက တိုက်နဲ့ခြံကိုရောင်းကာ 'ရဲရဲ' အလိုကျ ဒယ်ဒီက ဝယ်ပေးခဲ့ရတာ ဖြစ်ပါသည်။

"ဝင်ဒါမီယာခြံကြီးက ရိုးနေပြီ ဒယ်ဒီ... ရွှေတောင်ကြားထဲမှာ 'ရဲရဲ' နေကြည့်ချင်သေးတယ်"

အင်္ဂလန်က မိန်းမနဲ့ပတ်သက်ကာ စက်ရုံအလုပ်ရုံတွေပင် ပိုင်နေပြီဖြစ်တဲ့ ဒယ်ဒီ့အတွက် 'ရဲရဲ' ပူဆာသမျှက အသေးအဖွဲပါ။

"အေးလေ... သမီး စိတ်ချမ်းသာမယ်ဆိုရင် သမီးသဘောလေ... ဒယ်ဒီ ငွေထုတ်ပေးလိုက်ရုံပဲ"

'ရဲရဲ' သဘောဆိုတာလည်း 'ရဲရဲ' စိတ်တိုင်းကျကို 'စိုးခ' တို့ခြံနဲ့ကပ်ရက် ဝယ်ပစ်လိုက်ပါသည်။

'စိုးခ' စိတ်ထဲ ဘယ်လိုနေမည် မသိပေမယ့် 'ရဲရဲ' ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ 'စိုးခ' အမေကြီးရဲ့ မျက်နှာက ပုတ်ပွကာ မနှစ်မြို့ မရှုစိမ့်တဲ့ သူမရဲ့ မျက်လုံးတွေက မီးဝင်းဝင်းတောက်သွားခဲ့ရပါသည်။

"ဒါ ညည်းအကြံ အကုန်ပဲလား"

" 'စိုးခ' ကို ချစ်လို့ပဲ"

'ရဲရဲ' ခပ်ရဲရဲပင် ပြန်ဖြေမိတော့ အဖွားကြီးရဲ့ ဒေါသငယ် ထိပ်ကပ်သွားပုံနှင့် 'ရဲရဲ' ကို စူးစူးဝါးဝါး အော်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တိတ်... အရှက်မရှိတဲ့မိန်းမ... ငါ့သား အိမ်နားလာနေသို့လည်း ငါ့သားကို တွေ့ရမယ်များ မှတ်နေလို့လား"

နောက်တစ်နေ့တွင် 'စိုးခ' အမေကြီးက 'ရဲရဲ' တို့ဖက်အခြမ်းမှ မြင်နေသော သူတို့တိုက်ဘက်အခြမ်းကို အုတ်တံတိုင်း အမြင့်ကြီး ကာပစ်လိုက်ပါသည်။

နဂိုထဲက 'စိုးခ' ကို အမြဲတွေ့ချင်နေ၍ ဒီတိုက်ကို ပြောင်းလာတာ မမြင်ရ မတွေ့ရလျှင်တော့ မဖြစ်နိုင်တာမို့ 'ရဲရဲ' သည် ဖက်က 'စိုးခ' အခန်းကို မြင်ရအောင် လင့်စင်လို အဆောင်မျိုး ဆောက်လိုက်ပါသည်။

ကဲ 'စိုးခ' အမေ ဘာတတ်နိုင်သေးသနည်း။

ညဖက်ဆို 'ရဲရဲ' မျှော်စင်ကကြည့်လျှင် 'စိုးခ' အခန်းကို တန်းနေအောင် မြင်ရပါတော့သည်။

'စိုးခ' ကလည်း 'စိုးခ' ပင် 'ရဲရဲ' ချစ်အောင် ကြိုက်အောင် တန်းတန်းစွဲအောင် ဘာလို့များ ဒီလောက် ဆွဲဆောင်အားကောင်းနေရပါသနည်း။

'စိုးခ' ကို 'ရဲရဲ' စတွေ့ခဲ့ရတာ ခုနှစ်တန်းနှစ်မှာပါ။

ထိုနှစ်က 'ရဲရဲ' အင်္ဂလန်မှ အပြီးပြန်လာကာ ရန်ကုန်မှာ ကျောင်းပြန်လာနေစဉ်က ဖြစ်ပါသည်။

ဒယ်ဒီ လက်ထပ်လိုက်ပြီဆိုထဲက 'ရဲရဲ' ဒယ်ဒီနဲ့အတူ မနေချင်တော့ပါ။

"ကိုယ့်ဖာသာကိုယ် နေလို့ရသားပဲ သမီးရယ်"

ဟု ဒယ်ဒီက နှစ်သိမ့်ပေမယ့်လည်း ကိုယ့်မိခင်နေရာမှာ ဒေါ်စားထိုး ဝင်ရောက်လာသူကို သူဘယ်လိုမှ မနှစ်သက် မကြည်ဖြ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။

ဒါကြောင့် ရန်ကုန်က ဒယ်ဒီ ညီမ 'အန်တီဇာခြည်' ဆီ လာနေလိုက်တာဖြစ်ပါသည်။

'အန်တီဇာခြည်' က ဗိုလ်ချုပ်ဈေးတွင် 'Jewelry' ဆိုင် ဖွင့်ထားကာ ဝင်ဒါမီယာတွင် ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကားနှင့် ကိုယ့်ဖာသာ ကိုယ်တစ်ယောက်ထဲနေသူဆိုတော့ 'ရဲရဲ' ရောက်လာတာကို ကျေနပ်စွာ ကြိုဆိုခဲ့ပါသည်။

မနက်ဆို 'ရဲရဲ' ကျောင်းတက်ရာ ဒဂုံ (၁) ရှေ့တွင်ချထားပေးခဲ့ကာ 'အန်တီဇာခြည်' က အိမ်ပြန်သည်။ ဆယ်နာရီလောက်ဆို ချက်ပြုတ်ပြီး ထမင်းချိုင့်ထည့်ကာ ဗိုလ်ချုပ်ဈေးသွားသည်။ နေ့ခင်းပိုင်း ဆယ့်နှစ်နာရီလောက်ဆို နောက်တစ်ခေါက် ပြန်ရောက်လာကာ 'ရဲရဲ' ကို လာကြိုပေးရလေသည်။

တစ်ခါတစ်လေ အလုပ်ရှိ၍ နောက်ကျနေလျှင် ကျောင်းရှေ့ကဆိုင်မှာ 'ရဲရဲ' ထိုင်စောင့်နေရတတ်ပါသည်။

သည်အခါတိုင်း 'ရဲရဲ' မျက်ဝန်းထဲကို ရောက်လာတတ်သူက 'အုပ်စိုးခ' ဟုခေါ်သော 'စိုးခ' တို့ မိသားစုပါ။

ကျောင်းလာတာက တစ်ယောက်ကို လိုက်ပို့သူတွေက သုံးလေးယောက် ဝန်းရံပြီး ထိုသုံးလေးယောက်လုံးက 'စိုးခ' ကို သဲသဲလှုပ်မျှ ဖူးဖူးမှုတ်နေကြခြင်းပါ။

ပထမ တစ်ပတ်လောက်က 'ရဲရဲ' သတိမပြုမိပေမယ့်လည်း တစ်လခန့်ကြာလာတော့ ရွှေရောင်မာစီဒီးကားနဲ့ ထိုလူအုပ်စုကို သတိမပြုချင်လည်းပဲ အလိုလိုသတိပြုလာမိတာ ဖြစ်ပါတော့သည်။

သူမတို့သည် အလွန်ကို သဲသဲလှုပ်ကြသူတွေတည်း။



www.burmeseclassic.com

www.burmeseclassic.com


"သားလေး 'စိုး' ပင်ပန်းလာလား... ကျောင်းမှာ ဒီနေ့ ဘာ
စာတွေသင်ပေးလိုက်လဲ... မေမေ့ကို ပြပါအုံး"

အသက်သုံးဆယ်ကျော် ဖြူဖြူချောချောနဲ့ မိန်းမက အမေဖြ
ပုံရကာ အသက်ငါးဆယ်ကျော်ကျော် မိန်းမကြီးနှစ်ယောက်က ကြ
ဒေါ်တွေလား။ ဖွားအေတွေလား 'ရဲရဲ' လည်း မခန့်မှန်းတတ်ပါ။

"လာ... မြေးလေး... မြေးလေးဆာရင် စားဖို့ ဖွားဖွား နနွင်
မကင်းထိုးလာတယ်"

တစ်ယောက်က သူမယူလာသော ချိုင့်လေးကိုဖွင့်ပြသလ
နောက်တစ်ယောက်ကလည်း ရေခဲဘူးလေးကို မြှောက်ပြရင်း ပြေ
ပြန်သည်။

"ဟောဒါက ကလေးအတွက် ဖွားဖွားကိုယ်တိုင် ဖျော်လာ
သံပုရာရည်... သောက်ကြည့်ပါအုံးကွယ်... မွေးပြီး ချိုအေးနေ တ
ပဲ... မြေးလေး ပင်ပန်းလာမယ်ဆိုတာ ဖွားဖွားသိတယ်... ပြော
အုံး... ဒီနေ့ ဆရာမက ဘာတွေသင်လဲ"

"ဟီး... ဟီး"

နေ့တိုင်းမေးနေတဲ့ စကားသံတွေဆိုတော့ 'ရဲရဲ' ပင် ကြား
တာ နားကြားပြင်းကပ်လာပါပြီ။

"ကျောင်းလာတာ စာမသင်လို့ ဘာသင်ရမှာလဲ"

'ရဲရဲ' ရဲ့ စကားသံကြောင့် အဖွားကြီး မျက်နှာက ပုတ်သ
သွားကာ 'ရဲရဲ' ကို မျက်စောင်းလှမ်းထိုးပါသည်။

ထိုး... ဘာဖြစ်သေးလဲ... 'ရဲရဲ' ခပ်တည်တည်ပင် ပြန်
ကြည့်ပေးလိုက်ပါသည်။

ကြားထဲက ကောင်လေးက ဘယ်လိုနေမည်မသိပါ။ 'ရဲ


www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အနေခက်လွန်း၍ အားလုံးကို တွန်းထုတ်ပစ်လိုက်ချင်ပါသည်။

ချစ်တာလည်း ချစ်တာပေါ့။ ခုတော့ သူတို့ပုံစံက လူတစ်ယောက်ကို အရုပ်တစ်ရုပ်လို သဘောထားကာ ထားရာနေ စေရာသွား သူတို့သဘောအတိုင်း ပြုမူနေကြလေသည်။

ခံနေတဲ့ ကောင်လေးပုံစံကလည်း ရိုးရိုးအေးအေးလေးပါ။

သူတို့ သွင်းထားတဲ့ ပုံစံခွက်ထဲ ဝင်နေပုံလေးပါ။

ဆံပင်မဲမဲ၊ မျက်လုံးလက်လက်စိုစို၊ နှုတ်ခမ်းရဲရဲလေးဖြင့် 'ရဲရဲ' ကို လှမ်းကြည့်ကာ ပြုံးပြပါသည်။

ထိုအချိန်မှာပဲ 'ရဲရဲ' ရဲ့ နှလုံးသားထဲကို 'အုပ်စိုးခ' သည် အမြစ်တွယ်ကာ အပင်ပေါက်ခဲ့တာပဲ ဖြစ်ပါလိမ့်မည်။

'ရဲရဲ' ပြန်ပြုံးအပြ အဖွားကြီးက 'ရဲရဲ' ကို မျက်စောင်းခဲကာ လှမ်းမာန်ပါသည်။

"ညည်းကို မေးတာ မဟုတ်ဘဲ ညည်းက ဘာလို့ဖြေရတာလဲ"

"နေ့တိုင်း ကြားနေရတာဆိုတော့ နားငြီးလို့"

"နားငြီးရင် နားပိတ်ထားပေါ့အေ... ကျုပ်ကတော့ ကျုပ်မြေးလေးကို ချစ်လို့ မေးရမှာပဲ... မြေးလေးကျောင်းမှာ ဘာဝယ်စားသေးလဲ"

"ကော်ရည်ခေါက်ဆွဲ"

"ကောင်းလို့လား မြေးရယ်... ညစ်ညစ်ပတ်ပတ်တွေများလား"

ကြည့် စကားပြောတာကိုက တင်တင်စီးစီး နိုင်လှသည်။

ညစ်ပတ်မှဖြင့် ဘယ်သူက ဝယ်စားမှာလဲ။ 'ရဲရဲ' လည်း



www.burmeseclassic.com

www.burmeseclassic.com



ကော်ရည်ကြိုက်၍ နေ့တိုင်းဝယ်စားဖြစ်သည်။

နောက်တစ်ရက် ကော်ရည်ဆိုင်တွင် ထို ကောင်လေးနှင့်ဆ
မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၅

"ယူ့ကို လာ လာကြိုနေတဲ့ သူတွေက ဘယ်သူတွေလဲ"

'ရဲရဲ' နဲ့ နေ့တိုင်း ဆုံနေကြသည်ဆိုတော့ ကောင်လေးနဲ့ မစိမ်းတော့ပါ။ ကောင်လေးက သူ့းချွန်သောကျောင်းသားတွေ တက်ရတဲ့ ' S ' တန်းတွင် တက်နေသူဖြစ်ကာ 'ရဲရဲ' က ဒီနှစ်မှ တက်ရသူမို့ နောက်ဆုံးတန်းတွင် တက်ရသူဖြစ်ပါသည်။

" 'အုပ်စိုး' ရဲ့ မေမေနဲ့ ဖွားဖွားတွေပါ"

"ယူ စိတ်မညစ်ဘူးလား... ကိုယ်သာဆို အဲ့ဒီလောက်ကြီး ဂရုစိုက်နေရင် စိတ်ညစ်လွန်းတာနဲ့ သေမှာပဲ"

'အုပ်စိုးခ' က ပြုံးနေပါသည်။ အနီးကပ်ကြည့်မှ 'အုပ်စိုးခ' သည် မျက်တောင် ထူထူမဲမဲစိတ်စိတ်နှင့် အလွန်ကိုချောသော ကောင်လေးတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



'အုပ်စိုးခ' ကလည်း ဆံပင်ကောက်ကောက်၊ အသားဖြူဖြူ ပိန်ပိန်ပါးပါးလေးနှင့် နှုတ်ခမ်းပါးလေးကို တင်းနေအောင်စေ့ထားသော ကောင်မလေးကို ငေးကြည့်ရင်း ပြန်မေးပါသည်။

"နင်ကကော ဘယ်သူနဲ့နေတာလဲ... မိဘတွေကော လာမကြိုဘူးလား"

"ငါက ငါ့အဒေါ်နဲ့နေတာ... ငါ့မိဘတွေက နိုင်ငံခြားမှာ"

"နင် လိုက်မနေဘူးလား"

'ရဲရဲ' ခေါင်းခါ ပြလိုက်မိပါသည်။

"ငါ ဟိုမှာ မပျော်လို့ ဒီကိုပြန်လာခဲ့တာ"

'အုပ်စိုးခ' က 'ရဲရဲ' ကို ငေးကြည့်နေပါသည်။ ဟိုမှာ အနေကြာလာ၍လည်း 'ရဲရဲ' ပုံစံက ရဲရဲတင်းတင်းလေးကို သတ္တိတွေရှိနေတာ ထင်ပါရဲ့။

"ယူ့တို့က ဘယ်မှာနေတာလဲ"

"ရွှေတောင်ကြားမှာ... 'ရဲရဲ' တို့ကကော"

'ရဲရဲနီ' ဟူသော နာမည်လေးကို သိပြီးတဲ့နောက် 'စိုးခ' က 'ရဲရဲ' ဟု ပြောင်းခေါ်ပါသည်။

"ဝင်ဒါမီယာ ထဲမှာနေတာ"

ထိုအချိန်တည်းက 'ရဲရဲ' နဲ့ 'အုပ်စိုးခ' တို့ ခင်မင်ခဲ့ကြတာ ဆယ်တန်းအောင်တဲ့ အထိပါ။

ဆယ်တန်းအောင်တဲ့အချိန်တွင် 'ရဲရဲ' က ရိုးရိုးသိပ္ပံလိုင်းကို ရကာ 'အုပ်စိုးခ' က ဆေးတက္ကသိုလ် မဝင်ဘဲ တိရစ္ဆာန်ဆေးတွင်သာ ရတာကြောင့် ရိုးရိုးသိပ္ပံလိုင်းကို ပြောင်းလျှောက်၍ 'ရဲရဲ' နဲ့လိုင်းတူသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို 'စိုးခ' တို့မိသားစုက လုံးဝ မကျေနပ်ကြပါ။

'ရဲရဲ' ကြောင့် သား 'စိုးခ' လိုင်းပြောင်းလျှောက်သည်အောင်း မေ့ကာ 'ရဲရဲ' ကို လာရန်လုပ်ကြပါသည်။

"ညည်း ဘယ်လို အဆွယ်ကောင်းတယ် မသိဘူး... သား 'အုပ်စိုး' က ဝိုင်အိုင်တီတောင် မလျှောက်ဘူး... ညည်း မြှောက်ပေးလိုက်တာ မဟုတ်လား"

အမှန်မှာ 'စိုးခ' က မြန်မြန်ဘွဲ့ရပြီး နိုင်ငံခြားထွက်ကာ စာဆက်သင်ချင်သူပါ။ 'စိုးခ' အား စာဆက်သင်ဖို့ 'ရဲရဲ' က အားပေးသည်။

'စိုးခ' နဲ့အတူ 'ရဲရဲ' ပါ လိုက်ကာ ကျောင်းဆက်တက်ဖို့ စိတ်ကူးထားမိပါသည်။

'ရဲရဲ' သာ ကျောင်းဆက်တက်မယ်ဆို ဒယ်ဒီက လက်ကမ်းကြိုနေမှာကို 'ရဲရဲ' သိနေပါသည်။

ဒီသဘောနဲ့ 'စိုးခ' လိုင်းပြောင်းတာကို 'စိုးခ' မိသားစုရဲ့ အမုန်းက 'ရဲရဲ' အပေါ်ကို ဖိစီးလေပါ။

"ကောင်မ... ငါ့သားကို အပိုင်စီးချင်လို့ ရမလား"

ကျောင်းသွား၊ ကျောင်းပြန် 'စိုးခ' ကို အပို့အကြို လုပ်ကြသည်။

တံခါးနှစ်ပေါက်ပါ Turbo ကားအနီလေးနဲ့ ကိုယ့်ကားကိုယ်မောင်းကာ ကျောင်းတက်နေရပြီဖြစ်တဲ့ 'ရဲရဲ'၊ 'စိုးခ' ကိုကြည့်ကာ အော်ရယ်မိပါသည်။

"ယူက ခုချိန်ထိ ရင်ခွင်ပိုက်ပဲ... ဒါဆို လိုင်မှာ မတက်ရဘူး I L B C မှာ သွားတက်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com


'စိုးခ' က ဘာမှ ပြန်မပြောပါ။ 'ရဲရဲ' ကို ခင်သလို သူ့မိသားစုရဲ့ ဩဇာကိုလည်း လွန်ဆန်နိုင်ပုံ မပေါ်ပါ။

ဒါကြောင့်သာ တက္ကသိုလ်တက်ရာ တစ်လျှောက်လုံးလည်း မြန်မာဝတ်စုံကလွဲ၍ ဘာဝတ်စုံမှ ဝတ်တာ မတွေ့ရပါ။

'ရဲရဲ' က ဘောင်းဘီရှည်တစ်ထည် လက်ဆောင်ပေးတာကိုပင် သူ့အိမ်က သိမှာစိုး၍ ပြန်ပေးခဲ့ဖူးပါသည်။

သူ့အိမ်ကလည်း သူ့အိမ်ပါ။ 'ရဲရဲ' နဲ့ ပတ်သက်မှာစိုး၍ 'စိုးခ' ကို တစ်ချက်ကလေးမှ အလစ်မပေးခဲ့ကြပါ။

တစ်ခါတလေ 'ရဲရဲ' 'စိုးခ' ဆီကို ဖုန်းဆက်လျှင် သူ့အိမ်ကဖုန်းကို ချ,ချပစ်တတ်ကြပါသည်။

"သား လူလေး... ဒီလို ကောင်မလေးမျိုးကို လုံးဝ အပေါင်းအသင်း မလုပ်ရဘူး... ပုံစံကိုက ဂျစ်ပစီလိုလို ဘာလိုလိုနဲ့"

'ရဲရဲ' ဖါသာတစ်ယောက်တည်း ကားမောင်းသွား ကားမောင်းပြန်တာကို သူတို့က မျက်စေ့စပါးမွေး စူးကြပုံရပါသည်။

'ရဲရဲ' ကလည်း 'ရဲရဲ' ပင်။ သူတို့ရှေ့ရောက်မှ မခံချင်အောင် 'စိုးခ' ကို လှမ်းစတတ်ပါသည်။

" 'စိုးခ' နော်... 'ရဲရဲ' က အဲ့ဒီလို သိပ်ကလေးဆန်ရင်မကြိုက်ဘူး... တက္ကသိုလ်ပဲ တက်နေရပြီ လူကြီးတွေကို လိုက်ပို့ခိုင်းနေချင်တုန်းလား... ကိုယ်တို့ ကလေးတွေကျရင်တော့ freedom ပဲနော်"

'ရဲရဲ' ဒီလိုပြောလေ အဖွားကြီးတွေ ဒေါပွလေပါ။

"ကောင်မ ရုပ်ကလေးလှသလောက် ပါးစပ်က စည်းကမ်းမရှိဘူး... ငါတို့မြေးနဲ့ သူနဲ့ တန်တာကျနေတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"အေးလေ... ဒင်းနဲ့ မတွေ့ချင်ကာမှ လာ,လာတွေ့နေရတာ သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ"

ခုလို 'ရဲရဲ' 'စိုးခ' ခြံနားကို ပြောင်းလာပြီဆိုတော့ အဖွားကြီးတွေ ပို ဒေါသဖြစ်ကြမှာ သေချာနေရလေသည်။

ဘာပဲဖြစ်ဖြစ် 'ရဲရဲ' ကတော့ ပိုတောင် ပျော်မိပါသေးသည်။

'ရဲရဲ' ချစ်သော 'စိုးခ' ကို အမြဲ မြင်တွေ့နေနိုင်ပြီလေ။

ည ညဆို 'စိုးခ' ရှိရာ အခန်းကို စပေါ့လိုက် မီးအနီရောင်လေးဖြင့် 'ရဲရဲ' က အချက်ပေးလိုက်လျှင် 'စိုးခ' က တံခါးဖွင့်ပေးတတ်သည်။

'စိုးခ' တံခါးဖွင့်သည်နှင့် ခဲလုံးမှာ စာပါတ်ကာ လှမ်းပစ်လိုက်လျှင် 'စိုးခ' 'ရဲရဲ' ရဲ့ စာလေးကို ရသွားခဲ့ပါပြီ။

သည်လိုနှင့် ညစဉ် 'ရဲရဲ' တို့ အပြင်ထွက်လည်ဖြစ်ကြသည်။

ပထမပိုင်း 'စိုးခ' တို့အိမ်က 'ရဲရဲ' နဲ့ထွက်လည်တာကို မသိ၍ 'စိုးခ' ကို အပြင်ပေးလွှတ်ပေမယ့် နောက်ပိုင်း 'ရဲရဲ' နဲ့ထွက်လည်တာ သိသွားပြီးနောက်ပိုင်း 'စိုးခ' ကို အပြင်လုံးဝပေးမလွှတ်တော့ပါ။

သည်တော့လဲ ဟန်းဖုန်း တစ်ယောက်တစ်လုံးစီဖြင့် 'ရဲရဲ' တို့ ညလုံးပေါက် စကားတွေ ပြောဖြစ်ကြပြန်သည်။

ဒါကိုလည်း 'စိုးခ' အိမ်က သိရှိပြန်သွားကာ 'စိုးခ' ရဲ့ ဟန်းဖုန်းကို သိမ်းသွားပြန်တာကြောင့် ကျောင်းမှာပဲ တွေ့ခွင့်ရပါတော့သည်။ ဘာဖြစ်လဲနော်။ 'ရဲရဲ' အဖို့က 'စိုးခ' ကို တွေ့နေရလျှင် ပျော်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



# ၆

"ယူတို့အိမ်က အရမ်းကို အကဲပိုတာပဲနော်... အရှုယ်ရောက်နေတဲ့ မိန်းကလေးနဲ့ ယောကျ်ားလေးတွေ့တာပဲ ဘာဖြစ်သလဲ... စိတ်ပူခြင်းပူရင် ကိုယ်တို့အိမ်က ပူရမှာ... ခုတော့ ငါးဖယ်က ပြောင်းပြန်..."

'ရဲရဲ' စကားကြောင့် 'စိုးခ'က ရယ်နေပါသည်။

အမှန်မှာ 'ရဲရဲ' နေတာထိုင်တာ ရဲတင်းတာကို မကြိုက်၍ မေမေတို့က ချုပ်ချယ်နေကြတာပါ။

ပြီးတော့ 'စိုးခ' ဘွဲ့မရခင် မိန်းမရသွားမှာကိုလည်း တွေးပူနေ၍ 'စိုးခ' ကို လိုက်ချုပ်ချယ် နေကြတာလည်း ဖြစ်ပါသည်။

'စိုးခ' မှာ လူကြီးတွေ ငယ်ငယ်လေးတည်းက စီစဉ်ထားသော မိန်းကလေး ရှိနေပါသည်။

ထိုမိန်းကလေးကလွဲ၍ တခြား ဘယ်မိန်းကလေးကိုမှ 'စိုးခ'



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခွင့် မရှိပါ။

ဒါကြောင့် တခြား မိန်းကလေးနဲ့ ဖြစ်သွားမှာစိုး၍ မေမေ တို့ အသည်းအသန် လိုက်လံ ထိမ်းကွပ်နေရခြင်းလည်း ဖြစ်ပါ သည်။

ထိုအကြောင်း 'ရဲရဲ' ကို ပြောပြတော့ 'ရဲရဲ' ကလုံးဝမယုံပါ။

"ဒါ ရှေးက လူကြီးတွေ စကားအဖြစ် ပြောခဲ့တာပဲနေမှာပါ 'စိုးခ' မယူလည်း ဖြစ်ပါတယ်"

"ကိုယ် နှစ်ဆယ့်ငါးနှစ် တင်းတင်းပြည့်တဲ့နှစ်မှာ သူ့ကို လက်ထပ်ရမယ်လို့ မေမေက ပြောထားတယ်"

"ဒါဆို ယူ နှစ်ဆယ့်ငါးနှစ် မပြည့်ခင် ကိုယ်နဲ့လက်ထပ် လိုက်ရင် ပြီးတာပဲ မဟုတ်ဘူးလား... ပြီးရင် ဒယ်ဒီတို့ရှိတဲ့ အင်္ဂ လန်ကို ကိုယ်တို့သွားကြမယ်လေ... မကောင်းဘူးလား"

'ရဲရဲ' ကိုယ့်အတွေးနဲ့ကိုယ် ပျော်မြူးနေချိန် 'စိုးခ' ဘက်က ဘယ်လိုကြံတ်ပြီး စီစဉ်လိုက်ကြသည် မသိပါ။ ကျောင်းပြီးသည် နှင့် 'စိုးခ' တစ်ယောက် ဂျပန်မှာ ကျောင်းသွားတက်နေပြီဆိုတဲ့ သတင်းကိုသာ 'ရဲရဲ' ကြားလိုက်ရပါတော့သည်။

ကြားစက 'ရဲရဲ' ကိုယ့်နားကိုပင် မယုံချင်ပါ။

'စိုးခ' အမေကြီး 'ရဲရဲ' ဆီကို ဖုန်းဆက်လာမှ 'ရဲရဲ' ယုံကြည် လိုက်ရတာဖြစ်ပါသည်။

"ညည်းရန်ကို ကြောက်လို့ ကျုပ်သားကို အဝေးကိုပို့လိုက် ရပြီ... ညည်း လိုက်နှောင့်ယှက်ချင်ရင်လည်း နှောင့်ယှက်အုံးပေါ့"

'ရဲရဲ' ဒေါသတွေ ဖြစ်ကျန်ရစ်ခဲ့ရပါသည်။

တကယ်ဆို သူ့မိဘတွေ 'ရဲရဲ' ကို မကြည်ဖြူအုံးတော့ 'စိုးခ' က 'ရဲရဲ' ရဲ့ ချစ်သူပဲ။ 'ရဲရဲ' ကို နည်းနည်းလေးတောင် ဖွင့်မပြော



www.burmeseclassic.com

www.burmeseclassic.com



သင့်ဘူးလား။

ခုတော့ 'ရဲရဲ' တစ်ယောက်တည်း ဆွေးကျန်ရစ်ခဲ့ရပါသည်။

'စိုးခ' မရှိတဲ့နောက် 'ရဲရဲ' အတွက် အားနေတဲ့အချိန်တွေကို အင်္ဂလန်သွားကာ ဒီဇိုင်နာတစ်နှစ်သင်တန်း တက်လိုက်သည်။

အင်္ဂလန်မှာနေတည်းက 'ရဲရဲ' အဝတ်အထည် ဒီဇိုင်းသင်တန်းကို ဝါသနာအရမ်းပါသည်။ ဒယ်ဒီ့ နောက်မိန်းမ စတက်ဖနီက ဒီဇိုင်နာဆိုတော့လည်း ထိုလုပ်ငန်းက 'ရဲရဲ' နဲ့ မစိမ်းလှပါ။

အထူးသဖြင့် မင်္ဂလာဝတ်စုံနဲ့ အခမ်းအနားဝတ်စုံတွေကို 'ရဲရဲ' ဒီဇိုင်းထွင်ပေးချင်သည်။ သင်တန်းတက်ပြီးတဲ့နောက် လိုအပ်တဲ့ စာအုပ်စာတမ်းတွေကို ဒယ်ဒီဆီက လှမ်းမှာကာ ယုဇနပလာဇာတွင် ဆိုင်ခန်းတစ်ခန်းဝယ်ပြီး မင်္ဂလာဝတ်စုံဆိုင် တစ်ဆိုင်ဖွင့်လိုက်သည်။

လိုအပ်တဲ့ ပိတ်စမှန်သမျှနှင့် ပိတ်စပေါ်ထိုးဖို့ နောက်ဆုံးပေါ် ပုလဲလေးတွေ၊ မှန်ချောင်းလေးတွေ၊ ဖန်သီးလေးတွေကိုလဲ အန်တီ 'စတက်ဖနီ' က ပို့ပေးလာ၍ အချိန်တိုတိုလေး အတွင်းမှာပင် 'ရဲရဲ' ရဲ့ 'Lady First' ဆိုင်လေးက နာမည်ရလာခဲ့ပါသည်။

မင်္ဂလာဝတ်စုံဟင်မက အခမ်းအနားပွဲ ညစာစားပွဲနှင့် မွေးနေ့ပွဲတွေပါ လက်ခံရတာဆိုတော့ ဆိုင်ဝန်ထမ်းတွေတင်မက ပန်းထိုးဖို့ နောက်ထပ် ဝန်ထမ်း ငါးယောက်ပါ ထပ်ခန့်လိုက်ရတာဆိုတော့ တစ်လတစ်လ 'ရဲရဲ' ရဲ့ ဝင်ငွေက မနည်းလှပါ။

အန်တီ 'ဇာခြည်' ကပင် 'ရဲရဲ' ရဲ့ ဆိုင်လေးကို လာကြည့်ကာ သဘောကျနေသည်။

သူများထက် တစ်ပန်းသာတာ 'ရဲရဲ' ရဲ့ ဆိုင်ကပစ္စည်းက ဟိုက်တိုက်ရိုက် လာတာဆိုတော့ အရောင်အသွေးကအစ ဒီဇိုင်းက



www.burmeseclassic.com

www.burmeseclassic.com



အင ပစ္စည်းကွာလတီကအစ သူများတွေထက် သာတာမို့ 'ရဲရဲ' ဆိုင်ကိုသာ အော်ဒါပေးသူက ပိုများနေတတ်ပါသည်။

'ရဲရဲ' ကလည်း လူငယ်ဆိုတော့ မင်္ဂလာဝတ်စုံအရောင်ဆို ဘယ်လိုအရောင်၊ ညစာစားပွဲဆို ဘယ်လိုအရောင်၊ ရိုးရိုးပါတီပွဲဆို ဘယ်လိုအရောင် ဝတ်ရမယ်ဆိုတာကိုပါ ညွှန်ကြားပေးတတ်၍ မင်္ဂလာဝတ်စုံလောက၊ ဖက်ရှင်လောကတွင် 'ရဲရဲ' ဝတ်စုံမှသာ ပွဲလည်တင့်သလိုဖြစ်နေ၍ 'ရဲရဲ' လုံးဝကို မအားလပ်ခဲ့ပါ။

စပြီးဆိုင်ဖွင့်စဉ်က 'စိုးခ' ကို မေ့နိုင်အောင် အလုပ်တစ်ခုရှာလုပ်ခဲ့တာသာ ဖြစ်သော်လည်း တကယ်တမ်းအလုပ်က 'ရဲရဲ' ကို နိုင်သွား၍ နှစ်နှစ်ဆိုသော အချိန်သည် 'ရဲရဲ' အတွက် ခဏလေးသာ ကြာမြင့်ခဲ့ပါတော့သည်။

နှစ်နှစ်ပြည့်တာနှင့် 'စိုးခ' မြန်မာပြည်ကို ပြန်လာရမှာ 'ရဲရဲ' သိထားပါသည်။

ထိုအချိန်ဆို 'စိုးခ' နှစ်ဆယ့်ငါးနှစ်ပြည့်တော့မည်။ 'စိုးခ' အိမ်က သူတို့သဘောတူထားသော မိန်းကလေးနှင့် 'စိုးခ' ကိုပေးစားတော့မည်။

'ရဲရဲ' 'စိုးခ' ကို ထိုမိန်းကလေးနဲ့ အပေးစား မခံနိုင်ပါ။

'စိုးခ' ၏ ပထမဦးဆုံးချစ်သူက 'ရဲရဲ' ဖြစ်သလို 'ရဲရဲ' ကလွဲ၍လည်း 'စိုးခ' ဘယ်သူကိုမှ မချစ်ရပါ။

ဒီစိတ်၊ ဒီအတွေးဖြင့် အလုပ်ထဲစိတ်ကိုနှစ်ရင်း 'ရဲရဲ' 'စိုးခ' ကို စောင့်နေမိခဲ့တာ ဖြစ်ပါသည်။

နောက်တစ်လ၊ နှစ်လဆို 'စိုးခ' နှစ်ဆယ့်ငါးနှစ်ပြည့်ပါတော့မည်။ နှစ်ဆယ့်ငါးနှစ် ခပ်တင်းတင်းပြည့်တဲ့အချိန်မှတော့ 'စိုးခ' ကပ်ပြီး ပြန်မလာနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာချင်း ပြန်လာလျှင် တစ်လနှစ်လကြိုပြီး ပြန်လာနိုင်တာမို့ 'ရဲရဲ' 'စိုးခ' တို့အိမ်ကို မသိမသာ အကဲခတ်နေမိပါသည်။

ခုတလော 'စိုးခ' တို့ ခြံဘက်မှာ ကားအဝင်အထွက်တွေ များနေတာ တွေ့ရလေသည်။

ဇကန္တ 'စိုးခ' များ ပြန်လာခါနီးပြီလား မပြောတတ်ပါ။ 'စိုးခ' ကို ဂရုစိုက်နေမိတာနှင့် ဆိုင်ကို နောက်ကျမှ ရောက်ဖြစ်ပါသည်။

ရောက်သည်နှင့် ဆိုင်က ကောင်မလေးက 'ရဲရဲ' ကို သတင်းလာပို့ပါသည်။

"အန်တီကြီး သုံးယောက်နဲ့ အစ်မတစ်ယောက် မင်္ဂလာဝတ်စုံ လာအပ်တယ် 'မမ'... ညဖက် ဒင်နာပွဲအတွက်ပါ နှစ်စုံအပ်တာ... 'သီရိ' လည်း ကောင်းကောင်းမွန်မွန်ပဲ လက်ခံပေးပါတယ်... ဒ ပေမယ့် သူတို့က ဆိုင်ရှင်နဲ့ပဲ တွေ့ချင်တယ်ပြောပြီး ပြန်ထွက်သွားတယ်"

"ဘာပြောသွားသေးလဲ"

"ပြန်လာမယ်လို့တော့ ပြောသွားတာပဲ"

"ပိတ်စတွေကော ထုတ်မပြလိုက်ဘူးလား"

"ပြလိုက်ပါတယ်... သတို့သမီးဝတ်စုံအတွက် ပန်းနုရောင်လေးနဲ့ ညဖက်ဒင်နာပွဲအတွက် 'cream' ရောင်လေး ရွေးသွားတယ်"

အလုပ်သဘောအရ ပန်းနုရောင်လေး ရွေးချယ်တယ်ဆိုကတည်းက သတို့သမီးသည် အသားဖြူနုသူဟု အကြမ်းဖျင်း သတ်မှတ်ထားလိုက်မိပါသည်။

"ပိုက်ဆံတော့ အတော်ရှိတဲ့ ပုံထဲကပဲ... သတို့သမီးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဒီနိုင်းကို ဘယ်သူနဲ့မှ မတူတဲ့ ဒီဇိုင်းမျိုး ဖြစ်ချင်တာတဲ့"

'ရဲရဲ' ခေါင်းညိတ်ကာ ဒီဇိုင်းစာအုပ်ကိုထုတ်ပြီး ပုံတွေကို ရွေးချယ်နေမိပါသည်။

တစ်သက်မှာ တစ်ခါသာ ကျင်းပကြတဲ့ ပွဲပေမို့ လာအပ်တဲ့ လူတိုင်းက ကိုယ့်ပွဲကိုယ် အကောင်းဆုံး ဖြစ်ချင်ကြတာ ဓမ္မတာပါ။

သူများတကာ ပွဲတွေကိုသာ အကောင်းဆုံး အလှပဆုံးဖြစ်အောင် 'ရဲရဲ' စီစဉ်ပေးနေမိသော်လည်း 'ရဲရဲ' ရဲ့ မင်္ဂလာပွဲကို 'ရဲရဲ' ဘယ်တော့များမှ စီစဉ်မယ်မှန်း မသိသေးပါ။

ဒီလိုမသိရလေ 'စိုးခ' ကို မုန်းတီးနာကြည်းမိလေပါ။

သူသာ 'ရဲရဲ' ဘက်က ရဲရဲရင့်ရင့် ရပ်တည်ခဲ့ပါလား။ 'ရဲရဲ' ဒီလိုစိတ်မာနေစရာလိုနေအုံးမှာလား။

"အဟမ်း... အဟမ်း"

အလုပ်ထဲကို အာရုံဝင်စားနေတာမို့ 'ရဲရဲ' ရဲ့စားပွဲရှေ့ကို လူတစ်ယောက်ရောက်နေတာ သတိမထားလိုက်မိပါ။

ချောင်းဟန့်သံကြားမှ မော့အကြည့် လှပသော မိန်းကလေးတစ်ယောက်ကို 'ရဲရဲ' တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com


# ၇

အသက်က 'ရဲရဲ' နဲ့ ရွယ်တူလောက်ရှိကာ ဝတ်စာ
ထားတာ ယဉ်ယဉ်ကျေးကျေးလေးနဲ့ သိမ်သိမ်မွေ့မွေ့ရှိလှသော
မိန်းမလှလေးတစ်ဦးဖြစ်ပါသည်။

" 'ဖွေး' ကြောင့် 'မမ' များ အလုပ်ပျက်သွားလား မသိဘူး"

ပြုံးလိုက်သောအခါ သွားစွယ်ချွန်ချွန်လေးနှစ်ဖက်နှ
ကောင်မလေးရဲ့အလှက ပိုပြည့်စုံသွားသလို ထင်လိုက်မိပါသည်။

"အော်... ရပါတယ်ကွယ်... ဒီက ညီမက ဘာကိစ္စများလဲ
မသိဘူး"

"ခုနက 'ဖွေး' တို့ ဒီကို ရောက်လာကြပါသေးတယ်... 'မမ'
မရောက်သေးတာနဲ့ ဒီပြင့်ဆိုင်တွေ လျှောက်ကြည့်နေကြတာ"

"အော်... မင်္ဂလာဝတ်စုံအတွက် ဒီဇိုင်းအသစ်အပ်မယ့် ညီမ


www.burmeseclassic.com

www.burmeseclassic.com


လေးများလား မသိဘူး"

"ဟုတ်ပါတယ် 'မမ' ... မေမေတို့က 'လှမ္မြု' ဇာဆိုင်မှာ ကျန်ခဲ့ပါတယ်... 'ဖွေး' ပဲ 'မမ' ရောက်ပြီလား လာတက်ကြည့်တာပါ"

'ဖွေး' ဆိုသော နာမည်လေးနဲ့လိုက်အောင် ဖွေးဖွေးဖြူသော အသားလေးဖြင့် ကောင်မလေးပုံစံက ချစ်စရာလေးပါ။

ချစ်စနိုးဖြင့် ငေးကြည့်ရင်း ချစ်ခင်နှစ်လိုစွာ မေးလိုက်မိပါသည်။

"ညီမလေးနာမည်က 'ဖွေး' တစ်လုံးတည်းလား"

" 'ဖွေးဖွေးဖြူ' ပါ 'မမ' ... 'မမ' နာမည်ကကောဟင်"

အနီရဲရဲ 'Twin' ဆက်နှစ်ထပ် အင်္ကျီအနက်ရောင် ဘောင်းဘီရှည်အပျော့ကို စမတ်ကျစွာ ဝတ်ထားသော 'မမ' ကလည်း အလွန့်ကို ကြည့်လို့ကောင်းလှပါသည်။

အထူးသဖြင့် 'မမ' ရဲ့ ခွေလိပ်နေသော ဆံပင်ကောင်လေးတွေက မြင်ရသူရင်ကို စိတ်လှုပ်ရှားစေပါသည်။

" 'မမ' နာမည်က 'ရဲရဲနီ' ပါ"

"အရမ်းကို ရဲရင့်ပြီး သတ္တိရှိတဲ့ နာမည်လေးပဲနော်... 'ဖွေး' သူငယ်ချင်းတွေက 'မမ' ဆိုင်ကို ညွှန်လိုက်လို့ 'ဖွေး' လာခဲ့တာပါ"

"ဘယ်သူ့ပွဲအတွက်လဲ... ညီမလေးအတွက်ပဲလား"

'ဖွေး'' က ရှက်စနိုးဖြင့် ခေါင်းငုံ့သွားပြီးမှ ခေါင်းညိတ်ပြပါသည်။

"မင်္ဂလာပွဲက နောက်နှစ်လမှာ စီစဉ်မှာဆိုတော့ အင်္ကျီအစားအတွက် 'မမ' စီစဉ်ဖို့ အချိန်ရပါ့အုံးမလား ဟင်"


www.burmeseclassic.com

www.burmeseclassic.com


ပုံမှန်ဆို သုံးလကြိုတင်ပြီးအပ်ရတာ ဖြစ်သော်လည်း 'ဖွေး' ဆိုသော ကောင်မလေးကို ချစ်ခင်စိတ်ဖြင့် နှစ်လနှင့်ပဲ ရက်ချိန်းပေးလိုက်ပါသည်။

"ညဖက်ဒင်နာဝတ်စုံကတော့ ဒီ 'Cream' ရောင်လေးကိုပဲ စိတ်တိုင်းကျပြီလား"

"မေမေတို့ ရွေးပေးသွားတယ်ဆိုတော့လည်း 'ဖွေး' မပြင်ချင်တော့ပါဘူး 'မမ' ရယ်... 'ဖွေး' က ဒီ ဘော်ဒွေရောင်လေးကို ဝတ်ချင်တာ"

"ညီမလေး အသားက ဖြူပြီးသားဆိုတော့ ဘာလေးပဲ ဝတ်ဝတ် လှမှာပါ... ဒါဆို 'မမ' ဘယ်အစကို ရွေးလိုက်ရမလဲ"

"ဒီ 'Cream' ရောင်လေးပဲ ရွေးလိုက်ပါ 'မမ' ရယ်"

"ဒါတွေက ညီမလေးအတွက် 'မမ' ရွေးပေးထားတဲ့ ဒီဇိုင်းအသစ်လေးတွေ ... ဒီလို ပုလဲလုံး ရှည်ရှည်လေးတွေ တွဲလောင်းကျတဲ့ ဒီဇိုင်းမျိုး ဘယ်သူ့မှကို မချုပ်ပေးရသေးဘူး... ညီမလေးက ပထမဦးဆုံးပဲ"

"ကျေးဇူးအရမ်းကို တင်ပါတယ် 'မမ' ရယ်... ဒီပုံစံဆို မေမေတို့လည်း သဘောကျမှာပါ"

ကောင်မလေးပုံစံက သူ့သဘောထားထက် သူ့မိဘတွေ သဘောထားကို ပို ဦးစားပေးပုံ ရပါသည်။

လိုအပ်တဲ့ ကိုယ်တိုင်းကိုယူကာ ချုပ်ရမယ့် ဒီဇိုင်းနှင့်အတူ Cream ရောင် ဖန်ချောင်းထုပ်၊ ပုလဲလုံးထုပ်၊ ဖန်သီးအကြည်ထုပ်လေးတွေကို သီးသန့်ရွေးထုပ်နေဆဲ ...

"ဟော... သမီးက ဒီရောက်နေတာကိုး... မေမေတို့က သမီး


www.burmeseclassic.com

www.burmeseclassic.com


ကိုကိုအတွက် ပုဆိုးရွေးနေကြတာ... မေမေတို့ ရွေးပေးခဲ့တဲ့ ပိတ်စတွေ သမီးတွေ့လား... သဘောကျရဲ့လား"

"ဟုတ်ကဲ့ပါ မေမေ"

"သမီး စိတ်တိုင်းကျကော အပ်ပြီးပြီလား"

"အပ်ပြီးပါပြီ"

"မှန်စမ်း... မေမေ ကြည့်ရအောင်"

အပြင်ခန်းဆီမှ 'ရဲရဲ' ရှိရာ အတွင်းခန်းကို လျှောက်လာတာ ကြားလိုက်ရတာမို့ 'ရဲရဲ' ဇည့်သည်တွေကို ပြုံးအပြ အဖွားကြီးမျက်နှာပုတ်ပွကာ အလှဝေ့ ခြယ်ထားတာကိုမထောက် မျက်နှာကြီးက မဲ့ရွဲ့ သွားရပါတော့သည်။

"အမယ်လေး... ဘယ်သူ့ဆိုင်များလဲ အောင်းမေ့ပါတယ်... ညည်းဆိုင်ကိုး"

"မေမေ သိလို့လားဟင်"

'ဖွေး' က အံ့သြသလို မျက်နှာလေးဖြင့်အမေး အဖွားကြီးက မျက်နှာကိုပင့်ရင်း မကျေမနပ်ဖြင့် ဖြေလေသည်။

"အိမ်နားကလေ"

"ဟုတ်လား... 'ဖွေး' ဝမ်းသာလိုက်တာ 'မမ' ရယ်"

အဖွားကြီးက ခုမှ ပုတ်သိုးရုပ်ဆိုးနေသော မျက်နှာကိုပြင်ကာ အလှပဆုံးပြုံးလိုက်ရင်း 'ရဲရဲ' ကို လှမ်းပြောပါသည်။

"ဒါ သားလေး 'စိုး' နဲ့ ပေးစားမယ့် 'ဖွေးဖွေးဖြူ' လေ... မလှဘူးလား"

'ရဲရဲ' သတိလစ်ချင်သလို ဖြစ်သွားရတာကြောင့် အဖွားက စားပွဲခုံကို ဟန်မပျက် လှမ်းကိုင်လိုက်ရပါသည်။


www.burmeseclassic.com

'ဖွေး' က 'စိုးခ' နဲ့ ပေးစားမယ့် သတို့သမီးလောင်းလေးတဲ့လား။ 'ရဲရဲ' တကယ်ပဲ 'စိုးခ' ကို လက်လွှတ်လိုက်ရတော့မှာလား။

"ရှေ့အပတ်ထဲ သားလေး ပြန်လာရင် 'ဖွေး' နဲ့စေ့စပ်ပြီး နောက်နှစ်လကြာရင် လက်ထပ်ပေးတော့မှာ"

အောင်နိုင်သူအသွင် အဖွားကြီးက တတွတ်တွတ်နဲ့ ပြောနေသော်လည်း ရှုံးနိမ့်နေရသူ 'ရဲရဲ' မှာတော့ ကိုယ့်ကိုယ်ကို ဟန်လုပ်ကာ မနည်းကို ရပ်တည်နိုင်အောင် ကြိုးစားနေရပါသည်။

တကယ်ပဲ 'စိုးခ' ကို 'ရဲရဲ' လက်လွှတ်လိုက်ရတော့မှာပေါ့။

ဟင့်အင်း... 'ရဲရဲ' လက်မလွှတ်ချင်ပါဘူး။ 'ရဲရဲ' တစ်သက်တာမှာ 'စိုးခ' တစ်ယောက်ကိုပဲ 'ရဲရဲ' ချစ်ခဲ့ဘူးတာပါ။

'စိုးခ' ကို 'ရဲရဲ' လက်မလွှတ်ပါရစေနဲ့။ တုန်လှုပ်ရိဝေစွာ 'ရဲရဲ' ရပ်နေဆဲ ...

" 'မမ' ပိုက်ဆံ"

ထုံးစံအတိုင်းဆို စရံတစ်ဝက်တိတိယူတာဖြစ်သော်လည်း အဖွားကြီးက 'ရဲရဲ' မခံချင်အောင် အကုန်ပေးချေပါသည်။

"အားလုံး ပေးလိုက်တော့ ပိုစိတ်ချရတာပေါ့ သမီးရယ်... သားလေးက တစ်ယောက်ထဲရှိတာဆိုတော့ သမီးလးကို အလှဆုံးဖြစ်စေချင်တာ မေမေတို့ စေတနာပဲ"

နောက်ထပ် အဖွားကြီးနှစ်ယောက်လည်း ထပ်ရောက်လာကာ 'ရဲရဲ' ကို ထိုးနှက်တိုက်ခိုက်ကြ ပြန်ပါသည်။

"ဘယ်မင်္ဂလာပွဲမဆို မိဘသဘောတူတဲ့ပွဲကသာ အစည်ကားဆုံးနဲ့ အခမ်းနားဆုံးဖြစ်တာ... မိဘသဘောမတူပဲ လုပ်ချင်တာလုပ်တဲ့ပွဲကတော့ ဘယ်ခမ်းနားပါ့မလဲ... မြေးလေး 'စိုး' က အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ကို လိုခွာတာ... မိဘစကားကိုလည်း အရမ်းကိုနားထောင်တာ"

"ဟုတ်တယ်နော်... တကယ်တော့ သမီးရည်းစားနှစ်ယောက် ပေါင်းဖက်တယ်ဆိုတာ မိသားစုနှစ်ခု ပေါင်းစည်းကြတာ... နှစ်မိသားစုလုံးက လက်ခံမှသာ ဒီမင်္ဂလာပွဲက အထမြောက်တာ...ကိုယ်လုပ်ချင်တာ ကိုယ်လုပ်နေလို့ကတော့ ဘယ်သူကမှ လက်ခံမှာလဲ... ဘယ်သူကမှလဲ အရေးလုပ်ကြမှာ မဟုတ်ဘူး"

'ရဲရဲ' ဒီစကားတွေကို မကြားချင်တော့တာမို့ 'သီရိ' ကို လှမ်းခေါ်လိုက်ပါသည်။

" 'သီရိ' ဒီမှာ ဘောင်ချာလာဖွင့်ပေးလိုက်ပါ... 'မမ' ချိန်းထားတာရှိနေလို့... 'ဖွေး' 'မမ' ကို ခွင့်ပြုပါအုံးနော်"

'ဖွေး' ကို နှုတ်ဆက်ကာ 'ရဲရဲ' ကားရှိရာကို ခပ်သွက်သွက်လျှောက်လာခဲ့မိပါသည်။ ရင်ထဲမှာတော့ အရမ်းကို ထိခိုက်ကြေကွဲစွာ ခံစားနေရပါသည်။

'စိုးခ' 'ရဲရဲ' ကို ဒီလိုပဲ ထားခဲ့တော့မှာလား။ ဟင့်အင်း... မထားခဲ့ရပါဘူး။ 'စိုးခ' ကို 'ရဲရဲ' အရမ်းချစ်တယ်။ အရမ်းလွမ်းတယ်။

'စိုးခ' ဟာ 'ရဲရဲ' ရဲ့ အချစ်ဦးပဲ။ 'စိုးခ' ကို 'ရဲရဲ' လက်လွှတ်မခံနိုင်ဘူး။

'ရဲရဲ' သူမရဲ့ ကားလေးထဲကိုဝင်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိပါသည်။ ရှိုက်ငိုရင်းမှလဲ 'စိုးခ' ရဲ့ အဖွားကြီးတွေ 'ရဲရဲ' ကို ရယ်မောလှောင်ပြောင်တာတွေ ပြန်လည်ကာ ကြားယောင်ရင်းဒေါသတွေလည်း ဖြစ်နေမိပါသည်။

ဒါ 'စိုးခ' 'ရဲရဲ' ဘက်ကို မပါလို့ သူတို့ လှောင်ပြောင်ရတာနေမှာ 'စိုးခ' သာ 'ရဲရဲ' ဘက်မှာ ရှိခဲ့ပါလား။ သူတို့ 'ရဲရဲ' ကို



www.burmeseclassic.com

www.burmeseclassic.com


လျှောင်ပြောင်ရဲပါ့မလား။

ငိုရှိုက်ရင်းနဲ့ 'ရဲရဲ' မျက်ဝန်းထဲ သူမရဲ့ကားတစ်စီးကျော်မှ ရွှေရောင်မာစီးဒီးကားကြီးကို အမှတ်မထင် တွေ့လိုက်ရပါသည်။

ဒါ 'စိုးခ' တို့ကားကြီးမဟုတ်လို့ ဘယ်သူ့ကားကြီးဖြစ်နိုင်မှာလဲ။ ဒရိုင်ဘာလည်း ဘယ်ရောက်နေမှန်း မသိပါ။ ညစ်ချင်စိတ်ဖြင့် 'ရဲရဲ' ကားနားကို လျှောက်လာကာ ဘီးလေးဘီးစလုံးကို လေတွေလျှော့ပစ်လိုက်မိပါသည်။

ကဲ... 'ရဲရဲ' ကို အနိုင်ယူချင်တဲ့ အဖွားကြီးတွေ ခုတော့ ဘယ်နှယ့်ရှိစ။ အိမ်ကို တက္ကစီငှားပြန်ရမှာ သေချာသည်။

'ရဲရဲ' ကားကို အေးအေးဆေးဆေးမောင်းကာ အိမ်ကိုပြန်လာခဲ့လိုက်ပါသည်။ ဒါတောင် 'ရဲရဲ' အဖွားကြီးတွေကို မကျေနပ်နိုင်သေးပါ။

ဘာတဲ့... သူတို့ပြောတာ မိဘသဘောမတူဘဲ လုပ်ချင်ရာလုပ်တဲ့ မင်္ဂလာပွဲကတော့ ဘယ်ခမ်းနားပါ့မလဲတဲ့။

'ရဲရဲ' 'စိုးခ' နဲ့ နှစ်ယောက်တည်း ကြိတ်ကာ လက်မှတ်ထိုးထားတဲ့ စာချုပ်လေးကိုကြည့်ကာ ရှိုက်ငိုလိုက်မိပါသည်။

သူတို့တွေ လုံးဝသဘောမတူမှာကို သိ၍ 'ရဲရဲ' တို့ နှစ်ယောက်တည်းသိကာ ထိုးထားတဲ့စာချုပ်လေးပါ။

ဒီစာချုပ်လေး ချုပ်ပြီး မကြာခင်မှာ 'စိုးခ' ကို ဂျပန်သို့ ပို့လိုက်တာဖြစ်ပါသည်။

'ရဲရဲ' က ဘာဖြစ်နေလို့လဲ။ 'ရဲရဲ' အရုပ်ဆိုးနေလို့ 'စိုးခ' နဲ့ သဘောမတူတာလား။

'စိုးခ' အလိုကျ 'ရဲရဲ' ဆံပင်တွေကို နှစ်သောင်းကျော် အကုန်


www.burmeseclassic.com

www.burmeseclassic.com



ခိုကာ ဖြောင့်ပစ်ခဲ့ဘူးပါသည်။

ရိုးရိုးသားသား ဝတ်တာကိုမှ သဘောကျသည်ထင်၍လည်း 'ရဲရဲ' သူ့ ဒီဇိုင်းကို မြန်မာဆန်ဆန် ပြောင်းခဲ့ဖူးပါသည်။

နဂိုကတည်းက 'ရဲရဲ' က အရပ်ပုတာမို့ ဒေါင့်မြင့်ကြီးတွေ စီးနေရာမှ 'စိုးခ' အတွက် ပုံတော်ဖိနပ် ပါးပါးလေးကိုလည်း ပြောင်းခဲ့ဖူးပါသည်။

'ရဲရဲ' ဘက်က ဒီလိုအပြောင်းအလဲတွေ လုပ်ပေးနေခဲ့တဲ့ကြားက သူတို့ဘက်က 'စိုးခ' ကို 'ရဲရဲ' မသိအောင် ဂျပန်ကို ပို့ဖြစ်ခဲ့ပါသည်။

'ရဲရဲ' ကျေနပ်ပါ့မလား။ တကယ်ဆို 'စိုးခ' ဟာ 'ရဲရဲ' ချစ်သူပါ။ ဒါကို သိပါလျက် သူတို့မို့ မျက်နှာပြောင်တိုက်ရဲကြသည်။

တွေးရင်း 'ရဲရဲ' ဝမ်းနည်းလာကာ လင့်စင်ပေါ်တက်ရင်း 'စိုးခ' အခန်းကို ခဲတွေနဲ့ ပစ်ပေါက်နေမိပါသည်။

'ရဲရဲ' ဘက်က ဒီလောက်တောင် ကြေကွဲစွာ ခံစားနေရသလောက် 'စိုးခ' က ပျော်ရွှင်နေနိုင်သည်လား။

ဘယ်လိုပဲဖြစ်ဖြစ် 'စိုးခ' ရဲ့ စေ့စပ်ပွဲကို ပျက်စီးအောင် ဖျက်ဆီးဖို့ 'ရဲရဲ' စိတ်ကူးလိုက်မိပါသည်။

ဘာလိုလိုနဲ့ 'စိုးခ' နဲ့ 'ရဲရဲ' ဝေးခဲ့ကြတာ နှစ်နှစ်တောင် ကြာမြင့်ခဲ့ပါသည်။

'ရဲရဲ' ဘက်ကသာ 'စိုးခ' ကို တစ်နေ့မမေ့နိုင်အောင် သတိရနေမိပေမယ့် 'စိုးခ' က 'ရဲရဲ' ကို သတိမှ ရပါသေးရဲ့လား။

ဘယ်လိုပဲဖြစ်ဖြစ် နောက်တစ်ပတ်ကြလျှင် 'ရဲရဲ' 'စိုးခ' ကို ပြန်တွေ့ရပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



'စိုးခ' ဘယ်လိုပုံစံနဲ့ မြန်မာပြည်ကို ပြန်ရောက်လာမှာလဲ။

'ရဲရဲ' လွမ်းတယ် 'စိုးခ' ရယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၈

လေယာဉ်က ခြောက်နာရီဆယ့်ငါးမှ ဆိုက်မှာဖြစ်သော်လည်း 'ရဲရဲ' စိတ်စောကာ ငါးနာရီကျော်ထဲက ကြိုရောက်နေမိပါသည်။

ဘာမှလည်း လုပ်စရာမရှိတာမို့ အပေါ်ထပ်က စားသောက်ဆိုင်ထဲမှာ ထိုင်ကာ အအေးမှာသောက်နေလိုက်ပါသည်။

'ရဲရဲ' ရောက်ပြီး မကြာခင် 'ဖွေး' တို့ မိသားစုရောက်လာကာ 'ဖွေး' တို့နဲ့ မရေးမနှောင်း 'စိုးခ' တို့မိသားစုတွေ ရောက်လာကြပါသည်။

'ရဲရဲ' သူမကို မှတ်မိမှာစိုး၍ နေကာမျက်မှန်အမဲကိုတပ်ကာ ဦးထုပ်အဝိုင်းကြီးကို ဆောင်းပြီး သတင်းစာဖတ်နေလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ဒီပွဲဟာ 'ရဲရဲ' ရဲ့ ပွဲပါ။ ခုတော့ ခိုးကြောင်ခိုးဝှက် သူခိုးလို လုပ်နေရတာ ဘယ်လောက်ရင်နာစရာကောင်းတဲ့ အဖြစ် လဲ။

လေယာဉ်စိုက်တဲ့အချိန်တွင် လေယာဉ်ရဲ့စက်သံနဲ့အပြိုင် 'ရဲရဲ' ရဲ့ နှလုံးခုန်သံက ပြင်းထန်စွာ လှုပ်ရှားနေမိပါသည်။

'စိုးခ' ဘယ်လိုပုံစံနဲ့ ပြန်ရောက်လာမှာလဲ။ ကိုယ်တိုင်ကြိုခွ မရှိသူမို့ အဝေးကနေသာ 'ရဲရဲ' ငေးနေရပါသည်။

မြန်မာ့ဝတ်စုံဖြင့် ပြန်လာသော 'စိုးခ' သည် 'ရဲရဲ' နဲ့ ချစ်ေ တုန်းကထက် အများကြီးကို ချောမွေ့ကာ အများကြီးကို သားနား လာပါသည်။

" 'စိုးခ' ရယ် "

ချစ်သူကို တွေ့နေရပါလျက် မခေါ်ရ မပြောရတဲ့ 'ရဲရဲ' ဖြစ်လောက် ဆိုးဝါးတာ ဒီကမ္ဘာမှာ ရှိပါ့အုံးမလား။

'စိုးခ' တို့ 'ရဲရဲ' နားက ဖြတ်အသွား 'ရဲရဲ' ကို မမြင်အော ပုန်းရတာကလည်း အခံရခက်စရာပါ။

တကယ်ဆို လူချင်းအတူတူ 'ဖွေး' နဲ့ 'ရဲရဲ' ဘာတွေမျ ကွာခြားနေလို့ 'ဖွေး' က 'စိုးခ' ကို ရဲရဲတင်းတင်းကြိုဖို့ ခွင့်ရ 'ရဲရဲ' က ပုန်းလျှိုးကွယ်လျှိုး လုပ်နေရတာပါလဲ။

'ရဲရဲ' ကျောခိုင်းကာ မျက်ရည်ကျနေချိန် 'ရဲရဲ' လိုပဲ လူ ယောက် ကျောခိုင်းအနေအထားဖြင့် 'ရဲရဲ' ကို လှမ်းကြည့်နေ တွေ့လိုက်ရပါသည်။

ဦးထုပ်ကို ငိုက်စိုက်ချ စောင်းကာ ဒူးဆစ်ခန့် ေ ောင်းဘီ တို တီရှပ်အဝါရောင် လက်တိုဖြင့် 'ရဲရဲ' ကို စိုက်ကြည့်နေသူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ။

'ရဲရဲ' မျက်ရည်ကိုသုတ်ကာ မျက်စောင်းအထိုး ထိုလူပုန်းလျှိုး ကွယ်လျှိုးဖြင့် 'စိုးခ' တို့ ကားရှိရာကို လှမ်းကြည့်နေတာ တွေ့ရ ပါသည်။

'စိုးခ' ရဲ့ သူငယ်ချင်းများလား။ သူငယ်ချင်းဆို ရဲရဲတင်း တင်း ခေါ်ရဲရမှာပေါ့။

ခုတော့ ဒီလူပုံစံကလည်း 'ရဲရဲ' လို ပုန်းလျှိုးကွယ်လျှိုးပုံစံ နှင့်ပါ။

'စိုးခ' တို့ကားပေါ် 'ဖွေး' တက်သွားတာကို ငေးကြည့်နေတာ ကို တွေ့ရပါသည်။

သူတို့ ဘယ်သွားကြမှာလဲ။

'ရဲရဲ' ကားပါကင်ဆီ ထွက်လာခဲ့ကာ သူတို့ကားတွေနောက် မှ လိုက်အလာ ခုနက လူလည်း 'ရဲရဲ' ကားနဲ့ မလှမ်းမကမ်းမှ ကပ် လျက်ပါလာတာကို တွေ့ရပါသည်။

အသားဖြူဖြူ မျက်ခုံးထူထူနဲ့ ဒီလူက ဘယ်သူလဲ။ သူက ကော ဘာလိုက်လုပ်နေရတာလဲ။

ကားအားလုံး ရွှေတောင်ကြားဘက်ကို ကွေ့လာသည်ဆို တော့ 'စိုးခ' တို့အိမ်ကို သွားတာကလွဲ၍ ဘယ်ကိုသွားတာမှ မဖြစ် နိုင်တော့ပါ။

'ရဲရဲ' သူတို့ကားအားလုံးကို ကျော်တက်ကာ သူ့ခြံထဲကို အ ရင်ဦးအောင် ဝင်လိုက်မိပါသည်။

ဒါမှ 'စိုးခ' 'ရဲရဲ' ကို အရင်မြင်အောင်လေ။

မြင်ရတဲ့သူ ခံစားရစတမ်းဆို 'စိုးခ' လည်း 'ရဲရဲ' အတွက် ခံ

www.burmeseclassic.com

www.burmeseclassic.com

စားပါစေအုံးပေါ့။

ကားကို ခြံထဲရပ်ကာ ခြံတံခါးကို လာပြန်အပိတ် 'စိုးခ' သူ့ကားထဲက 'ရဲရဲ' ကို ငေးကြည့်နေတာ ကျေနပ်စွာ တွေ့လိုက်ရပါသည်။

'စိုးခ' ရဲ့ မျက်ဝန်းထဲမှာ 'ရဲရဲ' ကို သံယောဇဉ်မကုန်သေးတဲ့ အရိပ်အငွေ့တွေ မြင်တွေ့လိုက်ရပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ညကျရင် 'ရဲရဲ' 'စိုးခ' ကို တွေ့ရဖို့ ကြံရဖန်ရပါအုံးမည်။

'ရဲရဲ' တိုက်ထဲကို ပျော်ရွှင်စွာ ဝင်လာကာ ကားသော့ကို စားပွဲပေါ်အတင် ...

"ဘယ်တွေသွားနေတာလဲ 'ရဲရဲ' ရယ်"

'အန်တီဇာခြည်' က ချွေကြည့်နေရင်းမှ 'ရဲရဲ' ကို လှမ်းဆီး ပြောတာဖြစ်ပါသည်။

အဒေါ်နဲ့တူမ နှစ်ယောက်တည်းသာနေသည့် တစ်ယောက်နဲ့တစ်ယောက် တွေ့ရဖို့ မလွယ်ကူလှပါ။ နှစ်ယောက်လုံး ကိုယ့်အလုပ်နဲ့ကိုယ်မို့ မိုးလင်းတာနဲ့ ကားတစ်ယောက်တစ်စီး၊ ဖုန်းတစ်ယောက်တစ်လုံး၊ အိမ်သော့တစ်ယောက်တစ်ချောင်းစီဖြင့် အပြင်ထွက်နေတာပဲ များပါသည်။

အစားအသောက်နဲ့ ပတ်သက်လို့ကလည်း 'ရဲရဲ' ကြုံရင် 'ရဲရဲ' ဝယ်လာသလို 'အန်တီဇာခြည်' ကြုံရင်လည်း ဝယ်လာနေကြမို့ ပြဿနာမရှိလှပါ။

တစ်ယောက်နဲ့တစ်ယောက် ပြောစရာရှိရင် ဖုန်းနဲ့လှမ်းဆက်ရုံကလွဲ၍ အိမ်ဆိုတာ အိပ်ဖို့လောက်ပဲ အသုံးကျသော နေရာဖြစ်ပါ


www.burmeseclassic.com

www.burmeseclassic.com


သည်။

"သူငယ်ချင်းတစ်ယောက်ကို လေဆိပ်မှာ သွားကြိုပေးတာ ပါ... ဘာဖြစ်လို့လဲ အန်တီလေး"

"ထိုင်ပါအုံး"

'ရဲရဲ' အသားရောင်ဆိုဖာပေါ် ထိုင်ရုံတင်မက ခြေပစ်လက် ပစ်ပါ လှဲချလိုက်မိပါသည်။

'အန်တီဇာခြည်' က 'ရဲရဲ' ကို ငေးကြည့်ကာ တွေးတွေးဆဆ ပြောပါသည်။

"ဒီလိုပဲနေသွားတော့မှာလား"

"ဟာ... နေရင်းထိုင်ရင်း ဘာလိုင်းကြီးပါလား"

'ရဲရဲ' ဆိုဖာမှ ထကာ မီးအုံးတစ်လုံးကို ရင်ခွင်ပိုက်ရင်း 'အန် တီဇာခြည်' ကို လှမ်းကြည့်လိုက်ပါသည်။

'အန်တီဇာခြည်' 'ရဲရဲ' ကို ကြည့်တာ ပေါ့ပေါ့ဆဆ ပုံစံမျိုး မဟုတ်ပါ။

"ဘာလဲ... ဒယ်ဒီ 'အန်တီဇာခြည့်' ဆီ ဖုန်းဆက်တယ်နဲ့တူ တယ် ... ဟုတ်လား"

'အန်တီဇာခြည်' ငြိမ်နေပုံက ဝန်ခံနေသလိုမျိုးပါ။ 'ရဲရဲ' မ ကျေမနပ် နေရာမှ ထရပ်လိုက်မိပါသည်။

ပြီးခဲ့တဲ့နှစ် 'ရဲရဲ' အင်္ဂလန်တွင် ဒီဂရီသင်တန်းသွားတက် တည်းက ဒယ်ဒီ ဒီစကားစခဲ့တာပါ။

"သမီး အသက်လည်း ငယ်တော့တာ မဟုတ်ဘူး... ကိုယ့် အိုးကိုယ့်အိမ်နဲ့ တည်တည်တံ့တံ့ဖြစ်တာ ဒယ်ဒီ မြင်ချင်ပြီ"

ထိုအချိန်က 'စိုးခ' ဂျပန်တွင် ရောက်နေချိန်မို့ 'ရဲရဲ' အိမ်


www.burmeseclassic.com

www.burmeseclassic.com


ထောင်ရေးကို မစဉ်းစားချင်သေးပါ။

"'ရဲရဲ' အောင်မြင်ချင်သေးတယ် ဒယ်ဒီ... တစ်နေ့ကျ ဒယ်ဒီ ဖြစ်ချင်သလို 'ရဲရဲ' လည်း တည်တည်တံ့တံ့နေနိုင်အောင် ကြိုးစားမှာပါ"

ခုဆို 'ရဲရဲ' ဆိုင်ကလည်း အောင်မြင်နေပြီဆိုတော့ ဒယ်ဒီ 'အန်တီဇာခြည့်' ကို သတိပေးလိုက်ပုံရပါသည်။

'ရဲရဲ' ခေါင်းညိတ်ကာ 'အန်တီဇာခြည့်' ကို ကတိပေးလိုက်မိပါသည်။

"ဒီတစ်နှစ် နှစ်နှစ်အတွင်း 'ရဲရဲ' အိမ်ထောင်ရေးကိစ္စကို 'အန်တီဇာခြည့်' ကို အသိပေးပါ့မယ်... ဘယ်သူလဲလို့... ဘယ်ကလဲလို့ ဆိုတဲ့ မေးခွန်းတွေကို 'ရဲရဲ' မဖြေပါရစေနဲ့... 'ရဲရဲ' ဦးနှောက်နဲ့ပဲ 'ရဲရဲ' ဆုံးဖြတ်ပါရစေ"

'ရဲရဲ' ဘက်က ပွင့်လင်းပြတ်သားစွာ ဖြေပြီးပြီဆိုတော့လည်း 'အန်တီဇာခြည့်' ဘက်က ဘာမှဆက်ပြီး မေးမလာတော့ပါ။

အိမ်ထောင်ရေး၊ အချစ်ရေးနဲ့ပတ်သက်လျှင် 'အန်တီဇာခြည်' က ပြတ်သားလွန်းသူပါ။

'အန်တီဇာခြည်' ဘွဲ့ရချိန်တွင် ဖိုးဖိုးတို့က သူတို့လူကြီးချင်း သဘောတူသော သူနဲ့စေ့စပ်ပေးခဲ့သည်။ 'အန်တီဇာခြည်' ဘက်က သဘောမတူပေမယ့်လည်း လူကြီးတွေ စိတ်ချမ်းသာလျှင် ပြီးရော သဘောနှင့် ခေါင်းညိတ်ခဲ့ပါသည်။

နိုင်ငံခြားမှာ ဘွဲ့လွန်သွားတတ်ပြီး ပြန်လာလျှင် လက်ထပ်ဖို့ အားလုံးစီစဉ်ထားချိန်တွင် 'အန်တီဇာခြည်' နှင့် စေ့စပ်ထားသူက ပြန်မလာတော့ဘဲ နိုင်ငံခြားတွင် အိမ်ထောင်ပြုလိုက်လေသည်။

www.burmeseclassic.com

 www.burmeseclassic.com 

ထိုကိစ္စနှင့်ပတ်သက်ကာ ဖိုးဖိုးကော ဖွားဖွားပါ အရှက်ရပြီး ကွယ်လွန်သွားခဲ့ကြသလို အန်တီလေးရဲ့အိမ်ထောင်ရေး ဇာတ်လမ်းလည်း ပြီးဆုံးသွားခဲ့ပါသည်။ ကိစ္စဖြစ်ပြီးထဲက အိမ်ထောင်ရေးကိစ္စနဲ့ပတ်သက်လာလျှင် စီစဉ်တာ တားမြစ်တာ ချုပ်ခြယ်တာတွေ ဘာတစ်ခုမှ မလုပ်ကြတော့ပါ။

ဒါကြောင့်လည်း ဒယ်ဒီ နောက်မိန်းမထပ်ယူတာကို 'အန်တီဇာခြည်' က တားလည်း မတားမြစ်သလို ကန့်လည်း မကန့်ကွက်ခဲ့တာဖြစ်ပါသည်။

ခုဆို 'အန်တီဇာခြည်' ပင် အသက်လေးဆယ်ကျော်လာခဲ့ပါလေပြီ။ တူမဖြစ်သူ 'ရဲရဲ' ကလည်း နှစ်ဆယ့်ငါးနှစ်ဝန်းကျင်ရှိလာပြီဆိုတော့ သူ့အိမ်ထောင်ရေး သူ့ဖာသူ ဆုံးဖြတ်နိုင်စွမ်းရှိလိမ့်မည်ဟု ယုံကြည်တာကြောင့် အခွေပဲ ဆက်ကြည့်နေလိုက်ပါသည်။

တူမဖြစ်သူကို ယုံကြည်တာလည်း ပါ ပါသည်။

'ရဲရဲ' အပေါ်ထပ်ကို ပြန်တက်လာကာ အဝတ်အစားလဲလိုက်ပါသည်။ ခုချိန်လောက်ဆို ဟိုဖက်အိမ်က ဧည့်သည်တွေလည်း ပြန်သွားလောက်ပြီထင်ပါသည်။

'ရဲရဲ' နောက်ဖေးတံခါးမှ တစ်ဆင့်ထွက်ကာ လင့်စင့်ပေါ်ကို တက်လာရင်း 'စိုးခ' အခန်းကို ကဲကြည့်လိုက်ပါသည်။ 'စိုးခ' ရောက်နေသည်လား။ မရောက်သေးဘူးလားမှန်းဆ၍ မရပါ။ မီးတွေအားလုံး ပိတ်ထားပါသည်။

ထိုမီးပိတ်ထားသော အခန်းလေးကို စပေါ့လိုက်မီးအနီလေးဖြင့် 'I miss you' ဆိုတဲ့ စာတမ်းလေးထိုးလိုက်မိပါသည်။

ညအမှောင်မှာ 'နင့်ကို ငါလွမ်းတယ်' ဆိုသော စာတမ်းလေး


www.burmeseclassic.com

www.burmeseclassic.com



က ထင်းနေခဲ့ပါသည်။ 'စိုးခ' သာမြင်မယ်ဆို ချက်ခြင်းတံခါးကို ဖွင့်လိုက်မှာပါ။

'စိုးခ' တံခါးကိုဖွင့်တာနဲ့ 'စိုးခ' ဆီကို ပစ်လိုက်ဖို့ စာလေးလည်း 'ရဲရဲ' အသင့်ရေးထားပြီးပါပြီ။

လွမ်းလိုက်တာ 'စိုးခ' ရယ်... နင်သွားနေတဲ့ ရက်တွေမှာ 'ရဲရဲ' အတွက် ငရဲပါပဲ။

ဝေးကွာခြင်းတွေ၊ လွမ်းရခြင်းတွေ၊ ခွဲခွါရခြင်း ဝေဒနာကို အရင်က 'ရဲရဲ' ရင်မှာ မခံစားဘူးပေမယ့် 'စိုးခ' နဲ့ ဝေးကွာရတဲ့အခါ 'ရဲရဲ' ကောင်းစွာ ခံစားဘူးခဲ့ပါပြီ။

နောက်ထပ် မဝေးပါရစေနဲ့တော့ 'စိုးခ' ရယ်... နောက်ထပ်သာ ထပ်ခွဲရမယ်ဆို 'ရဲရဲ' လွမ်းတာနဲ့ပဲ သေမှာပါပဲ။ ခုတောင် ဆိုင်လေးဖွင့်ထား၍ ဆိုင်အလုပ်တွေနဲ့ မအားလပ်ခဲ့တာကြောင့် 'စိုးခ' ကို အလွမ်းပြေနေတာပါ။

'စိုးခ' ပြန်မရောက်သေးဘူးလား။

'ရဲရဲ' လွမ်းလှပါပြီ အချစ်ရယ်... ပြီးတော့ 'စိုးခ' ကို 'ရဲရဲ' အရမ်းချစ်တယ်။

'I Love You' ဆိုတဲ့ စာတမ်းလေးကို 'စိုးခ' အခန်းမှာအထိုး 'ရဲရဲ' မျက်ဝန်းမှ မျက်ရည်များ စီးကျလာခဲ့ပါသည်။

'ရဲရဲ' ဘဝမှာ ဘယ်ယောကျ်ားလေးကိုမှ မချစ်ခဲ့သလို ဘယ်ယောကျ်ားလေးကိုမှလည်း 'စိုးခ' လောက် မစွဲလန်းခဲ့ဖူးပါဘူး။ 'စိုးခ' ကတော့ 'ရဲရဲ' ငယ်ငယ်လေးထဲက ချစ်ခဲ့ရသူမို့ 'ရဲရဲ' ဒီလောက် တောင် စွဲလန်းမိတာလည်း ဖြစ်ပါလိမ့်မည်။

'ရဲရဲ' 'စိုးခ' အခန်းကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေ



www.burmeseclassic.com

ခိဆဲ 'စိုးခ' ရဲ့အခန်းဆီက မီးနီလေး ပြန်လင်းလာခဲ့ပါသည်။

'စိုးခ' ပြန်ရောက်လာပြီဟူသော အသိနဲ့အတူ 'ရဲရဲ' ရင်တွေဒိတ်ကနဲခုန်ကာ 'စိုးခ' ထိုးလိုက်သော စာတမ်းလေးကို အငမ်းမရဖတ်လိုက်မိပါသည်။

'I hate you' 'နင့်ကို ငါမုန်းတယ်' တဲ့။

ဟုတ်ပါ့မလား။ 'စိုးခ' 'ရဲရဲ' ဆီကို ပို့တဲ့စာ ဟုတ်နိုင်ပါ့မလား။

'ရဲရဲ' မျက်ရည်များနှင့် 'စိုးခ' အခန်းကို စိုက်အကြည့် 'စိုးခ' ဆီက နောက်ထပ် စာတမ်းလေး ထပ်ရောက်လာခဲ့ပြန်ပါသည်။

Don't Disturb (မနှောင့်ယှက်ပါနဲ့) တဲ့။

'ရဲရဲ' ဘာနှောင့်ယှက်လို့လည်း 'ရဲရဲ' လုပ်တာတွေက 'စိုးခ' ကို ချစ်လို့လုပ်နေတာ။

'စိုးခ' နင့်ကို ငါတွေ့ချင်တယ်'

'ရဲရဲ' 'စိုးခ' အခန်းကိုစိုက်ကြည့်ကာ အော်အငို ...

တံခါးပွင့်လာကာ 'စိုးခ' ရဲ့ အမေကြီး ပြတင်းပေါက်မှာပေါ်လာခဲ့ပါသည်။

"ညည်း ရှက်တတ်မယ်ဆိုရင် ကျုပ်သားနဲ့ ဘယ်တော့မှ လာမပတ်သက်ပါနဲ့... ဒီအခန်းမှာ ကျုပ်သားကိုလည်း မထားတော့ဘူး... ကျုပ်ပဲနေတော့မှာ"

" 'စိုးခ' "

'ရဲရဲ' အော်နေဆဲ 'စိုးခ' ကို အဖွားကြီးက ခေါ်ထုတ်ကာ အခန်းပြင်ကို ခြေစောင့်ကာ ထွက်သွားပါတော့သည်။

'ရဲရဲ' 'စိုးခ' ကို ဘယ်လိုဆက်သွယ်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုရင် 'ရဲရဲ' ကို ပေးထားတဲ့ ဟမ်းဖုန်းနံပါတ်ကိုအနှိပ် 'စိုးခ' အမေကြီးအသံကို ကြားလိုက်ရပါသည်။

"ညည်းကို ငါပြောထားတယ် မဟုတ်လား… မနှောင့်ယှက်ပါနဲ့လို့ဆိုတာ… ညည်း မရှက်တော့ဘူးလား"

'စိုးခ' ကို တွေ့ချင်လွန်းလို့ ဒီလိုလုပ်ရတာကို နှောင့်ယှက်တယ်တဲ့လား။

"'စိုးခ' နဲ့ ခဏလေးပဲ တွေ့ရတွေ့ရ စကားလေးနည်းနည်းလေးပဲ ပြောရရင် ကျေနပ်ပါပြီ အန်တီရယ်… တွေ့ခွင့်ပေးပါနော်"

"'စိုးခ' အိပ်သွားပြီ"

ဖုန်းဆောင့်ပိတ်သံနဲ့အတူ 'ရဲရဲ' နှလုံးသားကိုလည်း တူနဲ့အထုခံလိုက်ရသလို နာကျင်သွားစေပါသည်။

ဒီအဖြစ်တွေကို 'စိုးခ' မသိဘူးတဲ့လား။ သိရက်နဲ့ပဲ ဒီလိုဥပေက္ခာ ပြုနေရက်သလား။

'ရဲရဲ' အိပ်ယာပေါ် လှူးလိုမ့်ကာ ရှိုက်ငိုလိုက်မိပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေ့မတွေ့ရလျှင် နောက်နေ့တွေ ရှိနေသေး တာပဲ။

'စိုးခ' ကို 'ရဲရဲ' မတွေ့တွေ့ရအောင် ကြိုးစားပါအုံးမည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



# ၉

ဒီနေ့ မိုးလင်းထဲက 'ရဲရဲ' ဆိုင်မထွက်ပါ။ 'သီရိ' ဆီကို ဖုန်းလှမ်းဆက်ပြီး လုပ်သင့်တာကို လုပ်ထားဖို့ ကြိုမှာထားလိုက်ပါသည်။

'အန်တီဇာခြည်' က ဘာဖြစ်လို့ ဆိုင်မထွက်တာလည်း မေးတာကို ခေါင်းကိုက်၍ အကြောင်းပြကာ အိမ်မှာနေ့ရစ်ခဲ့မိပါသည်။

'ရဲရဲ' စိတ်ထဲ 'စိုးခ' ကို အရမ်းတွေ့ချင်နေမိပါသည်။ အိမ်မှာ ပြန်ရောက်နေတဲ့ 'စိုးခ' ကကော အပြင်ကို မထွက်ဘဲ နေနိုင်ပါ့မလား။

'ရဲရဲ' မျှော်လင့်ထားသလိုပင် ကိုးနာရီလောက်တွင် 'စိုးခ' အိပ်ရာမှ နိုးလာပုံနှင့် ဝရံတာတွင် ထွက်ရပ်နေတာကို တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။

" 'စိုးခ' "

'ရဲရဲ' ဒီဘက်က လက်ယက်အခေါ် 'စိုးခ' 'ရဲရဲ' ကိုတွေ့သွားပုံနှင့် 'ရဲရဲ' တို့ ခြံဘက်ကို ကပ်လာခဲ့ပါသည်။

"တွေ့ချင်တယ်"

'ရဲရဲ' က အသံကို လက်ဝါးနဲ့အုပ်ကာအာအော် ...

"ထွက်လို့မရဘူး"

"ရအောင်ထွက်ခဲ့လေ"

'စိုးခ' အထဲကို ပြန်ဝင်သွားတာ တွေ့လိုက်ရပါသည်။

'စိုးခ' အထဲကို ပြန်ဝင်သွားသည်နှင့် 'ရဲရဲ' ကားပေါ်ကိုတက်ကာ လမ်းထိပ်မှာ ကြိုစောင့်နေလိုက်မိပါသည်။

'စိုးခ' ကို တွေ့ရတော့မှာမို့ 'ရဲရဲ' ရင်တွေခုန်ကာ ခြေဖျားလက်ဖျားတွေပင် အေးစက်နေရပါသည်။

'ရဲရဲ' နဲ့ 'စိုးခ' မတွေ့ရတာ နှစ်နှစ်ပင် ကျော်ခဲ့ပါပြီ။

'ရဲရဲ' မှာဖြင့် 'စိုးခ' ကို လွမ်းလိုက်ရတာ။ 'စိုးခ' ကော 'ရဲရဲ' ကို လွမ်းသေးရဲ့လား။ နောက်ကြည့်မှန်မှတစ်ဆင့် မြင်နေရသော ကိုယ့်ရုပ်ကိုကြည့်ကာ 'ရဲရဲ' မျက်နှာကို ကရင်းပတ်(ဖ) နှင့် ရိုက်လိုက်မိပါသည်။

ခဏအကြာ 'စိုးခ' တို့အိမ်မှ ရွှေရောင်မာစီးဒီးကားကြီး 'ရဲရဲ' ကားလေးနဲ့ မလှမ်းမကမ်းတွင် ထိုးရပ်လိုက်တာကို တွေ့လိုက်ရပါသည်။

ကားပေါ်မှ အထုပ်အပိုးအချို့နဲ့ 'စိုးခ' ဆင်းလာတာကို မြင်လိုက်ရတာကြောင့် 'ရဲရဲ' ကားပေါ်မှ ပြေးဆင်းကာ 'စိုးခ' ကို ကြို



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိပါသည်။

"'စိုးခ' 'ရဲရဲ' ဆီကို လာတယ် ဟုတ်လား… ဝမ်းသာလိုက်တာ 'စိုးခ' ရယ်"

ဝမ်းသာလွန်းတဲ့စိတ်ဖြင့် 'ရဲရဲ' အငို … 'စိုးခ' က နောက်ဖက်ကို စိတ်မချသလိုလှည့်ကြည့်ရင်း 'ရဲရဲ' ကို လှမ်းပြောပါသည်။

"ကိုယ်တို့ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး 'ရဲရဲ'… အိမ်က တွေ့သွားမှာ ကြောက်ရတယ်… တစ်နေရာရာမှာ သွား စကားပြောရအောင်"

နှစ်ယောက်သား ကိုယ့်ကားကိုယ်မောင်းကာ အင်းယားစောင်းကို ရောက်လာခဲ့ကြပါသည်။

" 'စိုးခ' ရယ်"

'ရဲရဲ' စကားမပြောနိုင်သေးဘဲ 'စိုးခ' ကို ကြည့်ကာ မျက်ရည်အကျ 'စိုးခ' ကလည်း 'ရဲရဲ' ကို ငေးကြည့်နေပါသည်။ လူကြီးတွေဘယ်လိုမှ သဘောမတူ၍ 'ရဲရဲ' ကို ဥပေက္ခာ ပြုခဲ့ရပေမယ့် 'ရဲရဲ' ဟာ 'စိုးခ' ရဲ့ အချစ်ဦးပါ။

'ရဲရဲ' ကို ရင်ခွင့်မှာ ထွေးအပွေ့ …

" 'စိုးခ' သိပ်ဆိုးတာပဲ… 'ရဲရဲ' ကို နှစ်နှစ်လုံး ဒီအတိုင်းပစ်ထားခဲ့တယ်"

"ကိုယ် 'ရဲရဲ' ကိုနေ့တိုင်း သတိရပါတယ်… ဒါပေမယ့် ကိုယ်ဟိုမှာ နေရတာ ဦးလေးအိမ်မှာဆိုတော့ သူတို့စကားနားမထောင်လို့ မဖြစ်ဘူးလေ… ဦးလေးကလည်း မေမေ့ကို အသေကြောက်ရတဲ့သူဆိုတော့ ကိုယ့်ကို တချက်လေးမှ အလစ်မပေးဘူး ဒီကြားထဲ ကိုယ် 'ရဲရဲ' ဆီ စာရေးပါသေးတယ်… 'ရဲရဲ' ဆီက စာ

www.burmeseclassic.com



တစ်ဓောင်မှ ပြန်မလာဘူး"

ထိုအချိန်က 'ရဲရဲ' အင်္ဂလန်ကို ရောက်နေတဲ့အချိန်တွေ ဖြစ်မှာပါလေ။

"ခုတောင် သူငယ်ချင်းပေးလိုက်တဲ့ လက်ဆောင် သွားပေးစရာရှိတယ်ဆိုပြီး အတင်းထွက်လာခဲ့ရတာ... ဆယ်နှာရှိခွဲအမှီကိုယ်ပြန်ရမှာ"

'ရဲရဲ' 'စိုးခ' လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ တီးတိုးပြောလိုက်မိပါသည်။

"ပြန်မနေပါနဲ့တော့ 'စိုးခ' ရယ်... 'ရဲရဲ' တို့လည်း အရွယ်ရောက်နေကြမှပဲ... ကိုယ့်လမ်းကိုယ်လျှောက်လို့ရနေပါပြီ"

"ကိုယ် မေမေ့ကို စိတ်မဆင်းရဲစေချင်ဘူး"

"ဒါဖြင့် 'ရဲရဲ' ကိုတော့ စိတ်ဆင်းရဲစေချင်တယ်ပေါ့ ဟုတ်လား"

'ရဲရဲ' ရှိုက်ငိုကာ 'စိုးခ' ကို ထုရိုက်ပစ်လိုက်မိပါသည်။

" 'ရဲရဲ' မှာဖြင့် 'စိုးခ' ကို ချစ်လွန်းလို့ သူ့အိမ်က သဘောတူမလား ကြိုးစားလိုက်ရတာ... 'စိုးခ' ကတော့ 'ရဲရဲ' အတွက် ဘာကြိုးစားပေးဖူးလဲ... 'ရဲရဲ' အတွက် ဘာလိုက်လျှောပေးဘူးလဲ"

'စိုးခ' က ဘာမှမပြောဘဲ ငေးငိုက်နေပါသည်။ အေးသော နိုင်ငံက ပြန်လာစမို့ 'စိုးခ' အသားတွေက ပိုပြီးဖြူဖွေးကာ နုနယ်ပြီး 'စိုးခ' ရဲ့ နှုတ်ခမ်းလေးတွေကလည်း ရဲစိုနေပါသည်။

အဝါနုရောင် တီရှပ်လက်ရှည်၊ အနက်ရောင်ဘောင်းဘီရှည်ဖြင့် 'စိုးခ' က အရင်ကထက် ပိုခန့်ငြားကာ ပိုပြီးချောမောလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအလှတွေကို 'ရဲရဲ' မပိုင်ဆိုင်သင့်ဘူးလား။ ဒီအလှတွေက 'ရဲရဲ' အတွက် မဖြစ်သင့်ဘူးလား။

တွေးလေ... တွေးလေ 'ရဲရဲ' မျက်ဝန်းထဲ မျက်ရည်တွေ ပြည့်လျှံကျလာလေမို့ 'စိုးခ' က စိတ်ညစ်သလို ပြောလာပါသည်။

" 'ရဲရဲ' ကလည်းကွာ... လူတွေကြည့်နေတာ မကောင်းပါဘူး"

"ကောင်းကောင်း မကောင်းကောင်း 'ရဲရဲ' ရင်ထဲမှာခံစားနေရတာ 'ရဲရဲ' ပဲသိတယ်... ဘယ်သူမှသိတာ မဟုတ်ဘူး"

"ကိုယ်သိပါတယ်... 'ရဲရဲ' အလိုကိုလည်း လိုက်ချင်ပါတယ်"

"တကယ်"

'ရဲရဲ' မျက်နှာလေး ပြုံးပျော်သွားခဲ့ရပါသည်။

"ကိုယ့်ကို အချိန်ပေးပါ"

"တစ်ပါတ်"

"တစ်ပါတ်ကြီးများတောင် ဟုတ်လား"

"ဟုတ်တယ်... အဲဒီ တစ်ပါတ်ထဲမှာ ကိုယ်စီစဉ်စရာရှိတာတွေ စီစဉ်ရမယ်... 'ရဲရဲ' လည်း ကိုယ့်ကို နားလည်ပေးပါ"

"ဒီကြားထဲ 'ရဲရဲ' တွေ့ချင်ရင်ကော"

ဘယ်လိုပဲဖြစ်ဖြစ် ချစ်သူနဲ့ ဆုံဆည်းရတယ်ဆိုတော့ 'ရဲရဲ' စိတ်ထဲကြည်နူးနေရပါသည်။

နောက်တစ်ပါတ်ဆို 'ရဲရဲ' 'စိုးခ' ကို အပြီးပိုင်ဆိုင်ရတော့မည်။

"ဒါတွေက 'ရဲရဲ' အတွက် ကိုယ့်လက်ဆောင်တွေပါ"

စပျစ်သီးခြောက်ရောင် ဆွယ်တာတစ်ထည်၊ နှုတ်ခမ်းနီဘူး



www.burmeseclassic.com

www.burmeseclassic.com


ခြောက်ဘူး တစ်ပါကင်၊ ခရစ်စတယ်ဆွဲကြိုးလေးတစ်ကုံးနဲ့ လှပသော ထီးလေးတစ်ချောင်းပါ။

" 'ဖွေး' နဲ့ အတူတူပဲလားဟင်"

" 'ဖွေး' ဟုတ်လား… 'ဖွေး' ကို 'ရဲရဲ' သိလို့လား"

'စိုးခ' က တအံ့တသြအမေး 'ရဲရဲ' က ခေါင်းညိတ်ပြကာ လက်ထပ်ဝတ်စုံနဲ့ ညစာစားပွဲဝတ်စုံ လာအပ်သွားတာကို ပြောအပြ 'စိုးခ' က အားနာနေပါသည်။

"မေမေတို့က အဲဒီလိုပဲ… သူတို့လုပ်ချင်တာကို စွတ်လုပ်ရမှ ကျေနပ်တာ"

ဘာပဲဖြစ်ဖြစ် နောက်တစ်ပါတ်ဆို 'စိုးခ' ကို 'ရဲရဲ' အပြီး ပိုင်ဆိုင်ရတော့မှာပဲလေ။ 'ရဲရဲ' ခွင့်လွှတ်နိုင်ပါသည်။

ချစ်သူနှစ်ဦး လမ်းခွဲချိန်တွင် 'စိုးခ' ရဲ့ကားနောက်မှာ နောက်ထပ်ကားတစ်စီး ပါလာသည်ကို 'စိုးခ' ကော 'ရဲရဲ' ပါ လုံးဝသတိမထားမိကြပါ။

'ရဲရဲ' ရဲ့ရင်ထဲမှာ အပျော်တွေဖြင့် ပြည့်နှက်နေသလို 'စိုးခ' ရဲ့ရင်ထဲမှာလည်း ရှေ့လျှောက်ရင်ဆိုင်ရမယ့် ပြဿနာတွေအတွက် ကြိုတင်ကာ ပြင်ဆင်နေမိပါသည်။


www.burmeseclassic.com

www.burmeseclassic.com

## ၁၀

တကယ်တကယ်တော့ ကျောချမှ ဓါးပြမှန်း သိရသလို မေမေတို့ ကြည်ဖြူစွာ လွှတ်လိုက်တာ 'စိုးခ' ကို ချောင်းဖမ်းချင်လို့မှန်း အိမ်ပြန်ရောက်မှ 'စိုးခ' သိရပါတော့သည်။

"ကဲ… မင်း ဘာပြောင်းချင်သေးလဲ 'စိုးခ'"

'စိုးခ' ဘာကိုပြင်းရမှာလဲ။ အမှန်အတိုင်း ဝန်အခံ …

"မင်းမို့လို့ကွယ်… မေမေတို့ပေးစားတဲ့ 'ဖွေး' မှာ ဘာအပြစ်ရှိနေလို့လဲ"

'စိုးခ' ခေါင်းခါလိုက်မိသည်။ 'ဖွေး' မှာ ဘာအပြစ်မှ မရှိပါ။ အပြစ်ရှိနေတာက သူပါ။

"ရည်းစားထားတာ အပြစ်မှ မဟုတ်တာ သားရယ်… ယောကျ်ားလေးပဲ ဒီလောက်တော့ ရှိမယ်ဆိုတာ 'ဖွေး' လည်းနား


www.burmeseclassic.com

www.burmeseclassic.com

လည်ပြီးသွားနေမှာပါ… ရှုပ်ပါတယ်ကွယ်… တစ်ပါတ်လည်း စောင့်မနေနဲ့တော့ မင်းကောင့်မလေးရန်ကလည်း လွတ်သွားအောင် ဒီကြားထဲပဲ စေ့စပ်လိုက်မယ်… စေ့စပ်ပြီးနောက်တစ်ရက် ချောင်းသာကို မင်းတို့ ရှောင်သွားလိုက် မကောင်းဘူးလား"

"'ရဲရဲ' ကျွန်တော့်ကို အဖောင်လွဲသွားရင် ဘယ်နှယ့်လုပ်မလဲ"

"ဘာလုပ်စရာရှိလို့လဲ… 'ဖွေး' ကို ရွေးသွားမှပဲ သူ့ကို မလိုချင်လို့ဆိုတာ သူနားလည်မှာပါ"

"ကျွန်တော် မလုပ်ရက်ဘူး"

"အဲဒီစကားက မေမေတို့ အစီအစဉ်ကိုတော့ ဖျက်ရက်တယ် အဲဒီလို ဆိုလိုချင်တာလား"

'စိုးခ' ဆံပင်ထဲ လက်ဆယ်ချောင်းလုံး ထိုးသွင်းကာ ခေါင်းကို စုံကုတ်လိုက်ပါသည်။

"ကဲပါ… စိတ်ရှုပ်စရာတွေ ဘာမှ မစဉ်းစားနဲ့ မေမေတို့ ပြောတာပဲ နားထောင်လိုက်… ချောင်းသာမှာ သွားနဲ့ 'ဖွေး' ပျော်သလောက်နေ… မေမေ ချောင်းသာကို ဘွတ်ကင် လှမ်းလုပ်လိုက်အုံးမယ်"

"'ဖွေး' တို့ဘက်ကကော လက်ခံပါ့မလား… မေမေ"

"သားရယ်… 'ဖွေး' ဟာ လိမ္မာယဉ်ကျေးပြီး မိဘစကားကို အင်မတန် နားထောင်တဲ့ မိန်းကလေးဆိုတာ ဟိုကျရင် သားသိရမှာပါ… မေမေတို့ စီစဉ်တာကိုပဲ သားလက်ခံလိုက်ပါ"

သည်လိုနှင့် 'စိုးခ' တစ်ယောက် ကိုယ့်အစီအစဉ်ကို ဘေးဖယ်ကာ မေမေတို့အစီအစဉ်အတိုင်း လိုက်နာခဲ့ရပါတော့သည်။

'ရဲရဲ' တစ်ယောက် 'စိုးခ' ကို ဘယ်လောက်များ မှန်းတီးနာ


www.burmeseclassic.com

www.burmeseclassic.com



ကြည်းနေမည်မသိပါ။

"ကိုယ့်ကို ခွင့်လွှတ်ပါ 'ရဲရဲ' ရယ်"

'စိုးခ' ရင်ထဲမှ ကြိတ်ကာ 'ရဲရဲ' ကို တောင်းပန်နေချိန် 'ရဲရဲ' အဖို့က အကြီးအကျယ်ကို ပေါက်ကွဲနေချိန်ပါ။

ဒါလား ယောကျ်ားစကား။

'ရဲရဲ' မှာတော့ 'စိုးခ' စကားကို အတည်ယူကာ ဒယ်ဒီ့ဆီကို ပင် ဖုန်းလှမ်းဆက်ခဲ့ပြီးပါပြီ။

သမီးရောက်လာမည်ဆို၍ ဒယ်ဒီက အကြီးအကျယ် ဝမ်းသာ ကာ နေဖို့ထိုင်ဖို့ပင် စီစဉ်ပေးပါသည်။ 'စိုးခ' အလုပ်ရဖို့အတွက် ကိုလည်း ဒယ်ဒီပဲ စီစဉ်ပေးပါသည်။

ဒီလောက် 'ရဲရဲ' ဘက်က စီစဉ်ပေးနေပါလျက် 'စိုးခ' 'ရဲရဲ' ကို တစ်ပါတ်ရိုက်သွားတာ ကောင်းသလား။

တကယ်ဆို 'စိုးခ' ရဲ့ အစီအစဉ်ကိုလည်း 'ရဲရဲ' မသိခဲ့ပါ။ ဖြစ်ချင်တော့ 'ဖွေး' သူငယ်ချင်းတစ်ယောက် 'ရဲရဲ' ရဲ့ဆိုင်ကို ရောက်လာကာ ဝတ်စုံလာအပ်ရာမှ 'ဖွေး' နဲ့ 'စိုးခ' စေ့စပ်ပြီး ချောင်းသာကို ထွက်သွားတာ 'ရဲရဲ' သိခဲ့ရတာဖြစ်ပါသည်။ ကြား စက 'ရဲရဲ' ကိုယ့်နားကိုပင် မယုံချင်ပါ။

'စိုးခ' တို့အိမ်ကို ဖုန်းဆက်မှ 'စိုးခ' အမေကြီးက 'ရဲရဲ' ကို ပြောခဲ့တာဖြစ်ပါသည်။

"ညည်းရန်ကိုကြောက်လို့ စောစောပဲ စေ့စပ်ပေးလိုက်တာ... ခုလောက်ဆို သူတို့ ချောင်းသာမှာ အရမ်းကို ပျော်နေကြမှာပါ"

'ရဲရဲ' ဖုန်းကိုဆောင့်ချလိုက်ရင်း လက်သီးကိုကျစ်ကျစ်ပါ အောင်ဆုပ်ထားလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရဲရဲ' ကို ဒါမျိုးလုပ်လို့ရမယ်များ အောင်းမေ့လို့လား။

'ရဲရဲ' သူ့ဆယ်လူလာကိုနှိပ်ကာ 'သီရိ' ကိုခေါ်လိုက်ပါသည်။

" 'သီရိ' လား"

"ဟုတ်ကဲ့... ပြောပါ မမ"

"မမ ခရီးတစ်ပါတ်လောက်ထွက်ချင်တယ်... 'သီရိ' ဆိုင်ကို နိုင်မလား"

"ရပါတယ် မမ... 'ယမင်း' လည်း ရှိနေတာပဲ"

'ယမင်း' က 'သီရိ' ရဲ့လက်ထောက်အဖြစ် ထပ်မံခန့်ထားသော ကောင်မလေးပါ။ ဂျပန်မှ စပ်ချုပ်သင်တန်း ဒီပလိုမာရလာကာ 'ရဲရဲ' ဆီမှာ ဒီဇိုင်းသင်တန်းလာတတ်နေသူလည်း ဖြစ်ပါသည်။ အခြားရက်တွေထက် ခုရက်ပိုင်းတွေက အပ်ထည်ပိုများတာကြောင့်လည်း ...

"လူမနိုင်ရင် ပန်းထိုးဖို့ နှစ်ယောက်လောက် ထပ်ခေါ်ရင် ကောင်းမလား"

"မမက ဘယ်သွားမှာမို့လို့လဲ"

"အရေးကြီးကိစ္စရှိလို့ပါ"

"အဲဒါဆိုလည်း ထပ်ခေါ်လိုက်လေ မမ... အရေးကြီး မင်္ဂလာပွဲအတွက် 'သီရိ' နဲ့ 'ယမင်း' က တာဝန်ယူပြီး ကျန်တဲ့အလုပ်သမားတွေကို ရိုးရိုးအပ်ထည်တွေ တာဝန်ယူခိုင်းလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ 'သီရိ' ရယ်"

'သီရိ' ဆီက ခွင့်ပြုချက်ရသည်နှင့် 'အန်တီဇာခြည်' ဆီကို ဖုန်းဆက်ရပြန်သည်။ သူတစ်ပါတ်ခန့် အပန်းဖြေခရီးထွက်မယ့် အကြောင်းကိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကိုစွ စိတ်ချရလား မေးနေတာကြောင့် စိတ်ချရကြောင်း ပြန်ပြောပြီး ခရီးဆောင်အိတ်တစ်လုံးထဲ အဝတ်လေးငါးစုံ ထိုးသိပ်ထည့်ကာ ကားကိုလျင်မြန်စွာ မောင်းလာခဲ့လိုက်ပါသည်။

စိတ်ထဲမှာတော့ ခံပြင်းမှုနှင့်အတူ ဒေါသကလည်း ဘယ်လိုမှ ချုပ်တီး၍ မရသေးပါ။

'ရဲရဲ' ကို စွန့်ပစ်သွားခဲ့ရလောက်အောင် 'ရဲရဲ' က အတော်ကြီးကို တုံးနေ အနေသော မိန်းမတစ်ယောက်ဖြစ်နေခဲ့လို့လား။

'ရဲရဲ' မအတာ 'ရဲရဲ' တော်တာကို 'စိုးခ' ကသာ အသိအမှတ်မပြုခဲ့ပေမယ့် အသိအမှတ်ပြုတဲ့လူတွေဆိုတာ တစ်ပုံကြီးပါ။

'ရဲရဲ' သာ ခေါင်းညိတ်မယ်ဆို 'ရဲရဲ' အပေါ် နေချင်တဲ့လူတွေကို 'ရဲရဲ' မနည်းပင် ခါချနေရတဲ့သူပါ။

ဒီလို 'ရဲရဲ' ကို 'စိုးခ' မို့ ဒီလို မိုက်မိုက်ရိုင်းရိုင်းလုပ်ရက်တာလား။

ကားမောင်းလာရင်းမှ မျက်ရည်တွေလည်း ကျကာ 'ရဲရဲ' ဒေါသတွေလည်း ထွက်နေမိပါသည်။

'ရဲရဲ' မှာဖြင့် ချစ်သူပေးသော ဝတ်စုံလေးကို မဝတ်ရက်ဘဲ ဘီဒိုထဲအလှချိတ်ထားခဲ့တာပါ။ ခု ဒီဝတ်စုံကို ဘာလုပ်ရတော့မှာလဲ။

'ရဲရဲ' လမ်းဘေးတွင် ကားကို ထိုးရပ်ကာ 'စိုးခ' ပေးထားသော ဝတ်စုံကို ဆွဲဖြဲနေမိပါသည်။ ပြီးတော့ နှုတ်ခမ်းနီတွေကိုလည်း တစ်တောင့်ပြီး တစ်တောင့် ချိုးပစ်နေမိပါသည်။

ဒါ 'ရဲရဲ' ကို ချစ်လို့ပေးခဲ့တာမဟုတ်။ တာဝန်အရ ဖြေကောင်း တတ်၍ ပေးခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါအုံး။ 'ရဲရဲ' ကဖြင့် ချစ်သူပေးတယ်ဆိုပြီး ခရစ်စတယ်လည်ဆွဲပန်းရောင်လေးကို မြတ်နိုးစွာ လည်ပင်းမှာ ဆွဲထားလိုက်တာ။ လည်ဆွဲလေးနဲ့ ဆင်တူ နှုတ်ခမ်းနီပန်းနုရောင်လေးကို ပင် လှပစွာ ဆိုးထားမိပါသေးသည်။

အားလုံးနဲ့လိုက်ဖက်အောင် ခေါင်းစီးလေးကလည်း အနားသားတွင် ဖန်သီးလေးတွေ သီထားသော ခေါင်းစီးပန်းရောင်လေးကို မြင့်မြင့်လေး စုချီထားမိတာပါ။

သည်တော့ ဆံပင်ကောက်ဖွာဖွာလေးနဲ့ 'ရဲရဲ' ဘယ်လောက်လှလိုက်သလဲ။

ဒီအလှအပတွေက 'စိုးခ' မြင်ရအောင် 'ရဲရဲ' တမင်ပြင်ထားခဲ့တာပါ။

ခုတော့ ဒါတွေကို ဘာလုပ်ရမှာလဲ။

'ရဲရဲ' ကားရှေ့ ဒက်(ရှ်) ဘုတ်ပေါ်တွင် တင်ထားသော တစ်ရှူးပေပါကိုယူကာ နှုတ်ခမ်းနီတွေကို ကြမ်းတမ်းစွာ ဖျက်ပစ်လိုက်ပြီး ဆွဲကြိုးကိုလည်း ဆောင့်ဆွဲပြီး ကားဒက်(ရှ်) ဘုတ်ပေါ် လွှင့်ပစ်လိုက်မိပါသည်။

အလကား အဲဒါ အချစ်တွေ မဟုတ်ဘူး အဆိပ်တွေ။

အဲဒီ အဆိပ်တွေခပ်ပြီး 'စိုးခ' 'ရဲရဲ' ကို လိမ်ညာသွားခဲ့တာ။ 'ရဲ' 'စိုးခ' ကို ဘယ်လိုနည်းနဲ့မှ ခွင့်မလွှတ်နိုင်ပါ။

'ရဲရဲ' ကားကို တလကြမ်းမောင်းကာ 'စိုးခ' တို့နောက်ကို လိုက်လာခဲ့မိပါသည်။

ဒေါသဖြစ်လွန်း၍ ကားဘယ်လောက်အရှိန်ပြင်းနေသည်ကိုလည်း 'ရဲရဲ' ဂရုမပြုနိုင်ပါ။ ခုချိန် 'စိုးခ' ကိုတွေ့ရလျှင် အမှုန့်ခြေ



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်ချင်နေတာပဲ သိပါသည်။

ကားတွေ၏ကို တစ်စီးပြီးတစ်စီး ဖြတ်ကာကျော်အတက် 'ကျော်ဒေးယျ' ၏ကားနဲ့ ဘေးချင်းယှဉ်မိရက်သားဖြစ်သွားရပါသည်။

'ကျော်ဒေးယျ' သူ့ကားကို ကျော်တက်ဖို့ ကြိုးစားနေသော ကားအနီလေးကို လှည့်ကြည့်ရင်း မျက်မှောင်ကုတ်သွားမိပါသည်။

ကားပေါ်တွင် ကားမောင်းလာသော ကောင်မလေးက 'ကျော်ဒေးယျ' နဲ့မှ ရွယ်တူလောက်ရှိသော နှစ်ဆယ့်လေး နှစ်ဆယ့်ငါးနှစ်အရွယ် ကောင်မလေးတစ်ယောက်ပါ။

မျက်မှန်အမဲကို တတ်ထားတဲ့ကြားမှ မျက်ရည်များက ပါးပေါ်ကို အတောမသတ် စီးဆင်းနေရကာ ကား၏ရှေ့ဘက်ရှိ ဒက်(ရှ်)ဘုတ်ပေါ်မှာလည်း တစ်ရှူးစတွေ၊ နှုတ်ခမ်းနီတောင့်တွေ၊ ဆံပင်ကြိုးတွေ၊ အကျီတွေ ရှုပ်ပွကာ ပွရွနေပါသည်။

သူမ ဘာဖြစ်လာတာပါလိမ့်။

လောကကြီးမှာ ကိုယ်တစ်ယောက်ပဲ ဒုက္ခရောက်နေသလား အောင်းမေ့ကာ ကိုယ့်ကိုယ်ကို သနားနေမိတာ ခုတော့လည်း ကိုယ့်လိုလူတွေ ဒုနဲ့ဒေးပါလားဟု တွေးမိ၍ ကျွန်တော် ပြုံးလိုက်မိပါသည်။

ကျွန်တော်က အချစ်ဖြင့် ရင်ကွဲနာကျပြီး ရန်ကုန်မြို့က ထွက်ပြေးလာသလို သူမလေးကကော ကျွန်တော့်လိုပဲ ထွက်ပြေးလာခဲ့တာပဲလား။

ကျွန်တော်သည် ချစ်သူက စွန့်ပစ်သွားသူဖြစ် ရှုံးနိမ့်စွာ ထွက်ပြေးလာခဲ့တာဖြစ်ပေမယ့် သူမလေးကတော့ သူ့ချစ်သူက



www.burmeseclassic.com

www.burmeseclassic.com


စွန့်ပစ်သွားတယ်ဆိုတာ လုံးဝ ဖြစ်နိုင်ပုံမပေါ်ပါ။

အဘယ်ကြောင့်ဆိုသော် သူမလေးပုံစံက ယောကျ်ားတစ်ယောက် စွန့်ပစ်သွားခြင်းခံရလောက်အောင် အရုပ်ဆိုး အကျည်းတန်သူ မဟုတ်၍တည်း။

ခွေကောက်သော ဆံပင်တိုများကို ခေါင်းစီးလှလှဖြင့် ခေါင်းထက်မှာ မြင့်မြင့်စုချည်ထားသော ကောင်မလေးသည် သွက်လက်ဖျတ်လက်သည်နှင့်အမျှ အလွန်လည်း ချစ်စရာကောင်းသူလေး တစ်ဦးပါ။

မျက်မှန်အမဲအောက်မှ နှုတ်ခမ်းပါးလေးက တစ်စုံတစ်ရာကို ဆုံးဖြတ်ပြီးလျှင် ဆုံးဖြတ်ထားတဲ့အတိုင်း လုပ်မယ့် ရုပ်မျိုးလေးပါ။

ဒါဆို သူမက ဘယ်ကိုသွားပြီး ဘာလုပ်မှာလဲ။

ပြီးတော့လည်း ဘာလို့များ အလောတကြီး ဖြစ်နေရတာလဲ။

'ကျော်ဒေးယျ' ငေးကြည့်နေမိဆဲ ...

"ဟာ... ကား...ကား"

'ကျော်ဒေးယျ' ကို ကျော်အတက် ရှေ့တည့်တည့်မှ ကားလာနေတာကို သူမက သတိပြုမိပုံမပေါ်ပါ။ ကားရှိရာကို တည့်တည့်ကြီးမောင်းနေပြီး 'ကျော်ဒေးယျ' အော်လိုက်မှ သတိဝင်သွားပုံနှင့် ကားကို လမ်းဘေးဘက်ဆွဲအချ ကားက အရှိန်လွန်ကာ လယ်ကွင်းအစပ်တွင် ထိုးရပ်သွားပါတော့သည်။

'ကျော်ဒေးယျ' ဘရိတ်အုပ်ကာ ကားကို စက်သပ်ရင်း သူမဆီကို ပြေးအလာ ကားစတီရာယင်ပေါ် မျက်နှာကိုမှောက်ကာ တသိမ့်သိမ့်ရှိုက်ငိုနေသော သူမကို တွေ့လိုက်ရပါသည်။

"ဘာဖြစ်သွားသေးလဲ"


www.burmeseclassic.com

www.burmeseclassic.com



အချိန်ပြင်းပြင်းဖြင့် ကားကထိုးကျသွားတာမို့ သူများ တစ်စုံတစ်ရာဖြစ်သွားသလား။ ကျွန်တော့်ရင်ထဲ စိုးရိမ်မိပါသည်။

ဒါပေမယ့် ကျွန်တော့်ရဲ့အမေးကို သူမက အဖက်လုပ်ကာလုံးဝမဖြေပါ။

ပိုလို့ပင် ငိုရှိုက်ကောင်းနေပုံနှင့် ရှိုက်ကာရှိုက်ကာ ငိုနေတာကြောင့် ကျွန်တော့်ရင်ထဲ ပိုလို့ပင် စိုးရိမ်သွားရပါသည်။

"မေးနေတယ်လေကွာ… ဘာဖြစ်သွားသေးလဲလို့"

"ဘာမှမဖြစ်တာကို ရှင်မမြင်ဘူးလား… တကယ်ဆို တစ်ခါထဲ သေသွားရမှာ… တစ်ခါထဲကို သေချင်နေတာ"

ရှူးရှူးရဲရဲ ပြန်အော်လိုက်သော သူမရဲ့အသံလေးကြောင့် ကျွန်တော်စိတ်တိုရမယ့်အစား ရယ်ချင်သွားရပါသည်။

ကြည့်ပါအုံး။ ရုပ်လေးနဲ့ပင်မလိုက်အောင် ပြန်အော်နေလိုက်တာ၊ ဘာဖြစ်လို့ သူမက ဒေါသတွေ အသလွတ်ကြီးနေရတာလဲ။

"ဘာလဲ… ခင်ဗျားအိမ်နဲ့ ရန်ဖြစ်ခဲ့လို့လား"

"အိမ်နဲ့ ရန်ဖြစ်တာနဲ့ သေစရာလား"

သူမက မျက်မှန်ကို ချွတ်ကာ ကားဒက်(ရှ်) ဘုတ်ပေါ်ပစ်တင်ရင်း ကျွန်တော့်ကို လှမ်းပြောပါသည်။ သည်တော့မှ သူမရဲ့လှပသော မျက်လုံးလေးတွေကို မြင်ခွင့်ရပါသည်။

"ဒါဖြင့် ဘယ်သူနဲ့ ရန်ဖြစ်မှ သေရမှာလဲ"

"ရည်းစားနဲ့ရှင့်… ရှင့်ရည်းစားနဲ့ ရန်ဖြစ်ရင် ရှင်သေတော့"

သူမစကားကြောင့် ကျွန်တော်ပြုံးလိုက်မိပါသည်။

ရည်းစားနဲ့ရန်ဖြစ်တိုင်း သေရမယ်ဆို ကျွန်တော်က သူမထက်အရင်သေသင့်သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်တော် ဒီလောက် မရှုးမိုက်သေးဘူးဟုထင်ပါသည်။ ကျွန်တော့်ရှေ့က အရူးအမိုက်မလေးကိုသာ အံ့သြစွာငေးကြည့်နေဆဲ သူမက သိုင်းကြိုးကိုဆွဲဖြုတ်ကာ ကားထဲက ကုန်းကွ ကာ ထွက်လာပါသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com


△၁၁□

ရယ်ဒီမိတ်ဇာအင်္ကျီလက်တို အဖြူရောင်၊ အဖြူပေါ် အနက်နှင့် အနီကွက်စိတ် ဘောင်းဘီရှည်၊ ကြိုးသိုင်းဒေါက်မြင့် ဖိနပ်အနီရဲလေးဖြင့် သူမသည် အရပ်မနိမ့်မမြင့်လေးဖြင့် ကြည့်လို့ ကောင်းလွန်းသူလေး တစ်ယောက်ပါ။

ဒီလိုကောင်မလေးမျိုးကို ဘယ်လိုကောင်မျိုးကများ ပစ်သွား ခဲ့ရတာပါလိမ့်။

ကျွန်တော်တွေးနေဆဲ သူမက သူ့ကားကို ငုံ့ကြည့်ကာ စိတ်ပျက်သလို ငြီးတွားနေပါသည်။

"စိတ်ပျက်လိုက်တာ... ကားက နွံနစ်သွားပြီ"

"ကားနွံနစ်တာကို ကျေးဇူးတင်အုံး... နင့်မို့ဆို ခင်ဗျားပါ နွံနစ်သွားမှာ"


www.burmeseclassic.com

www.burmeseclassic.com



"အရေးထဲ ရှင်ကပါ ကျွန်မကို လာ အပြစ်တင်နေသေး တယ်... ရှင်သာ စောစောစီးစီး နေရာဖယ်ပေးလိုက်ရင် ကျွန်မ ဒီ လိုဖြစ်မလား"

"ဘာလို့ ဖယ်ပေးရမှာလဲ... ငါလည်း ဒီလမ်းကို စောစော ရောက်ချင်လို့ မင်းထက်ဦးအောင် လာခဲ့တဲ့သူပဲ ဥစ္စာ"

"ဒါဆိုလည်း သွားပေါ့ရှင်... ကျွန်မကို ဘာလို့ လာရောနေ သေးလဲ"

'ရဲရဲ' စိတ်တိုတိုဖြင့်အအော် ကျွန်တော့်ရင်ထဲ ဒေါသဖြင့် ဆူပွက်သွားရပါသည်။

ဒီကဖြင့် သူမလေးအတွက် စိုးရိမ်လို့လာမေးတာကို သူမက ပဲ အချောင်အမှတ်ဝင်ယူနေပြန်ပါသည်။

ကျွန်တော် ဒေါသဖြင့် သူမကို ပြန်အော်လိုက်မိပါသည်။

"အောင်မယ်... မင်းကများ ပြောရတယ်ရှိသေး... ငါက‌ေစ တနာနဲ့လည်း လာမေးပေးရသေးတယ်... မမေးတော့ဘူးကွာ... သွားမယ်"

ကျွန်တော်စိတ်တိုတိုနှင့် ထွက်အလာ သူမက ကျွန်တော့် နောက်ကို ပြေးလိုက်လာပါသည်။

"ဆောရီး... အစ်ကို 'ရဲရဲ' စကားပြောတာ လွန်သွားတယ်... တကယ်ဆို အစ်ကို့ကို ဒီလိုမပြောသင့်ဘူးဆိုတာ 'ရဲရဲ' နားလည် ပါတယ်... 'ရဲရဲ' လည်း စိတ်ညစ်နေလို့ ဒီလို ပြောမိတာပါ"

သူမက ကျွန်တော့်ရှေ့မှာ ခေါင်းလေးငုံ့ရပ်ကာ လေသံလေး နှစ်ဖက်ယှက်ပြီး ပြောလာသည်ဆိုတော့လည်း ကျွန်တော်မနေနိုင် ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်းက ဘယ်သွားမှာလဲ... ပုသိမ်ကိုပဲလား"

"ဟင့်အင်း... ချောင်းသာကို သွားမှာပါ"

ကျွန်တော် သူမမျက်နှာကို စိုက်ကြည့်ရင်း ခပ်တိုးတိုးပြော လိုက်မိသည်။

"ငါလည်း ချောင်းသာကို သွားမှာပဲ"

"ဟာ... ဒါဆို အတော်ပဲပေါ့... 'ရဲရဲ' ကို ကူညီပါ အစ်ကို ရယ်"

စောစောထဲက ဒီလိုချိုချိုသာသာ ပျော့ပျော့ပြောင်းပြောင်း သာ ပြောခဲ့မယ်ဆို ပွဲပြီးတာကြာပြီ။ ခုတော့ တစ်ကနေ ပြန်စရမှာ မို့ ကျွန်တော် သူမရဲ့ကားထဲဝင်ကာ ဘက် (စ်) ဆုတ်ကြည့်ပါ သည်။

ရွံ့နဲ့စေးကာ ကားဘီးက ဘယ်လိုမှ နောက်ပြန်မတက်ပါ။

"ကားတစ်စီးစီးနဲ့ ဆွဲတင်မှ ဖြစ်မယ်"

ပြောတော့သာ လွယ်သည်။ တကယ့်တကယ် ဆွဲတင်မယ့် ကားတစ်စီး တစ်လေမျှပင် ရောက်မလာပါ။

"အစ်ကို့ကားနဲ့ တင်ကြည့်ရင်ကော"

"ငါ့ကားက ဘော်ဒီပျော့တယ်... ဖြစ်မယ် မထင်ဘူး"

လူအားနဲ့တွန်းတင်ရအောင်ဆိုပြန်တော့လည်း ကားပျက် တာ လူသူကင်းဝေးရာ နေရာကြီးမှာပါ။

ကားလမ်းမပေါ် စိတ်ပျက်လက်ပျက်ဖြင့်အထိုင် သူမလေးက ကျွန်တော့်ဘေးနား လာဝင်ထိုင်ရင်း အားနာသလို ပြောလာပါ သည်။

"'ရဲရဲ' ကြောင့် အစ်ကိုပါ ဒုက္ခရောက်ရပြီ... ဒီလိုအဖြစ်တွေ



www.burmeseclassic.com

www.burmeseclassic.com


ကို တွေ့ရတိုင်း 'ရဲရဲ' 'စိုးခ' ကိုပဲ သတိပစ်ချင်တယ်"

"'စိုးခ' ဆိုတာ ဘယ်သူလဲ"

ကျွန်တော့်အိတ်ထဲမှ စီးကရက်တစ်ဘူးကို ထုတ်ကာ တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်း မေးလိုက်မိတာဖြစ်ပါသည်။

သူမဆီက ဘာသံမျှ မကြားရပါ။ ဖြေသင့် မဖြေသင့် စဉ်းစားနေပုံရပါသည်။ အတော်လေးကြာမှ မဖြေချင်ဖြေချင် လေသံလေးထွက်လာခဲ့ပါသည်။

"'စိုးခ' ဆိုတာ 'ရဲရဲ' ငယ်ငယ်လေးထဲက ချစ်ခဲ့ရတဲ့ ချစ်သူပါ"

"အဲဒီလူက ဘယ်ရောက်သွားလို့လဲ"

ကျွန်တော့်အမေးကြောင့် 'ရဲရဲ' က နာကြည်းစွာ ပြုံးရင်း အဝေးသို့ ငေးနေပါသည်။

'ရဲရဲ' မျက်ဝန်းတွင် မျက်ရည်တွေ ဝေ့ဝဲလာသလို 'ရဲရဲ' နှုတ်ခမ်းလေးတွေလည်း တုန်ရီ၍ လာပါသည်။

"သူ... သူ.... 'ရဲရဲ' ကို ထားရစ်ခဲ့ပြီး သူ့မိဘတွေ သဘောတူတဲ့လူနဲ့ စေ့စပ်လိုက်ပြီ အစ်ကို"

ပြောရင်း 'ရဲရဲ' ဝမ်းနည်းစွာ ငိုချလိုက်မိပါသည်။ တကယ်ဆိုဒီအဖြစ်က မဖြစ်သင့်တာပါ။ 'စိုးခ' နဲ့ အနီးဆုံးနေရာမှာ 'ရဲရဲ' နေခဲ့တာပဲ။ တကယ်တမ်း 'စိုးခ' ကို ပိုင်ဆိုင်သင့်တာ 'ရဲရဲ' ပါ။

ခုတော့ အဝေးကလူက 'စိုးခ' ကို ပိုင်သွားကာ အနီးက 'ရဲရဲ' က 'စိုးခ' နဲ့ အဝေးဆုံးနေရာကို ရောက်ခဲ့ရပါပြီ။

'တွေးလေ ပိုငိုချင်လေဖြင့် 'ရဲရဲ' ဒူးနှစ်ဖက်ကိုပိုက်ကာ ရှိုက်အငို... ကျွန်တော် 'ရဲရဲ' ကိုကြည့်ပြီး စာနာသလို မေးလိုက်မိပါ


www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါကြောင့် မင်း ဒေါသတွေ အရှိန်းထွက်ပြီး သေချင်နေတယ်ပေါ့ ဟုတ်လား"

ဝန်ခံသလို သဘောဖြင့် 'ရဲရဲ' က မျက်ရည်ကျနေပါသည်။

ဒီလောက်လှပပြီး ရဲရင့်သွက်လက်သော မိန်းကလေးတစ်ယောက်က အချစ်အတွက် အသက်ကိုပင် စွန့်ပစ်ချင်သတဲ့လား။

ကျွန်တော့်ရင်ထဲက အတွေးကို 'ရဲရဲ' က ရိပ်မိသလို သူမအကြောင်း အားလုံးကို ဖွင့်ပြောပြခဲ့ပါသည်။

"'ရဲရဲ' သူ့ကို ငယ်ငယ်လေးထဲက ချစ်ခဲ့ မြတ်နိုးခဲ့ရတာပါ.. ဘယ်လောက်အထိ ချစ်ခဲ့သလဲဆိုရင် သူ့ကို အမြဲမြင်နေချင်လို့ သူ့ခြံနဲ့ ကပ်ရက်က ခြံကိုပြောင်းနေမိတဲ့အထိ ချစ်ခဲ့တာပါ"

"ဒါနဲ့တောင် သူ့မိဘတွေက မင်းနဲ့ သဘောမတူဘူးလား"

ကျွန်တော်ရဲ့မေးခွန်းကြောင့် သူမက မဲ့မဲ့လေးပြုံးနေပါသည်။

"သူ့ မိဘတွေနဲ့ 'ရဲရဲ' နဲ့က ကျောင်းမှာ 'စိုးခ' ကို နေ့တိုင်းလာကြိုထဲက မတည့်ခဲ့ကြဘူးလေ... 'စိုးခ' ကို မချစ်ခင်က ဒီလိုမတည့်တာ အရေးမကြီးပေမယ့် 'စိုးခ' ကို ချစ်လာပြီးနောက်မှာ သူတို့ကလည်း သူတို့သားနဲ့ 'ရဲရဲ' နဲ့ ပတ်သက်မှာကို အသေကြောက်ခဲ့ကြတယ်"

တကယ်ဆို 'ရဲရဲ' ဖက်က သူတို့သားကို ချစ်မိပြီဆိုတော့ သူတို့အလိုကျ လိုက်နေသင့်သည်ဟု ကျွန်တော်ထင်မြင်မိပါသည်။

ကျွန်တော့်အထင်ကို 'ရဲရဲ' ကလည်း မငြင်းပါဘူး။

"'ရဲရဲ' လည်း 'စိုးခ' အလိုကျ လိုက်နေပေးပါတယ်.. ဒါပေမယ့် 'ရဲရဲ' ကြီးပြင်းလာတာ အင်္ဂလန်မှာဖြစ်သလို ဒယ်ဒီနဲ့ ကြီးပြင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာဆိုတော့ 'ရဲရဲ' ပုံစံကို သူတို့ လုံးဝသဘောမတွေ့ကြဘူး အစ်ကို"

" 'ရဲရဲ' ချစ်သူကကော ဘယ်လိုပုံစံလဲ"

"သူက အဖွားတွေ အမေတွေရဲ့ ဖူးဖူးမှုတ် အရေးတယူ ပြု ထားတာကို ခံထားရတဲ့သူဆိုတော့ မိသားစု စကားကို အရမ်းနားထောင်ရတဲ့သူပေါ့ အစ်ကိုရယ် ..."

ကျွန်တော့်မျက်ဝန်းထဲ ဘာမဆိုင် ညာမဆိုင် 'ဖွေး' ကို မြင်ယောင်လာမိပါသည်။

'ဖွေး' နဲ့ဘာထူးသေးလို့လဲ။

'ဖွေး' ကကော သူ့ မိသားစုကို တော်လှန်ဆန့်ကျင်လိုတဲ့ စိတ်ရှိလို့လား။

"ပြီးတော့... သူတို့မိသားစုက အရမ်းမြန်မာဆန်တာ... 'ရဲရဲ' ဒီလိုဝတ်တာစားတာ နေတာထိုင်တာ တစ်ယောက်ထဲ ခုလို သွား လာနေတာကို နည်းနည်းမှ ကြည့်လို့ရတာ မဟုတ်ဘူး"

ကျွန်တော်အဖြစ်နဲ့ကော ဘာထူးပါသနည်း။

ကျွန်တော့်ရဲ့ ဝတ်ပုံစားပုံ နေပုံထိုင်ပုံကို 'ဖွေး' ရဲ့ ဖွားအေး တွေက လက်မခံသလို၊ 'ဖွေး' ရဲ့အမေကပါသဘောမကျတာကြောင့် 'ဖွေး' နဲ့ ကျွန်တော် ဝေးခဲ့ကြရတာဖြစ်ပါသည်။

မှိုင်တွေငေးငိုင်သွားသလို ကျွန်တော့်ရဲ့အဖြစ်ကြောင့် 'ရဲရဲ' က စူးစမ်းသလို လှမ်းကြည့်လာပါသည်။

" 'ရဲရဲ' ကိုသာ မေးနေတယ် အစ်ကိုကလည်း အစ်ကို့အ ကြောင်းကို ပြောမပြသေးဘူးနော်"

ပြောရင်းမှ 'ရဲရဲ' သည် သူ့ကားနောက်ဖက်ကို ယော့ဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com


အထဲမှ Coke နှစ်ဘူးနှင့် ဆင်းဒစ်နှစ်ထုပ် ယူလာကာ ကျွန်တော့်ကို လှမ်းပေးရင်း သူပါ ကျွန်တော့်ဘေးနားတွင် ဝင်ထိုင်ရင်းစားပါသည်။

စားနေရင်းမှ 'ရဲရဲ' အစ်ကို့ကို အကဲခတ်လိုက်မိပါသည်။

အစ်ကို့ပုံစံက သာမန်ယောကျ်ားတစ်ယောက်ပုံစံမျိုးတော့မဟုတ်ပါ။ အစ်ကို့မျက်ဝန်းတွေက လေးနက်တည်ကြည်ကာ အစ်ကို့အပြုံးတွေကလည်း နူးညံ့သိမ်မွေ့လှပါသည်။

"အစ်ကိုက ဘာလုပ်တာလဲ"

"မှန်းကြည့်လေ"

'ရဲရဲ' ကမေးတော့ အစ်ကို မဖြေဘဲ ပြုံးနေပါသည်။

တီရှပ်အဖြူပေါ် အပြာနုရောင် ဂျင်းဇော့ကုတ်ထပ်ဝတ်ထားကာ ဂျင်းဘောင်းဘီအပြာနုရောင် အရှည်ဖြင့် ဦးထုပ်အနီရောင်ကို နောက်ပြန်ဆောင်းထားသော အစ်ကို့ပုံစံက ခေတ်လူငယ်တစ်ယောက်ပုံစံဖြင့် ကြည့်ကောင်းနေရပါသည်။

အသက်က 'ရဲရဲ' နဲ့ရွယ်တူလောက်ရှိကာ ကားကိုလည်း ကိုယ်တိုင်မောင်းလာတာဆိုတော့ လုပ်ငန်းရှင်တစ်ဦးလည်း ဖြစ်နိုင်တာမို့ သွေးတိုးစမ်းသလို မေးလိုက်မိပါသည်။

" 'ရဲရဲ' လို အသဲကွဲလာတာတော့ မဟုတ်လောက်ပါဘူးနော်"

'ရဲရဲ' စကားကြောင့် ကျွန်တော် ဟက်ကနဲ ရယ်လိုက်မိပါသည်။

ကျွန်တော် ရယ်လိုက်မှုကြောင့် 'ရဲရဲ' က ကျွန်တော့်မျက်နှာကို စိုက်ကြည့်ရင်း အံ့ဩသလို မေးလာပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ခင်ဗျား အပြုံးက ဝန်ခံတဲ့ အပြုံးလား"

ကျွန်တော်မဖြေဘဲ Coke ဘူးကို ဖွင့်သောက်နေမိပါသည်။

ခုချိန်လောက်ဆို 'ဖွေး' တို့ ဘာလုပ်နေကြမှာလဲ။

စေ့စပ်တယ်ဆိုတာ လက်ထပ်တာ မဟုတ်ပေမယ့်လည်း နှစ်ဖက်လူကြီးတွေ အသိအမှတ်ပြု လက်ခံလိုက်တဲ့ သဘောဆို တော့ 'ဖွေး' သူ့ စေ့စပ်လိုက်တဲ့သူနဲ့ ကြည်ကြည်နူးနူး ရွှင်ရွှင်မြူး မြူး ရှိနေလေပြီလား။

သက်ပြင်းကိုအချ ...

"ခင်ဗျား လိမ်တယ်"

"ဘာကို လိမ်တာလဲ"

"ခင်ဗျားလည်း ကျွန်တော့်လိုပဲ အသဲကွဲပြီး ချောင်းသာကို ထွက်လာခဲ့တာ မဟုတ်လား"

ကျွန်တော်ပြုံးတော့ 'ရဲရဲ' က ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေပါသည်။

"ရှင့်လိုလူကို ရှင့်ချစ်သူက ပစ်သွားခဲ့တယ်ဆိုတော့ မိုက်လို့ ပဲ"

"ကိုယ့်ပုံစံက ဒီလောက် အထင်ကြီးစရာ ကောင်းနေလို့လား"

"အထင်သေးစရာတော့ မကောင်းပါဘူး... ဒါ 'ရဲရဲ' ရဲ့ ကိုယ် ပိုင်အမြင်ကို ပြောတာနော်"

"ကိုယ်ကလည်း မင်းလိုပဲ စဉ်းစားနေတာ... မင်းကိုပစ်သွား တဲ့ မင်းချစ်သူကလည်း လူမိုက်ပဲ"

"ဒါဆို ရှင်နဲ့ကျွန်မနဲ့က ဘဝတူတွေပေါ့... မြန်မာကားပုံ တောင်ရှိသေးတယ်... 'ကြောင်ခံ တွင်းပျက်နဲ့ ဇရက်ကောင်ပံကျိုး'



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုးလေ... ခုချိန်မှာ ကျွန်မကတော့ ကြောင်ခံ တွင်းပျက်ပဲ ဖြစ်ချင်တယ်... ဘာဖြစ်လို့လဲဆိုတော့ 'စိုးခ' ကို အစိမ်းလိုက် ဝါး စားချင်လို့လေ"

"မင်းကသာ ကြောင်ခါးတွင်းပျက် ဖြစ်ချင်နေတာ မင်း တကယ်ဖြစ်နေတာက ဇရက်တောင်ပံကျိုးပါ... မင်း... မင်းချစ်သူ ဆီကို သွားနိုင်လို့လား"

ကျွန်တော့်စကားကြောင့် သူမမျက်နှာလေး ငေးငိုင် သွားပါ တော့သည်။

ကျွန်တော် 'နှစ်သိမ့်ချင်ပေမယ့်လည်း ကျွန်တော်ကိုယ်တိုင် လည်း ဇရက်တောင်ပံကျိုး တစ်ကောင်ရယ်ပါ။

ကျွန်တော်ကိုယ်တိုင် 'ဖွေး' ဆီကို မပျံနိုင်တဲ့ အဖြစ်ပါ။

နှစ်ယောက်လုံး ငြိမ်သက်စွာ ထိုင်နေဆဲ ရှေ့နားဆီတွင် လယ်ထွန်စက်တစ်စီးလာနေတာကို တွေ့လိုက်ရပါသည်။

လယ်ထွန်စက်နဲ့ဆွဲလျှင် သူမရဲ့ကားလေး ပါလာနိုင်တာ ကြောင့် ကျွန်တော်နေရာမှ ကပျာကယာအထ သူမပါ လိုက်ထ ကာ လယ်ထွန်စက်ကို တားလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၂

'ရဲရဲ' ရဲ့ကားလေး လမ်းမပေါ်ကို ပြန်ရောက်လာချိန်က နေ့လည် နှစ်နာရီတိတိ ရှိပါပြီ။

ပုသိမ်ကိုလည်း ရောက်ခါနီးပြီမို့ ထမင်းစားပြီးမှ ချောင်းသာကို ဆက်သွားရန် အကြံဖြင့် 'ရဲရဲ' လှမ်းပြောလိုက်မိပါသည်။

"ဗိုက်ဆာတယ်... ထမင်းမစားသေးဘူးလား"

"ချောင်းသာကြမှ စားမယ်လေ"

"လိုသေးတယ်"

ကျွန်တော် နာရီကိုကြည့်ကာ အော်အပြော ...

" 'ရဲရဲ' ဟိုကိုပဲ ရောက်အောင်သွားချင်တယ်"

'ရဲရဲ' က ကျွန်တော့်ကားကို ဖြတ်တက်သွားပြီဆိုတော့လည်း ကျွန်တော်လည်း မပြောသာတော့ပါ။ ခုချိန် 'ရဲရဲ' စိတ်ထဲမှာ ထမင်းစားဖို့ အတွေးထက် 'စိုးခ' အကြောင်းပဲ တွေးချင်နေပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



ညေး ကျွန်တော် 'ရဲရဲ' ကို အပြစ်မဆိုချင်ပါ။

ကျွန်တော်လည်း ပြောလို့သာ ပြောနေမိသည်။ 'ဖွေး' ကို သတိရနေမိတာပါ။

ချောင်းသာကမ်းခြေအရောက် ညနေစောင်းနေပါပြီး ကျောင်းပိတ်ရက်မဟုတ်၍ အခန်းတွေ မအားမလပ်အောင် ကျပ်ညပ်မနေပါ။

'ရဲရဲ' က ကျွန်တော့်ထက်အရင် ရောက်တာကြောင့် နှစ်ယောက်ခန်းတစ်ခန်း အရင်ရကာ 'ရဲရဲ' နဲ့ကပ်လျက်အခန်းကို ကျွန်တော်ရပါသည်။

လမ်းမှာထဲက အခန်းယူလျှင် တစ်ယောက်ထဲ အေးအေးဆေးဆေးနေရအောင် နှစ်ယောက်ခန်းယူမည်အကြံဖြင့် တွေးလာခဲ့သမျှ 'ရဲရဲ' နဲ့ အတွေးတူနေရပါတော့သည်။

လမ်းမှာတုံးက ကျွန်တော့်ကို ရင်းရင်းနှီးနှီး စကားပြောတဲ့ 'ရဲရဲ' ပုံစံက ဟိုတယ်ကိုရောက်တော့ တစိမ်းတစ်ယောက်လို ခပ်စိမ်းစိမ်းဖြစ်သွားခဲ့ပါသည်။

ကျွန်တော်လည်း ကိုယ့်အိတ်ကိုယ်ဆွဲကာ ကိုယ့်အခန်းဆီ လျှောက်လာခဲ့လိုက်ပါသည်။

ဒါပေမယ့် 'ရဲရဲ' က သူ့အခန်းရှိရာကို တက်မလာသေးပါ။ ကားပါကင်ရှိရာကို လျှောက်သွားပြီး ကားတွေကို လိုက်ကြည့်နေတာ တွေ့ရပါသည်။

နောက် ရွှေရောင်မာစီးဒီးကားကြီးကိုအတွေ့ ဟိုတယ်ရှေ့နားတွင်ရပ်ထားသော သူ့မကားလေးကိုမောင်းလာကာ မာစီးဒီးကားနားတွင် ယှဉ်ရပ်လိုက်ပါသည်။

နောက်ကားထဲမှ ခရီးဆောင်အိတ်ကိုဆွဲ ထွက်လာကာ မသိမသာနှင့် မာစီးဒီးကား၏ မီးသီးကို ခွဲလိုက်တာ ကျွန်တော်တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၍ အံ့အားသင့်သွားခဲ့ရပါသည်။

'ရဲရဲ' ပုံစံက ဘာမှမဖြစ်သလို သူမအခန်းတံခါးသော့ကို ဖွင့်နေတာ တွေ့လိုက်ရတာကြောင့် ကျွန်တော် ပခုံးတွန့်ကာ အခန်းထဲကို ဝင်လာခဲ့လိုက်ပါသည်။

ညနေခင်း ဆည်းဆာတွင် ချောင်းသာအလှက ရှုမောဖွယ်မဆုံးပါ။

စိတ်ညစ်ညစ်နှင့် ထွက်လာတာမှန်သော်လည်း ဝါသနာကို တားမရနိုင်တာကြောင့် ကင်မရာကိုဆွဲကာ ထွက်အလာ ...

"ဟာ"

ကျွန်တော် အံ့ဩသွားရပါသည်။

ကျွန်တော်ရဲ့ ရှေ့ခပ်လှမ်းလှမ်းတွင် အဖြူပေါ်အနီအပွင့် အဆုပ်ကြီးများပါသော စပန့်သားဂါဝန်နှင့် 'ရဲရဲ' ကို တွေ့လိုက်ရပါသည်။

'ရဲရဲ' ကျွန်တော့်ကို မတွေ့ပါ။

ကျွန်တော်တို့အခန်းရှိရာ သည်ဖက်ထိပ်မှ ဟိုးဖက်ထိပ်ရှိရာ အခန်းမှာ တစ်ယောက်ထဲ ခပ်သွက်သွက်လျှောက်နေတာ တွေ့လိုက်ရပါသည်။

'ရဲရဲ' ဘယ်သွားမလို့ပါလိမ့်။

အစပထမ ကင်မရာကိုလည်ပင်းတွင် ချိတ်ကာ ကမ်းခြေတစ်လျှောက် ဓါတ်ပုံရိုက်မည်အကြံဖြင့် ထွက်လာခဲ့တဲ့ ကျွန်တော် 'ရဲရဲ' ကို အတွေ့မှာတော့ ဓါတ်ပုံရိုက်ဖို့ ကိစ္စပင် မေ့လျော့ကာ 'ရဲရဲ' နောက်ကို မသိမသာ လိုက်လာခဲ့လိုက်ပါသည်။

သည်တစ်ခါတော့ 'ရဲရဲ' က အနက်ရောင်ဦးထုပ်လုံးလုံးလေးကို ဆောင်းကာ နေကာမျက်မှန်အမဲရောင်ကို တက်ပြီး ဆံပင်ကောက်များကို ဖါးလားချထားတာကြောင့် မနက်က ပုံစံနဲ့လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



တွေ့တော့ပါ။

'ဖွေး' အလှက စံပယ်ပန်းလေးတစ်ပွင့်လို အေးချမ်းတည်ငြိမ်တာ 'ရဲရဲ' အလှက နှင်းဆီပန်းတစ်ပွင့်လို တောက်ပရွှန်းလဲ့ပြီး ရဲရဲရင့်ရင့်နဲ့ သွက်လက်ထက်မြက်သော အလှမျိုးပါ။

ဘယ်လိုပဲဖြစ်ဖြစ် 'ရဲရဲ' ရဲ့အလှကလည်း သူ့ဓါတ်ပုံခန်းတွင် မရှိမဖြစ်သော အလှမို့ ဓါတ်ပုံရိုက်ရန်အလုပ် လုပ်ရှင်းသော နှစ်ယောက်ခန်းတစ်ခန်းရှေ့တွင် 'ရဲရဲ' ရပ်သွားပါသည်။

မျက်လုံးများက ဟိုရှာ ဒီရှာ လိုက်ရှာနေပြီးမှ အခန်းရှေ့ကို သွက်လက်စွာ လျှောက်သွားပါသည်။

" 'စိုးခ' ရှိလား... 'စိုးခ' "

'ရဲရဲ' အော်ခေါ်သံကိုသာ ကြားရပေမယ့် တစ်ဖက်က ဘာထူးသံကိုမှ ပြန်မကြားရပါ။

ကျွန်တော် အုန်းပင်နောက်မှ ချောင်းကြည့်နေဆဲ 'ရဲရဲ' က တံခါးကို တဝုန်းဝုန်းထုနေပါသည်။

" 'စိုးခ' ရှိလား... 'ရဲရဲ' ခေါ်နေတယ်နော်... အခု ထွက်လာခဲ့"

ပြောရင်း 'ရဲရဲ' က စိတ်မရှည်သလို သူ့ဘွတ်ဖိနပ်နှင့် တံခါးကို စောင့်ကန်နေပါသည်။ ဒီလောက် 'ရဲရဲ' သောင်းကျန်နေတာကို အထဲကလည်း တုတ်တုတ်မှ မလှုပ်ပါ။

ကေန္တ လူမရှိလို့များ မသိပါ။

ကျွန်တော် တွေးသလို 'ရဲရဲ' က တွေးမိပုံနှင့် အခန်းရှေ့က ကုလားထိုင်တွင်ထိုင်ကာ ဘာတွေဝါးနေမှန်း မသိပါ။

တစ်ခုကို ပါးစပ်ထဲ ပစ်သွင်းလိုက် ထွက်လာတဲ့ စက္ကူကို လုံး ခြေလွှင့်ပစ်လိုက်နှင့် တစ်ယောက်ထဲ အလုပ်ပေွ ရှုပ်နေပါသည်။ ဆယ်ခုခန့် လုံးခြေလွှင့်ပစ်ပြီးတဲ့အခါမှာတော့ သူမကား နေရာမှထ



www.burmeseclassic.com

www.burmeseclassic.com


ကာ သော့ပေါက်ထဲကို သူမပါးစပ်ထဲကပဟာကို ထုတ်ပြီး ဖိသိပ်နေတာ တွေ့လိုက်ရပါသည်။

ကျွန်တော်ခုမှ သဘောပေါက်သွားသည်။ သူမ ခုနက လုံးခြေပြီး လွှင့်ပစ်နေတာ ပီကေစက္ကူအခွံတွေပဲ။

ဒါဆို အခု သူမဖိသပ်နေတာ ဝါးပြီးသား ပီကေတွေ။

'စိုးခ' ဆိုတဲ့လူ ပြန်လာလျှင် ဒုက္ခရောက်တော့မှာ သေချာသည်။

'ရဲရဲ' ဒီလောက်တောင် ဆိုးရသလား။

အမှတ်တမဲ့ လှုပ်ရှားမှု ပုံတွေကို ရိုက်နေကြမို့ 'ရဲရဲ' ပုံကို အမှတ်မထင် အရိုက် ... 'ရဲရဲ' တွေ့သွားကာ ကျွန်တော့်ဆီကို ပြေးလာခဲ့ပါသည်။

"ရှင် ဘာလုပ်တာလဲ"

"အမှတ်တမဲ့ လှုပ်ရှားတဲ့ ပုံလေးတွေ လိုချင်လို့ လိုက်ရိုက်နေတာ"

"ရိုက်စရာလား... အဲဒါ 'စိုးခ' ရဲ့အခန်းပဲ... 'ရဲရဲ' ရိုစက်ရှင်မှာ စုံစမ်းလာခဲ့တာ"

"သူ မရှိဘူးလား"

"သူ့ကောင်မနဲ့ လျှောက်သွားနေမှာပေါ့... ဒါကြောင့် တမင်ညစ်စုတ်ပြီး သော့ပေါက်ထဲ ပီကေတွေ ထည့်လာခဲ့လိုက်တာ"

"ကားမီးသီးလည်း ခွဲခဲ့သေးတယ် မဟုတ်လား"

"ဟင်... အဲဒါကိုလည်း ရှင်တွေ့ခဲ့သေးတာပဲလား"

"တမင်ကြည့်နေတာတော့ မဟုတ်ပါဘူး... ကြုံကြိုက်သွားလို့ပါ"

"ဖြစ်နိုင်ရင် အဲဒီ ကားကိုပါ မီးရှို့ပစ်လိုက်ချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



ကားဆို၍ 'ဖွေး' လေဆိပ်တွင် လိုက်ပါသွားသော ရွှေရောင် မာစီးဒီးကားကြီးကို သတိရပြီး ကျွန်တော် စိုးရိမ်စွာ မေးလိုက်မိပါသည်။

"အဲဒါ 'အုပ်စိုးခ' ရဲ့ကားလား"

"အစစ်ပဲပေါ့... ဘာဖြစ်လို့လဲ"

"ဒါဆို 'အုပ်စိုးခ' နဲ့ ပါလာတာ 'ဖွေး' ပေါ့"

'ဖွေး' ဆိုမှ 'ဖွေး' ကို တွေ့ချင်စိတ်က ပြင်းထန်လာတာ ကြောင့် ကမ်းစပ်ဘက်ကို လှမ်းအကြည့် 'ရဲရဲ' ကခုမှ သူ့ကို ပြုံး တူးပြုံတဲ့နှင့် ကြည့်လာပါသည်။

"ဒါဆို 'ဖွေးဖွေးဖြူ' က ရှင့်ရဲ့ချစ်သူပေါ့"

ကျွန်တော် ခေါင်းညိတ်အပြ 'ရဲရဲ' က ကျွန်တော့်ကို အပြစ် တင်ပါသည်။

"ရှင့်နှယ်ရှင်... ကိုယ့်ချစ်သူတောင် ကိုယ့်ဖက်ပါအောင် မ ဆွဲဆောင်နိုင်ဘူးလား"

"ကျွန်တော့်သာ မေးနေတယ်... ခင်ဗျားကကော ... ခင်ဗျား လည်း မဆွဲဆောင်နိုင်လို့ ဒီချောင်းသာအထိတောင် လိုက်လာခဲ့ရ တာ မဟုတ်လား"

ဒီစကားကို ကြားလိုက်ရတော့ 'ရဲရဲ' 'စိုးခ' ကိုပဲ ပိုဒေါသ ထွက်ရသည်။ သူသာ ပြတ်သားပါက 'ရဲရဲ' ဒီလို အပြောခံရမလား။

"သိမယ်... တွေ့လို့ကတော့ အမှုန့်ကို ခြေပစ်မယ်"

'ရဲရဲ' ဒေါသနှင့် ရှေ့ကသွားနေပြီးမှ နောက်ဖက်ကိုလှည့်ကာ ကျွန်တော့်ကို လှမ်းပြောပါသည်။

"ရှင်လည်း ကိုယ့်လူကိုယ် ကိုယ့်ဘက်ပါအောင်ဆွဲ... ကျွန်မ လည်း ကျွန်မလူကို ကျွန်မဘက်ပါအောင် ဆွဲမယ်"

"တကယ်လို့ မပါခဲ့ဘူးဆိုရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဘက်က မပါမှာလဲ... ရှင့်ဖက်ကလား... ကျွန်မဘက်ကလား... ရှင့်ဖက်က မပါရင် ရှင်ညံ့လို့ပေါ့"

"မင်းဘက်က မပါခဲ့ဘူးဆိုရင်ကော"

"စိတ်ချ... 'ရဲရဲ' ဘက်က ပါအောင်ကိုလုပ်မှာ... 'ရဲရဲ' ပဲ"

ကျွန်တော်အပြုံး 'ရဲရဲ' က ကျွန်တော့်မျက်နှာကို စိုက်ကြည့်ကာ မျက်မှောင်ကုတ်လိုက်ပါသည်။

"ရှင် ဘာပြုံးတာလဲ... ကျွန်မ 'စိုးခ' ကို ကျွန်မဖက်ပါအောင် မလုပ်နိုင်ဘူးထင်လို့ ပြုံးတာလား... ရှင် စောင့်ကြည့်လေ"

'ရဲရဲ' က ဒေါသနှင့်ခြေဆောင့်ကာ ကျွန်တော့်ရဲ့ ရှေ့က ထွက်သွားပါသည်။

သူမရင်ထဲမှာ 'စိုးခ' ကသာ နေရာယူနေတာမို့ ဆာလောင်ရမှန်းပင် သူမ သိပုံမပေါ်ပါ။

စားသောက်ဆိုင်ထဲ ထမင်းကြော်ဝင်စားပြီး သူမအတွက် တစ်ပွဲမှာကာ အခန်းနံပါတ်ပြောပြီး ပို့ပေးခိုင်းလိုက်ပါသည်။

ကျွန်တော်ကတော့ ကမ်းခြေတစ်လျှောက် ဓါတ်ပုံရိုက်ဖို့ ထွက်လာခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၃

နေကျသွားပြီမို့ ကမ်းခြေတစ်လျှောက် ရေချိုးသူနည်းကာ လမ်းလျှောက်သူတွေပဲ များလာပါသည်။

သဲသောင်ပြင်တစ်နေရာတွင် ထိုင်ရင်း ကျွန်တော်ဝင်လုဆဲ နေလုံးကြီးကို ထိုင်ငေးနေမိပါသည်။

ကျွန်တော့် အချစ်လည်း ဒီလိုနဲ့ပဲ နေဝင်သွားတော့မှာလား။

ကျွန်တော်ငေးနေဆဲ ကျွန်တော့်မြင်ကွင်းထဲကို လှပသော ရုံ တွဲတစ်တွဲ တိုးဝင်လာခဲ့ပါသည်။

အမျိုးသားက 'အုပ်စိုးခ' ဖြစ်ကာ အမျိုးသမီးက ကျွန်တော့် ရဲ့ 'ဖွေး' ပါ။ 'ဖွေး' က သဲသောင်ပြင်မှာထိုင်နေသော ကျွန်တော့် ကို မမြင်ပေမယ့် မြင်နေရတဲ့ ကျွန်တော်မှာသာ နှလုံးသားကို ခေါင်း ကြီးတံစက်နဲ့ အနင်းခံလိုက်ရသလို ရင်မှာ ဟာကျန်ရစ်ခဲ့ရပါသည်။

'ဖွေး' 'အုပ်စိုးခ' ကို တကယ်ပဲ တွယ်တာသွားခဲ့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



"'ဖွေး'"

ရင်မှာ ချုပ်တီးခြင်းငှာ မစွမ်းသာသလို 'ဖွေး' ရှေ့ကို အပြေးအလွှား ရောက်အသွား 'ဖွေး' မျက်နှာတွင် စိတ်ရှုပ်ထွေးသလို ခံစားမှုမျိုးကို တွေ့လိုက်ရပါသည်။ ကျွန်တော့်ကို တွေ့ရလိမ့်မည်ဟု 'ဖွေး' မျှော်လင့်ထားပုံ မရပါ။

"'ကိုဒေး' ပါလား... ဘယ်တုံးက ရောက်တာလဲ"

"ခုနကပဲ ရောက်တာ"

'အုပ်စိုးခ' က ကျွန်တော့်ကို လှည့်ကြည့်လာ၍ 'ဖွေး' က မိတ်ဆက်ပေးပါသည်။

"'ကိုကျော်ဒေးယျ' တဲ့ 'ကိုအုပ်စိုး' ... 'ဖွေး' ရဲ့မိတ်ဆွေပါ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်... 'ဖွေး' မိတ်ဆွေဆိုတော့ ကျွန်တော့်ရဲ့ မိတ်ဆွေပဲပေါ့"

လက်ဆွဲနှုတ်ဆက်နေရင်းမှ မိတ်ဆွေမဟုတ်ဘူး။ ကျွန်တော်က 'ဖွေး' ရဲ့ချစ်သူဟု အော်ပြောပစ်လိုက်ချင်ပေမယ့် 'ဖွေး' မျက်နှာက မကြည်လင်ပါ။ ကျွန်တော့်ကို တွေ့လိုက်ရတာပဲ သူ့ရဲ့သဘက်ကို တွေ့လိုက်ရတဲ့ပုံ ပေါ်နေတာကြောင့် ကျွန်တော့်ရင်ထဲ အကြီးအကျယ်ခံစားသွားရပါသည်။

တကယ်ဆို 'ဖွေး' ဒီလောက်ကြီး စိမ်းစိမ်းကားကား ပြတ်ပြတ်တောက်တောက် လုပ်ဖို့ မသင့်ပါဘူး။

ကျွန်တော် ခေါင်းငုံ့ကာ ကြေကွဲနေရချိန် 'ကိုအုပ်စိုး' က တည်ငြိမ်စွာ လှမ်းမေးပါသည်။

"'ကိုကျော်ဒေးယျ' ဘယ်မှာ တည်းတာလဲ"

"ဒီမှာပါပဲ... ဟိုး... ညာဘက်အစွန်ဆုံးမှာပါ"

"ကျွန်တော်တို့အခန်းက ဘယ်ဘက်အစွန်ဆုံးပဲ... မပြန်သေးဘူး မဟုတ်လား... ကျွန်တော်တို့ ညစာ ဖိတ်ကျွေးပါရစေ"



www.burmeseclassic.com

www.burmeseclassic.com


"ရပါတယ် 'ကိုအုပ်စိုး'... ကျွန်တော်ဒီမှာ တစ်ပါတ်လောက် ကြာအုံးမှာပါ"

"ကျွန်တော်တို့လည်း တစ်ပါတ်လောက် ကြာအုံးမှာဆိုတော့ ဆုံကြအုံးမှာပါ... ခွင့်ပြုပါအုံး"

ကျွန်တော် ခေါင်းအညိတ် 'ဖွေး' က တစ်ချက်လှမ်းကြည့်ကာနှုတ်မဆက်ဘဲ ထွက်ခွာသွားပါသည်။

တကယ်ဆို ကျွန်တော်လည်း လူတစ်ယောက်ပါ။ ယောကျ်ားတစ်ယောက်ပါ။ 'ဖွေး' ကျွန်တော့်ကို မနှစ်သက်ဘူးဆိုလျှင်တောင် နည်းနည်းလေးမှ ဟန်လုပ်ကာ နှုတ်မဆက်နိုင်ဘူးလား။

ရင်မှာကြေကွဲဝမ်းနည်းနေရတာကြောင့် ဓါတ်ပုံပင် မရိုက်နိုင်တော့ဘဲ အခန်းရှိရာ ပြန်အလာ 'ရဲရဲ' ကို ရေမိုးချိုးပြီး သနပ်ခါးအဖွေးသားနှင့် အခန်းရှေ့က ကုလားထိုင်တွင် တွေ့လိုက်ရပါသည်။

စကား မပြောချင့်တာကြောင့် ကိုယ့်အခန်းဘက် ကိုယ်အတက်...

"ဒီမှာ... သိတာပဲ ကြာလှပြီ... ရှင့်နာမည်လည်း ပြောအုံးလေ"

"ဘာလုပ်ဖို့လဲ"

ကျွန်တော်စိတ်တိုတိုဖြင့် အမေး... 'ရဲရဲ' က ကျွန်တော့်ကိုမျက်စပစ်ပြပါသည်။

'ရဲရဲ' ရှေ့က စားပွဲပေါ်တွင် ကျောက်ပုဇွန်ကင်တွေနဲ့ အအေးဘီယာဘူးတွေလည်း တွေ့လိုက်ရပါသည်။

"ထမင်းကြော်အတွက် ပြန်ဝယ်ကျွေးတာလေ"

ကျွန်တော် သူမအခန်းရှိရာဘက် တက်လာရင်း ကြိမ်ကုလားထိုင်တွင် စိတ်ပျက်လက်ပျက်ဝင်ထိုင် လိုက်မိပါသည်။ နောက်ဆုံး


www.burmeseclassic.com

www.burmeseclassic.com


ယာတစ်ဘူးကို ဖေါက်အသောက် 'ရဲရဲ' က ကျွန်တော့်ကိုကြည့်ကာ မေးပါသည်။

"ရှင် ဘာဖြစ်လာတာလဲ... Feel ဖြစ်လာတာလား"

ကျွန်တော် မဖြေချင်ပါ။ 'ဖွေး' ရဲ့ရက်စက်စိမ်းကားမှုအတွက်ပဲ ခံပြင်းကာ ဒေါသဖြစ်နေမိပါသည်။

တကယ်ဆို 'အုပ်စိုးခ' ဆိုတာ မနေ့တစ်နေ့ကမှ တွေ့ရတဲ့ကောင်ပါ။ ကျွန်တော်ကသာ 'ဖွေး' နဲ့ တစ်လျှောက်လုံးပါကာ 'ဖွေး'အလိုကျ ဖြည့်ဆီးပေးခဲ့တဲ့သူပါ။

ခုတော့ 'ဖွေး' ရက်စက်စိမ်းကားလိုက်ပုံက ကျွန်တော့် မျက်လုံးထဲကို သံနဲ့ပက်လိုက်သလို ခံစားလိုက်ရတာကြောင့် ဝမ်းနည်းစွာ မျက်ရည်အကျ 'ရဲရဲ' က ကျွန်တော့်အဖြစ်ကို ကြည့်ကာ ရယ်နေပါသည်။

ယောက်ျားတစ်ယောက် မျက်ရည်ကျတာ 'ရဲရဲ' ခုမှ တကယ်တွေ့ဖူးပါသည်။ ဒါဆို သူ့ရှေ့မှာ ထိုင်နေတဲ့လူက 'ဖွေး' ကို တကယ်ချစ်ခဲ့တဲ့လူပေါ့။

ဒီလိုအချစ်တွေ ရှိနေပါရက်နဲ့ 'ဖွေး' ကို မပိုင်ဆိုင်သင့်ဘူးလား။

'ရဲရဲ' တိတ်ဆိတ်စွာပင် ကျောက်ပုဇွန်ကင်ကို ခက်ရင်းနဲ့ ထိုးကော်ကာ သူ့ရှေ့က ပန်းကန်တွင် ချအပေး ...

"ကျွန်တော် 'ဖွေး' ကို တကယ်ချစ်ခဲ့တာပါ 'ရဲရဲ' ရယ်... ယုံပါ"

"'ရဲရဲ' ကလည်း မယုံဘူးလို့ ပြောနေလို့လား"

'ရဲရဲ' သူ့မျက်နှာကို စိတ်မကောင်းသလို လှမ်းအကြည့် သူက သူ့အကြောင်းတွေကို ပြောပြနေပါသည်။

"ကျွန်တော့်နာမည် 'ကျော်ဒေးယျ' ပါ... ကျွန်တော်မိဘတွေ


www.burmeseclassic.com

www.burmeseclassic.com



က သူတို့ရဲ့ လုပ်ငန်းတွေမှာ ကျွန်တော်ကိုလုပ်စေချင်ပေမယ့် ကျွန်တော်ဝါသနာပါတာ ဓါတ်ပုံရိုက်တာပါ... ရုပ်သေတွေကို ရိုက်ရတာထက် သက်ဝင်လှုပ်ရှားနေတဲ့ ပုံတွေကို ရိုက်ရတာ ကျွန်တော်ရဲ့ တကယ့်ဝါသနာပါ... ဒီလို ဓါတ်ပုံရိုက်ရင်းနဲ့ပဲ 'ဖွေး' နဲ့စပြီး ဆုံဆည်းခဲ့ရတာပါ"

ဒီတစ်ခါ ရင်ဖွင့်သူက ကျွန်တော်ဖြစ်ကာ ကျွန်တော့်စကားတို ငြိမ်သက်စွာ နားထောင်ပေးနေသူက 'ရဲရဲ' ပင် ဖြစ်ပါတော့သည်။

" 'Without You' ဆိုတဲ့ နာမည်နဲ့ ဓါတ်ပုံဆိုင်တစ်ဆိုင်ကို ယုဇနပလာ ဇာ ကျွန်တော်ဖွင့်ထားပါတယ်... အဲဒီနာမည်က 'ဖွေး' နဲ့ တွေ့ပြီးမှ ပေးဖြစ်ခဲ့တဲ့ နာမည်ပါ"

'Without You' ဒီနာမည်ကို 'ရဲရဲ' ကောင်းကောင်းကြားဘူးခဲ့တာပဲ။ ကြည့်ပါအုံး။ ယုဇနပလာဇာတစ်ခုတည်းမှာ အလုပ်အတူတူလုပ်နေကြပါလျက် 'ရဲရဲ' တို့အဖြစ်က နီးလျက်နဲ့ ဝေးနေလိုက်တာ။

" ခု 'ကိုဒေး' ဘာလုပ်မှာလဲ"

" 'ဖွေး' ကမှ ကျွန်တော့်ဖက်ကို မပါတာ... ကျွန်တော် ဘာလုပ်လို့ရမှာလဲ"

'ရဲရဲ' ကတော့ 'စိုးခ' ကို သူမဖက် ပြန်ပါလာအောင် ကြိုးစားကြည့်ချင်သေးတာကြောင့်လည်း ...

"ဒါဆို 'ကိုဒေး' ဘက်က အလျှော့ပေးလိုက်ပြီပေါ့ ဟုတ်လား"

"ဒီလိုပဲ လုပ်ရတော့မှာပေါ့"

" 'ရဲရဲ' ဖက်ကတော့ မလျှော့သေးဘူး... 'စိုးခ' ကို 'ရဲရဲ' ဘက်ပြန်ပါလာအောင် ကြိုးစားကြည့်အုံးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက 'ရဲရဲ' ကော 'ကိုဒေး' ပါ စောစောအိပ်ရာဝင်ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

နောက်တစ်နေ့မနက် စောစောမှာတော့ 'ရဲရဲ' 'စိုးခ' အခန်းရှေ့ကို အရင်ဦးအောင် ရောက်နှင့်နေပါသည်။

'စိုးခ' နှိုးကာ အခန်းတံခါးဖွင့်လိုက်သည်နှင့် ...

"Hello good morning ... How are you"

" 'ရဲရဲ' "

'စိုးခ' အရမ်းကို အံ့ဩ၍ နေပါသည်။

"ဘယ်တုံးက ရောက်တာလဲ"

"မနေ့ကထဲကလေ... 'စိုးခ' ဆီကိုတောင် ပီကေတွေ လက်ဆောင်ပို့ထားခဲ့သေးတာပဲ"

'စိုးခ' က မျက်မှောင်ကုတ်ကာ စဉ်းစားနေပါသည်။ 'ရဲရဲ' ဘာကိုပြောတာပါလိမ့်။

" ဩ "

သူ့နောက်မှ သတိရသွားပါသည်။ 'ရဲရဲ' ကပ်ထားတဲ့ ပီကေ



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့် သူ့သေ့ကို မနည်းဖွင့်ခဲ့ရတာပဲ။

"ဘာလာ လုပ်တာလဲ"

" 'စိုးခ' ဆီ လိုက်လာတာလေ... 'စိုးခ' က 'ရဲရဲ' ကို မခေါ်ဘဲ ဘာလို့ တစ်ယောက်ထဲ လစ်သွားခဲ့ရတာလဲ"

'ရဲရဲ' ရဲ့အသံ ကျယ်ကျယ်ကို တစ်ဖက်အခန်းက 'ဖွေး' ကြားသွားမှာစိုးတာကြောင့် 'စိုးခ' သူ့အခန်းထဲက သွက်လက်စွာ ထွက်လာခဲ့ပါသည်။

နောက် 'ရဲရဲ' လက်ကို ဆွဲကာ ခေါ်လာရင်း တိုးတိုးပြော လိုက်ပါသည်။

" 'ရဲရဲ' ... မင်း ဘာတွေလုပ်နေတာလဲ... ကိုယ်နဲ့ 'ဖွေးဖွေးဖြူ' တို့ စေ့စပ်ပြီးခဲ့တာကို မင်းကြားပြီးပြီ မဟုတ်လား"

"စေ့စပ်တာပဲ 'စိုးခ' ရယ်... လက်ထပ်တာမှ မဟုတ်တာ"

"ဘာထူးလဲကွ... 'ဖွေး' ကြားသွားရင် ကောင်းမလား"

" 'ဖွေး' ဟုတ်လား 'စိုးခ' ... အဲဒီ 'ဖွေး' က ဒီက 'ရဲရဲ'နဲ့ ထက် နောက်မှပေါ်လာတာလေ... နောက်မှ ပေါက်တဲ့ ရွှေကြာပင်က 'ရဲရဲ' ထက်များ ပိုအရေးကြီးနေပြီလား"

'စိုးခ' ဆွဲခေါ်ရာကို ပါလာရင်းမှ 'ရဲရဲ' နာကြည်းကြေကွဲစွာ မေးလိုက်မိတာဖြစ်ပါသည်။

တကယ်ဆို 'ရဲရဲ' ကသာ 'စိုးခ' ကို အရင်ဦးအောင် ချစ်ခဲ့ရသူပါ။ တွေးလေ 'စိုးခ' ကို နာကြည်းမိလေမို့ 'ရဲရဲ' 'စိုးခ' ကို စိုက်ကြည့်ကာ မေးလိုက်မိပါသည်။

"ဒါဆို 'စိုးခ' က 'ရဲရဲ' ကို မေ့နိုင်ပြီပေါ့ ဟုတ်လား"

" 'ရဲရဲ' ကလည်းကွာ... ကိုယ့်ကို နားလည်စမ်းပါ... ကိုယ် 'ဖွေး' ရဲ့ရှေ့မှာ သိက္ခာမကျချင်ဘူး"

"သိက္ခာ... ဘာ သိက္ခာလဲ... 'ရဲရဲ' က ဘာဖြစ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"'ရဲရဲ' နဲ့က မေမေတို့ သဘောတူထားတာ မဟုတ်ဘူးလေ 'ဖွေး' နဲ့က သဘောတူထားတာဆိုတော့ 'ဖွေး' ရဲ့ရှေ့မှာ ကိုယ်ဟာ ဖြူစင်သူတစ်ယောက်အဖြစ်ပဲ အမြင်ခံချင်တယ်"

'ရဲရဲ' မျက်ဝန်းထဲ မျက်ရည်များ ပြည့်လျှံလာခဲ့ပါသည်။

ဒါ 'စိုးခ' 'ရဲရဲ' ကို တိုက်ရိုက်စော်ကားလိုက်တာ သူ့မိဘ သဘောမတူတာနဲ့ပဲ 'ရဲရဲ' က 'စိုးခ' ကို ချစ်သူအဖြစ် စွန့်ပစ်ရမှာ လား။

မာနဖြင့် မျက်ရည်ကိုမကျအောင် မျက်နှာကိုအမော့ ...

"ဟိုမှာ 'ဖွေး' လိုက်လာနေပြီ 'ရဲရဲ' ... ဟန်မပျက်နေပေးပါ"

'ရဲရဲ' 'စိုးခ' ရဲ့အပြောကြောင့် နောက်ဖက်ကို လှည့်အကြည့် 'ဖွေးဖွေးဖြူ' က ခရမ်းနုရောင် အဝတ်အစားလေးဖြင့် 'စိုးခ' ဆီ လျှောက်လာတာ တွေ့လိုက်ရပါသည်။

တကယ်ဆို 'စိုးခ' ရဲ့ မျက်ဝန်းထဲ 'ဖွေးဖွေးဖြူ' ပဲ မိန်းမတစ် ယောက်လို့ သတ်မှတ်နေသလား။ 'ရဲရဲ' ကကော မိန်းမတစ်ယောက် မဟုတ်ဘူးလား။

'ဖွေးဖွေးဖြူ' နဲ့ ယှဉ်နိုင်တဲ့ အလှအပကော မပိုင်ဆိုင်ထား လို့လား။ 'စိုးခ' နဲ့တွေ့မှာမို့ ဒီနေ့ 'ရဲရဲ' ကိုယ့်ကိုယ်ကို အလှပဆုံး ပြင်ဆင်လာခဲ့တာပါ။

အဖြူရောင် အပြားကြီးကြီး ဦးထုပ်ကြီးနဲ့အတူ ကြည်ပြာ ရောင်ဂါဝန်လှလှလေးကို 'ရဲရဲ' ရွေးဝတ်ခဲ့တာပါ။

ဆံပင်ကို နောက်ဖက်မှာလိမ်ကာ စိန်ကလစ်လေးနဲ့ ညှပ်ခဲ့ တာမို့ 'ရဲရဲ' အလှကို 'ရဲရဲ' ယုံကြည်မိပြီးသားပါ။ ဒါကိုကျော်ကာ 'စိုးခ' က 'ဖွေးဖွေးဖြူ' မှ 'ဖွေးဖွေးဖြူ' ဖြစ်နေရတာ ဘာကြောင့် နည်း။

'ရဲရဲ' 'ဖွေးဖွေးဖြူ' ကို လုံးဝ အရှုံးမပေးနိုင်တာမို့ နောက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကို လှည့်ကာ 'ဖွေးဖွေးဖြူ' ကို ရယ်ပြလိုက်မိပါသည်။

'ဖွေးဖွေးဖြူ' က 'ရဲရဲ' ကို မှတ်မိပုံမရဘဲ အူကြောင်ကြောင်လေး ကြည့်နေတာကြောင့် ကိုယ့်ကိုယ်ကို မိတ်ဆက်လိုက်မိပါသည်။

" 'ဖွေး' မမှတ်မိဘူးနဲ့တူတယ်... 'မ' က 'ရဲရဲနီ' လေး... 'Lady First' ဆိုင်ပိုင်ရှင်ပါ"

"အို... ဒါကြောင့် 'မမ' ကို မြင်ဖူးသလိုရှိတယ်... အောင်းမေ့နေတာ"

" 'စိုးခ' နဲ့ 'မ' နဲ့က သူငယ်ချင်းတွေလေ... အရမ်းကိုခင်တဲ့ သူငယ်ချင်း"

'ရဲရဲ' စကားကြောင့် 'စိုးခ' က မျက်နှာပျက်သွားပြီး 'ဖွေး' ကို လှမ်းပြောပါသည်။

" 'ဖွေး' ဆာပြီလား"

"ရပါတယ်... 'မမ' လည်း 'ဖွေး' တို့နဲ့ Break fast လိုက်စားပါလား"

"စားမှာ... 'မ' က 'ဖွေး' မှ ဖိတ်ပါ့မလား စိုးရိမ်နေတာ"

'ရဲရဲ' စကားကြောင့် 'ဖွေး' က ပြုံးရင်း တလက်စထဲ 'စိုးခ' ကိုပါ ပြောပြပါသည်။

" 'ဖွေး' တို့ မင်္ဂလာပွဲအတွက် မင်္ဂလာဝတ်စုံကို ဒီ 'မမ' ဆီမှာ အပ်တာလေ... ကိုကို မသိဘူးလား"

"ဟင့်အင်း... ကိုယ် 'ရဲရဲ' နဲ့သိတုံးက အဲဒီအလုပ်မှ 'ရဲရဲ' မလုပ်သေးတာ"

"ဟုတ်တယ်... 'ဖွေး' ရဲ့... 'စိုးခ' ဂျပန်ကိုထွက်သွားမှ ကိုယ်လည်း အင်္ဂလန်မှာ Designer သင်တန်းသွားတက်ပြီး ဒီဆိုင်လေးကို ဖွင့်ဖြစ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"တိုက်တိုက်ဆိုင်ဆိုင်ပဲ မနေ့က 'ဖွေး' မိတ်ဆွေနဲ့တွေ့တယ် ဒီနေ့တော့ ကိုကိုရဲ့ မိတ်ဆွေနဲ့တွေ့ရတယ်... 'မမ' ကော ဒီချောင်းသာမှာ ကြာအုံးမှာလား"

"Relax လာယူတာဆိုတော့ တစ်ပါတ်လောက်တော့ နေမလားလို့... 'ဖွေး' တို့ကော ဟင်"

"'ဖွေး' တို့လည်း တစ်ပါတ်လောက်ပါပဲ"

စားသောက်ဆိုင်ထဲအရောက် 'စိုးခ' က 'ဖွေး' ထိုင်ရန် ကုလားထိုင် ထုတ်ပေးပါသည်။

'ရဲရဲ' ကိုတော့ အဖက်ပင် မလုပ်ပါ။ တကယ်ဆို 'ရဲရဲ' 'စိုးခ' ကို ဘယ်လောက်ချစ်ခဲ့ရတယ်ဆိုတာ 'စိုးခ' ကို ဘယ်လောက်ချစ်ခဲ့ရတယ်ဆိုတာ 'စိုးခ' သာ အသိဆုံးပါ။ ဒါကို လှစ်လျူရှုကာ 'ဖွေး' ကို လုပ်ပြနေတာက 'ရဲရဲ' ရဲ့ အသဲနှလုံးကို ဆုပ်ခြေထားသလို ခံစားရခက်စေပါသည်။

"'ဖွေး' ဘာစားမလဲ"

"ထမင်းကြော်ပဲ စားမယ် ကိုကို"

"'ရဲရဲ' ကတော့ နက်(စ်) ပဲ... 'စိုးခ' ... ယူလည်း နက်(စ်) ပဲ သောက်မှာမဟုတ်လား"

'ရဲရဲ' နဲ့တွဲခဲ့တဲ့ တစ်လျှောက်လုံး 'စိုးခ' နက်(စ်) ကာဖီကြိုက်တတ်မှန်းသိ၍ 'ရဲရဲ' နှစ်ခွက်အမှာ ...

"တို့မသောက်ဘူး 'ရဲရဲ' ... 'ဖွေး' နဲ့အတူ လက်ဘက်ရည်ပဲ သောက်မယ်"

'ဖွေး' ရှေ့မှာမို့ ဟန်ဆောင်ကာ ပြုံးနေမိသော်လည်း 'ရဲရဲ' 'စိုးခ' ကို အမုန်းအဖြစ် ခြေပစ်ချင်လောက်အောင်ပင် စိတ်ဆိုးမိပါသည်။ 'စိုးခ' 'ရဲရဲ' ကို ဆက်ဆံနေပုံက တစိမ်းတရံစာတစ်ယောက်ပုံစံမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



'ရဲရဲ' ကို ဒါမျိုးစမ်းလို့ ဘယ်ရမလဲ။

'ရဲရဲ' ချက်ခြင်းပြုံးလိုက်ကာ 'စိုးခ' ကို လှမ်းပြောလိုက်ပါသည်။

"ဒီမှာလေ… 'စိုးခ' … နင်ပေးထားတဲ့ ဆွဲကြိုးလေး ငါဆွဲလာတာ"

လမ်းမှာတုံးက စိတ်ဆိုး၍ လွှင့်ပစ်ခဲ့သော ဆွဲကြိုးလေးကို တမင်သက်သက် 'ရဲရဲ' ပြန်ဆွဲလာခဲ့တာပါ။

'ရဲရဲ' ရဲ့အပြုအမူကြောင့် 'စိုးခ' မျက်နှာပျက်ယွင်းသွားပြီး 'ဖွေး' ကို လှမ်းပြောတာကြားလိုက်ရပါသည်။

"'ဖွေး' နေပူရင် လမ်းလျှောက်လို့ မကောင်းဘူး…သွားကြတော့မလား"

"ဟုတ်ကဲ့ ကိုကို… 'မမ' 'ဖွေး' တို့ကို ခွင့်ပြုပါအုံးနော်"

'ဖွေး' က အားနာပါးနာဖြင့် 'ရဲရဲ' ကို နှုတ်ဆက်သွားပေမယ့် 'စိုးခ' က တစ်ချက်လေးမှပင် မကြည့်ဘဲ လျှောက်ထွက်သွားတာကြောင့် 'ရဲရဲ' အခန့် ကိုကြိတ်ကာ နှုတ်ခမ်း ကိုက်ထားလိုက်မိပါတော့သည်။

'စိုးခ' ရဲ့အပြုအမူကြောင့် 'ရဲရဲ' ခံစားနေရချိန် ဘယ်အချိန်ထဲက စားသောက်ဆိုင်ထဲ ရောက်နေမှန်းမသိတဲ့ 'ကျော်ဒေးယျ' က 'ရဲရဲ' ရဲ့ဘေးနားတွင် ဝင်ထိုင်ရင် 'ရဲရဲ' ကို လှမ်းစလိုက်ပါသည်။

"ဘယ်လိုလဲ… လက်ကိုင်ပုဝါ ယူတော့မလား"

ကျွန်တော်မေးလိုက်ကာမှ 'ရဲရဲ' ရဲ့ ဒေါသမိုင်းမုံးက ပေါက်ကွဲကာ အရှိန်ပြင်းစွာ ကျွန်တော့်ကို ထိမှန်ပါတော့သည်။

"အဲဒီ လက်ကိုင်ပုဝါ ရှင်ပဲယူ… ရှင့်မျက်ရည်ပဲ အရင်သုတ် 'ရဲရဲ' တို့က ဘယ်တော့မှ မျက်ရည်မကျဘူး"

ပြောရင်း… ပြောရင်း… 'ရဲရဲ' က စိတ်မထိမ်းနိုင်တော့သလို



www.burmeseclassic.com

www.burmeseclassic.com



သီးထန်စွာ ရှိုက်အငိုကျွန်တော် လန့်ဖြန့်သွားခဲ့ရပါသည်။ ဘေးနားမှ စားသောက်နေကြသော လူတွေပါ လှည့်ကြည့်လာပြီးဆိုတော့ ကျွန်တော် 'ရဲရဲ' ကို မချော့လို့ မဖြစ်တော့ပါ။

"လူတွေကြည့်နေပြီ 'ရဲရဲ'... မငိုနဲ့တော့လေ"

"ကိုယ့်ဖာသာကိုယ်ငိုတာ ဘာဖြစ်လဲ"

ပြောကာမှ ရှိုက်ကြီးတငင်အငို ကျွန်တော် 'ရဲရဲ' ကိုကြည့်ကာ သက်ပြင်းချလိုက်မိပါသည်။ 'ရဲရဲ' ရဲ့ရင်ထဲက ခံစားချက်ကို ကျွန်တော်နားလည်ပါသည်။ ဒီခံစားချက်မျိုးကို မနေ့က ကျွန်တော်ကိုယ်တိုင် ခံစားခဲ့ရပြီးပြီပဲ။

"စိတ်ကိုလျှော့ပါ 'ရဲရဲ' ရယ်... 'ရဲရဲ' ရင်ထဲ ဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်တော်ခံစားပေးနိုင်ပါတယ်"

ကျွန်တော်ပြောမှ 'ရဲရဲ' ရှိုက်သံတဖြေးဖြေး တိုးတိတ်လာကာကျွန်တော့်ကို ရှိုက်ငင်ရင်း ပြန်ပြောပြပါသည်။

"တကယ်ဆို 'ရဲရဲ' နဲ့ 'အုပ်စိုး' နဲ့ ခင်ခဲ့ကြတာ ဟိုးကလေးဘဝထဲကပါ... 'ဖွေးဖွေးဖြူ' ဆိုတာ သူ မနေ့တစ်နေ့ကမှ သိခဲ့ရတဲ့ မိန်းမတစ်ယောက်ပါ... အဲဒီ မိန်းမနဲ့ ယှဉ်လိုက်ရင် 'ရဲရဲ' ရဲ့ သံယောဇဉ် အများကြီးပိုပါတယ်... ခုတော့ သူ 'ရဲရဲ' ကို စိမ်းကားလွန်းတာကိုပဲ စိတ်နာတာ"

ကျွန်တော် 'ရဲရဲ' လက်ကို လှမ်းဆုပ်ကာ နှစ်သိမ့်ပေးရုံကလွဲ၍ ဘာမှ မတတ်နိုင်ပါ။

ကျွန်တော်ကိုယ်တိုင်လည်း 'ဖွေး' ရဲ့ စိမ်းကားခြင်းကို ခံစားနေရတဲ့ ဝေဒနာသည် တစ်ယောက်ပါ။

ဝေဒနာသက်သာလို သက်သာငြား ဓါတ်ပုံလျှောက်ရိုက်ဖို့ထွက်လာကြောင့်လည်း 'ရဲရဲ' ကို အဖော်ညှိလိုက်မိပါသည်။

" 'ရဲရဲ' ဒီလိုထိုင်နေမယ့်အစား ကျွန်တော်နဲ့လိုက်ခဲ့ပါလား



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေမှာ ဓါတ်ပုံလျှောက်ရိုက်မလားလို့"

"'ရဲရဲ' ဒီလိုပဲ ထိုင်နေချင်တယ်"

"ထိုင်နေရင် ပိုစိတ်ဆင်းရဲမှာပေါ့... 'ရဲရဲ' ပဲ 'အုပ်စိုးခ' ကို အနိုင်ယူချင်တယ်ဆို"

'ရဲရဲ' နှုတ်ခမ်းကို တင်းတင်းစေ့ကာ စိတ်ကိုပြန်တင်းလိုက်ပါသည်။ ဟုတ်တယ် 'စိုးခ' ရဲ့ ရက်စက်မှုအောက်မှာ 'ရဲရဲ' လူးလိမ့်ပြီး ငြိမ်ခံမနေနိုင်ပါဘူး။

'ရဲရဲ' 'စိုးခ' ကို အနိုင်ပြန်ယူပြမည်။

'ရဲရဲ' နေရာမှအထ ကျွန်တော်ပြုံးကာ နှစ်ယောက်သား ကမ်းခြေဘက်ကို လျှောက်လာခဲ့ကြပါသည်။

ညနေခင်း နေဝင်ချိန် ဆည်းဆာအလှဖြင့် ကမ်းခြေက လှပသလို နံနက်ခင်းပိုင်းနေထွက်ချိန် အာရုံဦးအလှဖြင့် ကမ်းခြေက သာယာလှပနေပြန်ပါသည်။

"ချောင်းသာကို 'ရဲရဲ' အရင်က ရောက်ခဲ့ဘူးလား"

"'ရဲရဲ' မြန်မာပြည်ကို ပြန်ရောက်ပြီး မကြာခင် 'အန်တီဇာခြည်' နဲ့ တစ်ခေါက်ရောက်ဘူးတယ်... အဲဒီတုံးက ဇက်နဲ့ကူးရတယ်"

"ဟုတ်တယ်... ကျွန်တော်လည်း တစ်ခါပဲ ရောက်ဘူးတယ် ခုလို မသာယာသေးဘူး"

'ရဲရဲ' က ရေစိုနေသော သဲသောင်နုနုတွင် လမ်းလျှောက်နေပြီး လှိုင်းလုံးက ပြေးတက်လာလိုက် သူမကလွတ်အောင် ရှောင်လိုက်နှင့် ခုနက 'စိုးခ' နဲ့ဖြစ်လာခဲ့တာကို မေ့သွားပုံနှင့် ပျော်ရွှင်နေပါသည်။

တစ်ခါတစ်လေ လှပသော ခရုခွံလေးများတွေ့လျှင် သူ့ကို ခမ်းသာအားရ လှမ်းအော်ပြတတ်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" 'ကိုဒေး' ဒီမှာ ကြည့်ပါအုံး... ဒီ ခရုလေးက ချစ်စရာလေး"

တစ်ခါတစ်လေ ခရုခွံထဲဝင်နေသော ဝင်ကစွပ်ကောင်လေးတွေ ဂဏန်းလေးတွေ အားလုံးသည် 'ရဲရဲ' အတွက် ထူးဆန်းနေရပါသည်။

'ရဲရဲ' အတွက် အထူးအဆန်းဖြစ်နေသော ဟန်အမူအယာလေးတိုင်းက ကျွန်တော်ရဲ့ကင်မရာထဲမှာ နေရာများများယူလာတော့ 'ရဲရဲ' က နှုတ်ခမ်းစူသည်။

" 'ကိုဒေး' နော်.ဓါတ်ပုံရိုက်တာက အရေးမကြီးဘူး... 'ရဲရဲ' ကို အရင်ခေါ်ပြ မလှရင် 'ရဲရဲ' က ဖြုပစ်မှာ"

"အလှရိုက်တာမှ မဟုတ်ဘဲ 'ရဲရဲ' ရယ်... သဘာဝကို ရိုက်တာပဲ"

"သဘာဝရိုက်လည်း 'ရဲရဲ' ကတော့ လှနေမှကို ကျေနပ်မှာ"

ကမ်းခြေတစ်လျှောက် လမ်းလျှောက်ရင်း နေမြင့်လာသည်နှင့်အမျှ ဒီရေတက်လာ၍ လှိုင်းလုံးတွေ 'ဖွေး' ကနဲတက်လာတိုင်း 'ရဲရဲ' က ကမ်းပေါ်ပြေးအတက် 'ရဲရဲ' ပုံစံက ပျော်ရွှင်လာပုံရပါသည်။

'ရဲရဲ' ဒီလိုသာ အစဉ်အမြဲ ကြည်နူးပျော်ရွှင်နေမယ်ဆိုဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ။

"ရန်ကုန်ရောက်ရင် 'ကိုဒေး' ဆီ လာလည်မယ်နော်... ဓါတ်ပုံတွေက ဘယ်မှာကူးမှာလဲ "

" 'ရဲရဲ' လာကြည့်မယ်"

တကယ်တမ်းပေါင်းကြည့်တော့ 'ရဲရဲ' သည် ဟန်ပန်မဆိုတတ်ဘဲ ချစ်စရာကောင်းသူလေး တစ်ဦးပါ။

" 'ရဲရဲ' ရေမကူးတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... အသားတွေ ပစ်ရတယ်... ဟိုးတစ်ခေါက်လာတုံးက 'ရဲရဲ' အသားတွေ အရမ်းကိုမဲသွားတာ... 'နီဂရိုးမ' ဖြစ်သွားတာပဲ... White and Soft Cream တွေ လူးပစ်ရတယ်... သူများသာပြောနေတယ် 'ကိုဒေး' ကကော"

"ကိုယ် ဒီကိုလာတာ ရေကူးဖို့ထက် အေးအေးဆေးဆေး အနားယူချင်လို့ ထွက်လာတာ"

"ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါလား... 'ကိုဒေး' ရယ်... အသဲကွဲတာကို လာကုစားတာလို့ ဘယ်လိုလဲ ဒဏ်ရာကျက်သွားပြီလား"

မချိုပြုံး ပြုံးကာ ကျွန်တော် ကင်မရာကို သိမ်းလိုက်မိပါသည်။

ဒဏ်ရာမကျက်တဲ့အပြင် ဗေဒနာပိုတိုးနေတာမို့ သက်ပြင်းကို အချ 'ရဲရဲ' ကျွန်တော့်နားကို လျှောက်လာပါသည်။

နောက် ကျွန်တော့်လက်ကိုဆွဲကာ မပြောမဆို မျက်နှာချင်းဆိုင် ခိုင်းပါသည်။

" 'ရဲရဲ' ကို သေသေချာချာကြည့်စမ်းပါ 'ကိုဒေး' ရယ်... ယောကျ်ားတစ်ယောက် စိတ်မဝင်စားနိုင်လောက်တဲ့ စိတ်ပျက်စရာကောင်းလောက်တဲ့ ပုံစံမျိုး... အခြေအနေမျိုးကို 'ရဲရဲ' ရောက်နေပြီလား"

'ရဲရဲ' ရဲ့မျက်နှာက ကျွန်တော့်မျက်နှာနဲ့ နီးကပ်စွာရှိနေသလို 'ရဲရဲ' ရဲ့ ထွက်သက် နွေးနွေးကလည်း ကျွန်တော့်လည်ပင်းကို ရောက်လုအောင် မျက်နှာချင်းဆိုင် အနေအထားဖြစ်နေပါသည်။

ကျွန်တော် 'ရဲရဲ' မျက်နှာကို စိုက်ကြည့်လိုက်ပါသည်။ နီးကပ်လွန်းသော အနေအထားကြောင့် 'ရဲရဲ' ရဲ့ လည်ပင်းမှ သွေးကြောစိမ်းစိမ်းလေး လှုပ်နေတာကိုပင် မြင်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်တွေ ခုန်လာရတာမို့ မျက်လွှာကိုအချ 'ရဲရဲ'က မချင့်မရဲ ကျွန်တော်လက်မောင်းကို ကိုင်လှုပ်ပါသည်။

" 'ရဲရဲ' မေးနေတာဖြေလေ 'ကိုဒေး'... 'ရဲရဲ'ဟာ ယောကျာ်း တစ်ယောက်ကို မဆွဲဆောင်နိုင်တော့ဘူးလား"

ကျွန်တော် 'ရဲရဲ' လက်ထဲမှ ရုန်းထွက်ကာ တည်းခိုခန်းများ ရှိရာဘက်ကို ပြန်လျှောက်လာရင်း တည်ငြိမ်စွာ ပြောလိုက်မိပါ သည်။

" 'ရဲရဲ' ဟာ ဆွဲဆောင်မှုအပြည့်ရှိတဲ့ မိန်းမတစ်ယောက်ဆို တာ ကိုယ်ဝန်ခံပါတယ်"

"ဒါနဲ့များ 'ကိုဒေး' ရယ်... 'စိုးခ' 'ရဲရဲ' ကို ဘာလို့များ စွန့် ပစ်သွားခဲ့ရတာလဲ"

"သူ့မိဘတွေကို မလွန်ဆန်နိုင်လို့ပဲ ဖြစ်မှာပါ"

"ဒါဆို 'ဖွေး' လည်း သူ့မိဘတွေကို မလွန်ဆန်နိုင်လို့ပဲ ဖြစ် မှာပေါ့နော် 'ကိုဒေး' ... 'ကိုဒေး' လည်း မျှော်လင့်ချက်ရှိနိုင်ပါ သေးတယ်"

ဒီစကားကိုတော့ ကျွန်တော် ခေါင်းညိတ်ကာ လက်မခံရဲပါ။

'အုပ်စိုးခ' နဲ့ ယှဉ်ရလောက်အောင် ကျွန်တော်သည် 'ဖွေး' ကို မဆွဲဆောင်နိုင်သော ယောကျာ်းတစ်ယောက်အဖြစ် ခံစားရပါ သည်။

ကျွန်တော့်မျက်နှာ ပျက်သွားမှန်းသိတော့ 'ရဲရဲ' က ကျွန် တော့်ကို နှစ်သိမ့်ပါသည်။

" 'ကိုဒေး' ဘာမှ မပူနဲ့... 'ရဲရဲ' 'စိုးခ' ကိုပိုင်ရင် 'ကိုဒေး' လည်း 'ဖွေး' ကို အလိုလိုပိုင်လာရမှာပဲ... 'ရဲရဲ' 'စိုးခ' ကို ပိုင်အောင် လုပ်ပြမယ်"

သည်ဆုံးဖြတ်ချက်များနှင့် 'ရဲရဲ' သူ့အခန်းကို သူဖြတ်လတ်



www.burmeseclassic.com

www.burmeseclassic.com



စွာ တက်လာခဲ့လိုက်ပါသည်။

စိတ်ကူးထဲမှာလည်း အကြံတွေ ထုတ်နေမိပါသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ကြားစကာ 'ဖွေး' သူ့နားကိုပင် သူမယုံချင်ပါ။

'ရဲရဲ' ထုတ်ပြလာသော ဓါတ်ပုံလေးကို တွေ့ရမှ 'ဖွေး' မယုံချင်လည်း ယုံလိုက်ရပါပြီ။

ဓါတ်ပုံထဲမှာ ကိုကိုနဲ့ 'ရဲရဲ' တို့ နှစ်ဦးသား ပြုံးပျော်နေပုံက ဒီကမ္ဘာလောကကြီးမှာ သူတို့နှစ်ဦးထဲသာ ရှိနေတဲ့ပုံစံမျိုး၊ အနေအထားမျိုးပါ။

ဒါကြောင့် 'ရဲရဲ' နဲ့ ဆုံရတိုင်း ကိုကို့မျက်နှာတွေ အကြီးအကျယ်ပျက်ယွင်းနေခဲ့ရတာ ဖြစ်မည်။

" 'ရဲရဲ' လည်း 'ဖွေး' စိတ်ဆင်းရဲရမှာကို သိလို့ မပြချင်ပါဘူး... ဒါပေမယ့် 'ဖွေး' လည်း 'ရဲရဲ' လို အလိမ်ခံရမှာစိုးလို့ လာပြတာပါ"

" 'ဖွေး' ... 'ဖွေး' နားလည်ပါပြီ... 'မမ' ရယ်... ဒါပေမယ့် 'ဖွေး' တို့က စေ့စပ်ပြီးကြပြီဆိုတော့ ဘယ်လိုလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စေ့စပ်တာပဲ 'ဖွေး' ရယ်... လက်ထပ်တာမှ မဟုတ်တာ... စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ ကွဲကြတယ်ဆို ပြီးတာပဲ ပေါ့"

" 'ဖွေး'... 'ဖွေး'... စဉ်းစားပါအုံးမယ် မမ"

"ဒါဆို 'မမ' ပြန်မယ်နော်"

'ရဲရဲ' 'ဖွေး' အခန်းမှ တိတ်ဆိတ်စွာ ဆင်းလာခဲ့လိုက်ပါသည်။

ဒီလိုလုပ်ရဖို့ 'စိုးခ' ကို ရှောင်းရပါသေးသည်။ 'စိုးခ' မရှိတာ သေချာမှ 'ဖွေး' အခန်းဘက်ကို လျှောက်လာကာ 'ဖွေး' ကို နား သွင်းရတာ ဖြစ်ပါသည်။ ခုချိန်လောက်ဆို 'ဖွေး' သူ့အခန်းထဲမှာ ဝမ်းနည်းစွာ ငိုကြွေးနေလောက်ပြီ။ 'ရဲရဲ' အဖို့မှာတော့ ပျော်လွန်း၍ ဟန်ပင်မဆောင်နိုင်ဘဲ 'ကိုဒေး' အခန်းရှေ့ရပ်ကာ 'ကိုဒေး' ကို အော်ခေါ်လိုက်မိပါသည်။

" 'ကိုဒေး' ရှိလား ဟင်... 'ကိုဒေး' "

'ကျော်ဒေးယျ' အိပ်နေရာမှ အသံပေးလိုက်မိပါသည်။

"ဘာကိစ္စလဲ 'ရဲရဲ' "

" 'ကိုဒေး' 'ဖွေး' နဲ့ပေါင်းရတော့မယ်"

'ရဲရဲ' 'ကိုဒေး' အခန်းဝတွင်ရပ်ကာ ဝမ်းသာအားရ လာပြော ပေမယ့် 'ကိုဒေး' ပုံစံက ပျော်ရွှင်သွားပုံ မရပါ။

" 'ကိုဒေး' ဘာဖြစ်နေတာလဲ"

"ကျွန်တော် ဖျားနေပြီ 'ရဲရဲ' "

ညက မိုးကြီးချုပ်မှ အိပ်တဲ့အပြင် လေတိုက်ခံတာ ကြာသွား တာလည်းပါတာကြောင့် မနက်ပိုင်း ကျွန်တော်နိုးလာတော့ အာ ခေါင်တွေ ပူလောင်ကာ ခေါင်းက မခံမရပ်နိုင်အောင် ကိုက်နေတာပါ သည်။

'ရဲရဲ' 'ကိုဒေး' အခန်းထဲကိုဝင်လာကာ နဖူးကိုအစမ်း ပူခြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာတွေ့လိုက်ရ၍ စိတ်ပူသွားမိပါသည်။

"'ကိုဒေး' မှာ ဆေးပါလား"

"ဟင့်အင်း"

" 'ရဲရဲ' မှာတော့ ပါရာစီတမော့ပါတယ်... သောက်လိုက်မလား"

ဘာမှ မသောက်တာထက်စာလျှင် ဘာဆေးသောက်သောက်ကောင်းလာနိုင်တာကြောင့် ခေါင်းအညိတ် 'ရဲရဲ' သူ့အခန်းဘက်ပြန်လာကာ ဆေးယူရင်း Coffee Mix တစ်ခွက်ပါ ယူလာခဲ့လိုက်ပါသည်။

လမ်းမှာ 'ရဲရဲ' ဒုက္ခရောက်နေတုံးက 'ကိုဒေး' ကူညီခဲ့တာဆိုတော့ 'ကိုဒေး' ဒုက္ခရောက်တော့လည်း 'ရဲရဲ' မှာ ပြန်ကူညီဖို့ တာဝန်ရှိနေပါသည်။

"ဆေးသောက်ပြီး ကာဖီပူပူလေးသောက်လိုက် 'ကိုဒေး'... ချွေးထွက်ပြီး နေပြန်ကောင်းလာလိမ့်မယ်... ပြီးတော့ ... ဒီနေ့ထမင်းမစားနဲ့အုံး... 'ရဲရဲ' မှာ ခေါက်ဆွဲခြောက်ထုပ်တွေပါတယ်... 'ရဲရဲ' ပြုတ်ပြီး လာပို့ပေးမယ်"

"မလုပ်ပါနဲ့ 'ရဲရဲ' ရယ်... အားနာစရာ"

ကျွန်တော် အားနာစွာအငြင်း 'ရဲရဲ' နှစ်ခြိုက်သွားကာ ပြုံးရယ်ရင်း ...

" 'ကိုဒေး' နေမြန်မြန်ပြန်ကောင်းမှ ဖြစ်မှာ... 'စိုးခ' နဲ့ 'ဖွေး' မပြေမလည်ဖြစ်ရင် 'ရဲရဲ' က 'စိုးခ' နား ပြန်သွားရမှာ ... 'ကိုဒေး' ကလည်း 'ဖွေး' နားကို ပြန်သွားရမှာလေ... မသွားချင်ဘူးလား"

'ရဲရဲ' စကားကြောင့် ကျွန်တော် မချိသလို ပြုံးလိုက်မိပါသည်။ 'ဖွေး' ကျွန်တော့်ကို စိတ်ဝင်စားတော့မယ် မထင်ပါဘူး။ ကျွန်တော့်ရဲ့ အားလျော့တဲ့ပုံစံကြောင့် 'ရဲရဲ' က စိတ်မရှည်သလို



www.burmeseclassic.com

www.burmeseclassic.com



ပြောလာခဲ့ပါသည်။

"'ကိုဒေး' ကလည်း အားလျှော့လိုက်တာ ယောကျ်ားမဟုတ် တာကျနေတာပဲ... 'ရဲရဲ' ကတော့ ဘယ်တော့မှ အားမလျှော့ဘူး... 'စိုးခ' 'ရဲရဲ' ဆီကို ပြန်ရောက်လာအောင်ကို လုပ်ပြမယ် ... ကြည့်နေ"

ခုလောက်ဆို 'ဖွေး' နဲ့ 'စိုးခ' တို့ ကွိုင်တက်နေလောက်ရော ပေါ့။

ညနေခင်း 'ရဲရဲ' 'စိုးခ' တို့ အခန်းရှေ့သွားကာ အကဲခတ်ဖို့ စိတ်ကူးထားပါသည်။

နေ့လည်ပိုင်း 'ရဲရဲ' ခေါက်ဆွဲပြုတ်လာပေးချိန်မတော့ 'ကိုဒေး' အဖျားကျသွားခဲ့ပါပြီ။

"ကျေးဇူးပါပဲ 'ရဲရဲ' ရယ်... 'ရဲရဲ' သာ မကူညီရင် ကျွန်တော် တစ်ယောက်ထဲ ခုချိန်ထိ အဖျားကျအုံးမှာ မဟုတ်ဘူး"

"ချွေးငုတ်သွားတာ ဖြစ်မှာပါ... 'ကိုဒေး' ဒီနေ့ အပြင်မထွက်နဲ့အုံးပေါ့... လေစိမ်းတိုက်ပြီး ပြန်ဖျားနေအုံးမယ်"

"'ရဲရဲ' ကကော ဘယ်သွားမလို့လဲ"

"'စိုးခ' တို့အခြေအနေ သွား အကဲခတ်လိုက်အုံးမယ်"

"ကျွန်တော်လိုက်ခဲ့ရအုံးမလား"

"နေပါ ပြန်ဖျားနေပါ့မယ်"

'ရဲရဲ' သူ့အခန်းဘက် ပြန်ကူးလာကာ 'စိုးခ' 'ရဲရဲ' ကို လက်ဆောင်ပေးထားသော စပျစ်သီးရောင်အကျီနှင့် အနက်ရောင်စတိုင် ဘောင်းဘီပျော့ကို တွဲဝတ်ကာ ပထမ ဦးထုပ်အဖြူရောင်လေးကို ဆောင်းမည် စိတ်ကူးမိပေမယ့် 'စိုးခ' ကို 'ရဲရဲ' ဘယ်လောက် သတိရတယ် ဘယ်လောက်ချစ်တယ်ဆိုတာ သိရအောင် 'စိုးခ' ပေးသော ထီးလေးကိုဆောင်းဖို့ စိတ်ကူးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'စိုးခ' ပေးသော ထီးလေးက ဂျပန်တွင် တစ်ခါသုံးထီးမျိုး လေးပုံစံပါ။

ပလပ်စတစ်အထူ ခရမ်းနုရောင် ကြည်ကြည်လေးတွင် အသဲပုံလေးတွေပါသော ထီးအကြည်လေးမို့ 'ရဲရဲ' ထီးလေးကိုဆောင်းကာ ထွက်လာတော့ 'ကိုဒေး' ပင် ငေးကြည့်နေတာ တွေ့ရပါသည်။

နှုတ်ခမ်းနီကလည်း အင်္ကျီနဲ့ဆင်တူ စပျစ်သီးရောင် စိုစိုလေး ဆိုးထားတာဆိုတော့ ဖြူနုဝင်းမွတ်နေသော 'ရဲရဲ' ရဲ့အသားလေးနဲ့ ဘယ်လောက်လှမယ်ဆိုတာ 'ရဲရဲ' ပဲ သိပါသည်။

လည်ပင်းနဲ့နားကပ်တွင် ခရစ်စတယ်အဖြူရောင် နားဆွဲနဲ့ လည်ဆွဲကိုဆွဲပြီး 'ကိုဒေး' နားကို လျှောက်လာခဲ့လိုက်ပါသည်။

" 'ကိုဒေး'... 'ရဲရဲ' လှရဲ့လား"

အဖျားကျကာစ 'ကိုဒေး' က 'ရဲရဲ' ကို မမြင်ဘူးတော့သလို ငေးကြည့်နေပါ၍ 'ရဲရဲ' ပြုံးလိုက်မိပါသည်။

"ဒီလိုပုံနဲ့ဆို 'စိုးခ' 'ရဲရဲ' ကို ပြန်စိတ်ဝင်စားလာမှာပါနော် 'ကိုဒေး' "

ကျွန်တော်ခေါင်းညိတ်လိုက်ပါသည်။ အချစ်ဆိုတာ လှပခြင်းကို အခြေခံတာမှန်သော်လည်း နီးစပ်ခြင်းကလည်း အချစ်ကို တွယ်တာခြင်း သံယောဇဉ်ဖြစ်ခြင်း စတာတွေကို ဖြစ်စေသည်ကို ကျွန်တော် 'ရဲရဲ' ကို ဘာလို့ မပြောဖြစ်တာပါလဲ။

" 'ရဲရဲ' သွားမယ်... အောင်မြင်ပါစေလို့ ဆုတောင်းပေးအုံးနော်... 'ကိုဒေး' "

အနက်ရောင် ရှူးဖိနပ်ပြောင်ပြောင်လေးဖြင့် 'ရဲရဲ' စမတ်ကျကျစွာ ထွက်သွားခဲ့ပါသည်။

ဖက်ရှင် Designer တစ်ယောက်မို့လား မသိပါ။ 'ရဲရဲ' ဘာလေးဝတ်ဝတ် 'ရဲရဲ' ဆံပင်လေးကို ဘယ်လိုလိမ်လိမ် 'ရဲရဲ' သည်



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်ကိုသူမ ဆွဲဆောင်နိုင်အောင် ဝတ်တတ်စားတတ်သူပါ။

ဒီလိုအလှအပလည်းရှိ ပညာနဲ့လည်းပြည့်စုံ မိဘဆွေမျိုးလည်း ချမ်းသာသော 'ရဲရဲ' လို မိန်းကလေးကို 'စိုးခ' ဘာဖြစ်လို့များ ပစ်ပယ်နိုင်ရတာလဲ။

" 'ရဲရဲ' ခဏ"

"ဘာလဲ... 'ကိုအေး' ရဲ့"

ကျွန်တော် ဓါတ်ပုံကင်မရာကို သွားယူလာကာ 'ရဲရဲ' မကျေမနပ်ပြန်လျှောက်လာတဲ့ ပုံလေးတွေကို ဒလစပ် မနားတမ်းရိုက်ပစ်လိုက်မိပါသည်။

"အမယ်လေး... 'ကိုအေး' ရယ်... နောက်မှရိုက်လည်း ဖြစ်ရက်နဲ့"

"ကျွန်တော် ဒီ Position အတိုင်း ရိုက်ချင်လို့ပါ"

"ကဲ... ကဲ... ရိုက်... ရိုက်"

'ရဲရဲ' က ကျွန်တော်လိုချင်သော အနေအထားအတိုင်း အရိုက်ခံသည်။ ကျွန်တော် ကျေနပ်လောက်ပြီဆိုမှ ...

"ကဲ... 'ရဲရဲ' သွားလို့ရပြီလား"

"ရပြီ"

'ရဲရဲ' ကျွန်တော့်ရှေ့မှ လျှောက်ထွက်သွားတာကို ငေးနေဆဲကျွန်တော့်မျက်ဝန်းထဲကို 'စိုးခ' ရဲ့ ရွှေရောင်မာစီးဒီးကားကြီး ထိုးဆိုက်လာတာကို တွေ့လိုက်ရပါသည်။

'ရဲရဲ' လည်း တွေ့လိုက်ပုံနှင့် နေရာတွင် ရပ်ကြည့်နေဆဲကားထဲက 'စိုးခ' ထွက်လာကာ 'ရဲရဲ' လက်မောင်းကို ဆုပ်ကိုင်ပြီး ကျွန်တော့်ဘက် လျှောက်လာတာ တွေ့လိုက်ရပါသည်။

'စိုးခ' ပုံစံက အရမ်းကို ဒေါသကြီးနေတဲ့ ပုံစံမျိုး၊ အမူအယာမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်စိတ်ဝင်စားတာမို့ ငေးကြည့်နေဆဲ 'စိုးခ' က ကားဆီပြန်သွားကာ ကားထဲက 'ဖွေး' ကို ခေါ်ထုတ်သွားပြီး သူတို့ တည်းခိုခန်းဘက်ရှိရာ ပြန်လျှောက်သွားတာ တွေ့လိုက်ရပါသည်။

တဒင်္ဂအဖြစ်အပျက်မို့ 'ရဲရဲ' ဘာမှ ပြန်ပြောလိုက်ဖို့ အချိန်ပင် မရလိုက်ပါ။

'စိုးခ' ပြောသွားတဲ့ စကားတွေက ရက်စက်ရင့်သီး ရိုင်းစိုင်းလှပါသည်။

သူ 'ဖွေး' ကလွဲ၍ ဘယ်သူ့ကိုမှ မချစ်နိုင်ပါတဲ့။ 'ရဲရဲ' နဲ့ တွဲခဲ့တယ်ဆိုတာကလည်း 'ရဲရဲ' က အတင်းလိုက်လွန်း၍ အားနာပါးနာနဲ့ တွဲခဲ့ရတာပါတဲ့။

ခုချိန်မှာ 'ဖွေး' ကလွဲ၍ သူ ဘယ်မိန်းမကိုမှ စိတ်မဝင်စားပါတဲ့။

ဒီ စကားလုံးက 'ဖွေး' ရှေ့မှာ သူပြောခဲ့တဲ့ စကားအားလုံးပါ။

ဒီစကားကို ပြောနေတဲ့အချိန် 'ရဲရဲ' ရင်ထဲ ဘယ်လိုခံစားရမယ်။ ဘယ်လိုကြေကွဲသွားမယ်ဆိုတာ 'စိုးခ' နားလည်ရဲ့လား။

တွေးလေ 'ရဲရဲ' ရဲ့ ရင်ထဲ ဝမ်းနည်းရလေ၊ ကြေကွဲရလေ 'စိုးခ' အပေါ်ကို နာကျည်းရလေပါ။

တကယ်ဆို 'ဖွေး' မပါဘဲ 'ရဲရဲ' တစ်ယောက်ထဲကို ဒီလို ရက်ရက်စက်စက် စကားတွေ ပြောမယ်ဆိုလည်း 'ရဲရဲ' ခံသာပါသေးသည်။

ခုတော့ 'ဖွေး' ရှေ့မှာ 'ရဲရဲ' ကို တမင်အရှက်ခွဲတာ ခံလိုက်ရတာဆိုတော့ 'ရဲရဲ' သည်းမခံနိုင်တော့ပါ။

ရုတ်ခြည်းလိုလို 'စိုးခ' ရဲ့ကားနားကို လျှောက်လာခဲ့ကာ ဆောင်းထားသော ထီးကိုပိတ်ရင်း အသားကုန်သာ ပိတ်ရိုက်လိုက်


www.burmeseclassic.com

www.burmeseclassic.com



မိပါသည်။ ထီးတစ်ချောင်းလုံး စုတ်ပစ်သွားတာတောင် 'ရဲရဲ' ရဲ့ ဒေါသက အတောမသတ်နိုင်သေးပါ။

ထီးရိုးကို အားကုန်ချိုးကာ 'စိုးခ' ရဲ့ကားတစီးလုံးကို ရစရာ မရှိအောင် ခြစ်ပစ်လိုက်မိပါသည်။

ဖြစ်ချင်တာဖြစ် နောက်မှ 'ရဲရဲ' ရှင်းပါတော့မည်။ 'စိုးခ' ရဲ့ ပြောစရာလောက် နာကျင်တဲ့စကား 'ရဲရဲ' ဘဝမှာ မရှိတော့ပါ။

ဘာတဲ့ ကိုယ့်ကိုမချစ်လို့ ထားခဲ့တဲ့လူရဲ့နောက် တကောက်ကောက်လိုက်ပြီး သူတောင်းစားလို အချစ်ကို တောင်းစားနေတာ မရှက်ဘူးလားတဲ့။

ရက်စက်လိုက်တဲ့စကား၊ ယုတ်မာလိုက်တဲ့စကား။

'ရဲရဲ' က လူတကာနောက် သူတောင်းစားလို လိုက်နေတဲ့ သူမို့လို့လား။ 'စိုးခ' တစ်ယောက်ထဲနောက်ကို လိုက်ကာ 'စိုးခ' တစ်ယောက်ထဲကိုသာ ချစ်မိတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝပါ။

ဒါကို 'စိုးခ' ဒီလိုပဲ မှိုချိုးမြစ်ချိုး ပြောရက်သလား။

တွေးလေ ဒေါသဖြစ်လေ ထီးရိုးနဲ့ ခြစ်လေမို့ 'စိုးခ' ကား ဘော်ဒီတစ်ခုလုံး ရစရာမရှိအောင်ဖြစ်မှ 'ရဲရဲ' ဘန်ဂလိုဘက် ပြန် လျှောက်လာခဲ့လိုက်ပါသည်။ ဒါတောင် 'ရဲရဲ' အားမရသေးတာ ကြောင့် ကားဆီပြန်လျှောက်လာကာ 'စိုးခ' ပေးထားသော နှုတ်ခမ်း နီတောင့်တွေနဲ့ ကားတစ်စီးလုံး ရစရာမရှိအောင် ရေးခဲ့လိုက်ပါ သေးသည်။

'စိုးခ' အရူး။

နင့်ကို ငါသေအောင်မုန်းတယ်။ နင် မြန်မြန်သေပါစေ။ ငါ့ မျက်စေ့အောင်က အမြန်ထွက်သွားနိုင်ပါစေ။

ရေးချင်တာကို ဝအောင်ရေးပြီး 'ရဲရဲ' ဘန်ဂလိုဘက်ကို ပြန် လျှောက်အလာ 'ကိုဒေး' ကို မမျှော်လင့်ဘဲ တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှက်တာကော၊ ဝမ်းနည်းကြေကွဲတာပါ ပေါင်းစပ်ကာ 'ရဲရဲ' ထွက်အပြေး 'ကျော်ဒေးယျ' 'ရဲရဲ' နောက်မှပြေးလိုက်ကာ 'ရဲရဲ' ကို ဖမ်းချုပ်ထားလိုက်မိပါသည်။

'ရဲရဲ' 'ကျော်ဒေးယျ' ဖမ်းချုပ်ထားသည့်ကြားမှ ရုန်းထွက်ဖို့ ကြိုးစားသေးသော်လည်း သန်မာသော 'ကျော်ဒေးယျ' လက်များ ကြားမှ မရုန်းသာဘဲ အားမတန်မာန်လျှော့ကာ 'ကျော်ဒေးယျ' ရင်ခွင်ထဲ တိုးဝင်ရင်း ရှိုက်ငိုလိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"'စိုးခ' သိပ်ရက်စက်တယ် 'ကိုဒေး'"

"'ကိုဒေး' အားလုံးကို မြင်တယ်"

'ရဲရဲ' ကိုယ်လုံးလေးက တဆတ်ဆတ်တုန်ရီကာ ဒေါသအရှိန်လည်း မပြေသေးပုံမရပါ။

"'ရဲရဲ'... 'စိုးခ' ကိုချစ်တာ အပြစ်လား... 'ရဲရဲ' မှာ အပြစ်ရှိနေလား"

'ကျော်ဒေးယျ' 'ရဲရဲ' ကို ရင်ခွင်တွင်းမှာ ဖက်ထားရင်းမှ ခေါင်းခါလိုက်မိပါသည်။

ခုချိန်မှာ 'ရဲရဲ' အတွက် ဖေးမပေးမယ့်သူ တစ်ယောက်လိုအပ်နေတာကြောင့်လည်း 'ရဲရဲ' ကို လက်တွဲကာ ဘန်ဂလိုရှိရာ ခေါ်လာခဲ့လိုက်ပါသည်။

"'ကိုဒေး' တို့ အေးအေးဆေးဆေး စကားပြောကြရအောင်



www.burmeseclassic.com

www.burmeseclassic.com



နော်"

'ရဲရဲ' က မငြင်းဆန်ဘဲ 'ကျော်ဒေးယျ' ခေါ်ရာကို အလိုက်သင့် ဝါလာခဲ့ပါသည်။

ခုချိန်မှာ 'ရဲရဲ' ပုံစံက စောစောတုန်းကပုံစံနှင့် ဆန့်ကျင်စွာ စိတ်ဓါတ်တွေ ပြိုလဲနေပုံရသည်။

ရေအေးအေးတစ်ခွက်ကိုအတိုက် 'ရဲရဲ' က ကလေးတစ်ယောက်လို မော့သောက်ရင်း မျက်ရည်ကျနေပါသည်။

"တကယ်ဆို 'ဖွေး' ဆိုတာ နောက်မှတွေ့ရတဲ့မိန်းမပါ 'ကိုဒေး' ရယ်... သူ 'ရဲရဲ' ကို ဒီလိုလုပ်သင့်သလား"

ကျွန်တော်ဘာမှ မပြောဘဲ စီးကရက်တစ်လိပ်ကိုသာ ရှိုက်ဖွာနေမိပါသည်။

အရင်တွေ့ခဲ့တဲ့လူကိုသာ စွဲလမ်းစတမ်း၊ သံယောဇဉ်တွယ်တာစတမ်းဆို ဒီကမ္ဘာလောကကြီးမှာ မယားကြီး၊ မယားငယ်ဆိုတာတွေ၊ အချစ်သစ်ဆိုတာ ဘယ်မှာလာ ပေါ်လာအုံးမှာလဲ။

"စိတ်ကိုလျှော့လိုက်ပါ 'ရဲရဲ' ရယ်... 'ရဲရဲ' လိုပဲ ကိုယ်လည်း အချစ်ကို ဆုံးရှုံးထားရတဲ့ လူတစ်ယောက်ပါ"

"ဒါပေမယ့် 'ကိုဒေး' နဲ့ 'ရဲရဲ' နဲ့က မတူဘူး... 'ရဲရဲ' က ဘဝနဲ့ချီပြီး 'စိုးခ' ကို ချစ်ခဲ့တာ... မျှော်လင့်ခဲ့တာ... 'ကိုဒေး' နဲ့ 'ဖွေး' က 'ရဲရဲ' တို့လောက်လည်း သံယောဇဉ်ရှိခဲ့ကြတာ မဟုတ်ဘူး... ဒါကြောင့်လည်း 'ကိုဒေး' မခံစားရသလို နေနိုင်တာပေါ့... 'ရဲရဲ' နေရာမှာ 'ကိုဒေး' ဆိုရင်ကော ဒီလိုပဲ နေနိုင်မလား"

ရောဂါပြင်းနေချိန်၊ အဆိပ်တက်နေချိန်ဆိုတော့လည်း ကျွန်တော့်ရဲ့ ဘာစကားမှ အရာမထင်ပါ။

" 'ရဲရဲ' ကို ဒါမျိုးစမ်းလို့ ဘယ်ရမလဲ... 'စိုးခ' ကော... သူ့မိဘတွေပါ 'ရဲရဲ' ဆီ လာပြီး ဒူးထောက်လာအောင်ကို 'ရဲရဲ' လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြမယ်"

ကျွန်တော်အပြုံး 'ရဲရဲ' ရဲ့ ဒေါသမြွှားဦးက ကျွန်တော့်ဘက်ကို လှည့်လာခဲ့ပါသည်။

"ဘာလဲ 'ကိုဒေး' က မယုံလို့လား"

"ယုံပါတယ်"

မျက်ဝန်းထဲ 'စိုးခ' ရဲ့ကားကို စိတ်တိုင်းကျ ထိုးနဲ့ရိုက်နေသော 'ရဲရဲ' ရဲ့ပုံသဏ္ဍာန်ကို ပြန်မြင်ယောင်ကာ လိုက်လှဲစွာ အရယ်

"'ကိုဒေး' နော်... ဘာရယ်တာလဲ"

"အော်... နောက်ဆို 'ရဲရဲ' ကို ထိုးလက်ဆောင်ပေးလို့ မဖြစ်ဘူးဆိုတာ စဉ်းစားမိလို့ပါ"

သည်အခါမှ 'ရဲရဲ' ကိုယ့်အဖြစ်ကိုယ်တွေးကာ 'ကိုဒေး' နဲ့အတူ ရောနှောကာ လိုက်ရယ်လိုက်မိပါသည်။

တကယ်ဆို 'စိုးခ' အစား ကားတစီးလုံးကို မွှံ့မွှံ့ညက်ညက် ချေပစ်လိုက်ချင်တာပါ။

'ရဲရဲ' ထိုင်ကာ တွေးနေဆဲ 'ရဲရဲ' မြင်ကွင်းတွင်းကို 'စိုးခ' လျှောက်ဝင်လာတာ တွေ့လိုက်ရပါသည်။

'ရဲရဲ' ဆီကို လာတာတော့ မဟုတ်ပါ။ ကားဆီကို သွားတာဖြစ်ပါသည်။

'ရဲရဲ' စိုက်ကြည့်နေဆဲ ကားပေါ်က 'ရဲရဲ' ရေးထားတဲ့စာတွေကို ဖျက်ကာ ကားမောင်းထွက်သွားတာ တွေ့လိုက်ရပါသည်။

ကောင်း 'စိုးခ' တို့ ပြန်ကြတော့မယ်နဲ့ တူပါရဲ့။

'ရဲရဲ' ကြည့်နေတာတွေ့တော့ 'ကိုဒေး' ကလည်း 'ရဲရဲ' နဲ့အတူ လာကြည့်ပါသည်။

"သူတို့ ပြန်ကြတော့မယ်နဲ့တူတယ်"

'ရဲရဲ' ခေါင်းညိတ်ပြလိုက်မိပါသည်။ ဘယ်လောက်ပဲ စိတ်



www.burmeseclassic.com

www.burmeseclassic.com



နှာနှာ 'စိုးခ' မရှိတော့တဲ့ ဒီနေရာမှာ 'ရဲရဲ' တစ်မိနစ်လေးပင် ဆက်နေချင်တော့ပါ။ ဒါပေမယ့် ချက်ချင်းလိုက်ပြန်ရအောင်ဆိုတော့လည်း 'စိုးခ' နဲ့ မတွေ့ချင်သေးပါ။

ဘာပဲဖြစ်ဖြစ် မနက်ဖြန် မနက်စောစော ပြန်ဖို့ 'ရဲရဲ' ဆုံးဖြတ်ကာ 'ကိုဒေး' ကို ပြောလိုက်မိပါသည်။

"'ရဲရဲ' တို့လည်း ပြန်ကြရအောင်နော် 'ကိုဒေး'"

'ဖွေး' မရှိတော့တဲ့ ဒေသမှာ ကျွန်တော်လည်း မနေလိုတာ အမှန်ပါ။

"မနက်ဖြန် မနက်စောစော ပြန်ကြမယ်... ဒီည ကမ်းခြေမှာ မီးပုံပွဲလုပ်ရအောင်"

"ဘာ စားကြမလဲ"

"ဘာဘီကျူ လုပ်စားမယ်လေ"

"ဘာ သားမှ မှ မရှိတာ"

"'ရဲရဲ' ဈေးထဲသွားဝယ်လိုက်မှာပေါ့... ကားရှိနေတာပဲ"

"ဒါဆို ကိုယ်လည်း လိုက်မယ်လေ"

"လေစိမ်းတွေတိုက်ပြီး ပြန်ဖျားနေပါအုံးမယ်"

"ဟင့်အင်း... ဖျားတော့မယ် မထင်ဘူး... 'ရဲရဲ' ဒေါသထွက်နေတာကိုမြင်ပြီး ကိုယ့်အဖျားလည်း ကြောက်လို့ ထွက်ပြေးသွားပြီ"

'ရဲရဲ' 'ကိုဒေး' ကို မျက်စောင်းခဲကာ တစ်ထွာခန့်ရှိသော အိတ်လေးကိုလွယ်ပြီး ဘန်ဂလိုပေါ်မှ ပြေးဆင်းသွားပါသည်။

ကျွန်တော် ဂျာကင်တစ်ထည်ကို လှမ်းဆွဲက 'ရဲရဲ' နောက်ကို ပြေးလိုက်လာခဲ့မိပါသည်။

ခုချိန် ကျွန်တော့်စိတ်ထဲမှာ 'ဖွေး' ရှိနေစဉ်တုန်းကလို လေးလံမနေပါ။ ပေါ့ပါးလို့ပင် နေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရဲရဲ' ကိုလှမ်းအကြည့် 'ရဲရဲ' ပုံစံကလည်း စောစောတုန်းက လို အံ့မှိုင်းမနေပါ။ မျက်နှာလေးက ကြည်ကြည်စင်စင်နှင့် အရမ်းကို ချစ်စရာကောင်းနေမိပါသည်။

ဒီလို ဘဝလေးမျိုးနဲ့သာ ရာသက်ပန်နေရမယ်ဆို ဘယ်လောက်ကောင်းမလဲ။

ကျွန်တော့်ဘက်က စိတ်ကူးယဉ်ခြင်းများစွာဖြင့် 'ရဲရဲ' ကို လှမ်းအကြည့် 'ရဲရဲ' က ကျွန်တော့်ကိုမကြည့်ပါ။ ကားကို တည်တည်ငြိမ်ငြိမ် မောင်းကာ ကမ်းခြေဟိုတယ်မှတစ်ဆင့် ဈေးဘက်ကို ဦးတည်မောင်းနေတာ တွေ့ရပါသည်။

'ရဲရဲ' ရဲ့ နှလုံးသားက 'စိုးခ' တစ်ဦးတည်းအတွက်ပဲ ဖြစ်တည်လာခဲ့တဲ့ နှလုံးသားပါ။

ထိုညက ကျွန်တော်နဲ့ 'ရဲရဲ' ည ဆယ့်နှစ်နာရီထိုးမှ အိပ်ဖြစ်ကြသည်။

ရန်ကုန်ရောက်လျှင် ကျွန်တော်လည်း ကိုယ့်အလုပ်နှင့်ကိုယ် မအားတော့မှာ သေချာသလို 'ရဲရဲ' အတွက်လည်း အလုပ်တွေက တန်းစီစောင့်နေမှာ သေချာပါသည်။

ကံကောင်းတာတစ်ခုက 'ရဲရဲ' ကော ကျွန်တော်ပါ အမိုးတစ်ခုတည်းအောက်မှာ အလုပ်လုပ်နေမိတဲ့အဖြစ်ပါ။

ကံမကုန်လျှင် ပြန်ဆုံနိုင်ပါသေးသည်။

နောက်တစ်နေ့မနက် နေမထွက်ခင် 'ရဲရဲ'၏ကားနဲ့ ကျွန်တော့်ကား ချောင်းသာကမ်းခြေမှ ပြန်လာခဲ့ကြပါသည်။

ရန်ကုန်မှ ထွက်သွားစဉ်က 'ဖွေး' ဟူသော နှလုံးသား ဒဏ်ရာဖြင့် ထွက်သွားခဲ့တဲ့ ကျွန်တော့်နှလုံးသားက ရန်ကုန်ကို ပြန်လာစဉ်မှာတော့ ဒဏ်ရာအသစ်နှင့် ဖြစ်နေပါသည်။

ကက်ဆက်ကိုအဖွင့် westlife အဖွဲ့၏ 'fool again' သီချင်း



www.burmeseclassic.com

www.burmeseclassic.com



တ ကျွန်တော့်ခံစားချက်ကို ရင်ဖွင့်ပြနေတဲ့အလားပါ။

ကျွန်တော်နောက်တစ်ခါ ထပ်မရှုံးပါရစေနဲ့တော့။

www.burmeseclassic.com

www.burmeseclassic.com



## △၁၅□

မမြင်ရလျှင် အလွမ်းဝေဒနာက ဖြေသာပေမယ့် နေ့စဉ်မြင်တွေ့နေရသောအခါ 'ရဲရဲ' နှလုံးသားက ဒဏ်ရာက ပြန်လည်ကာ နာကျင်လာမိပါသည်။

မနေ့က 'စိုးခ' နှင့် 'ဖွေး' တို့ ဘယ်ကပြန်လာကြသည်မသိပါ။ 'ရဲရဲ' ကားကလည်း ခြံထဲကို ချိုးအဝင် သူတို့ကားကလည်း အဖြတ်မို့ 'ရဲရဲ' လှမ်းအကြည့် 'ရဲရဲ' ကြည့်သည်ကို မြင်ကာမှ 'စိုးခ' က 'ဖွေး' ကို လှမ်းဖက်တာ တွေ့လိုက်ရပါသည်။

ဒါ 'စိုးခ' 'ရဲရဲ' ကို တမင်မြင်အောင် လုပ်ပြတာ မဖြစ်နိုင်ဘူးလား။

'ရဲရဲ' တိုက်ထဲကို ဆက်ဝင်လာခဲ့ရပေမယ့် ရင်ထဲမှာတော့ 'စိုးခ' ရဲ့ အပြုအမူအတွက် အရမ်းကို ထိခိုက်ကြေကွဲနေရပါသည်။

တကယ်ဆို 'ရဲရဲ' ကိုယ့်စိတ်ကိုယ် ချိုးနှိမ်ပြီးသားပါ။ 'စိုးခ' ကိုယ့်အပေါ်ကို မကြင်နာလို့ စွန့်ခွာသွားခဲ့ပြီပဲ။ 'ရဲရဲ' ဘာဆက်လုပ်သို့ ရအုံးတော့မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဖာသာကိုယ် အေးအေးဆေးဆေး နေနေတဲ့ 'ရဲရဲ' ရဲ့ စိတ်ကို 'စိုးခ' ရဲ့ အပြုအမူက မိုက်ရိုင်းလာအောင် နှိုးဆွနေသလို ပုံစံမျိုးပါ။

'ရဲရဲ' တိုက်ထဲကိုအဝင် 'အန်တီဇာခြည်' က လှမ်းပြောပါသည်။

"ဟိုဖက်က 'အုပ်စိုးခ' တောင် မင်္ဂလာဆောင်တော့မယ် နော်"

"'အန်တီဇာခြည်' ကို ဘယ်သူပြောလဲ"

ရှင်းရှင်းပြောရလျှင် 'အန်တီဇာခြည်' သည် မိုးလင်းက မိုးချုပ် သူ့အလုပ်ကလွဲ၍ တခြား ဘာကိစ္စကိုမှ စိတ်မဝင်စားတတ်သူမဟုတ်ပါ။

သူ့ဆိုင်မှ ပစ္စည်းတွေ ရောင်းကောင်းဖို့ ဘယ်လို ဒီဇိုင်းအသစ်ထွင်ဖို့နှင့် ဘယ်လိုလက်ရာ ကောင်းဖို့ကို အဓိက စိတ်ဝင်စားနေသူပါ။

'ရဲရဲ' ရဲ့ ဆိုင်ကိစ္စကိုပင် ဂဃဏန သိသူမဟုတ်ပါ။

သည်လိုလူတစ်ယောက်က 'စိုးခ' အကြောင်း ပြောလာသည့် ဆိုတော့ 'ရဲရဲ' အံ့ဩရသည်။

"မနေ့က 'အန်တီဇာခြည်' ဆိုင်သွားမယ်လုပ်တုံး ဟိုဖက်က 'အုပ်စိုးခ' အမေက လှမ်းခေါ်တာ... သူ့ ချွေးမအတွက် လက်ရာ သန့်သန့် စိန်တဆင်ဆာ လိုချင်လို့တဲ့လေ"

"သူတို့မှာ ရှိပြီးသားပဲ ဥစ္စာ... အဲဒါ 'အန်တီဇာခြည်' ကို တမင်ကြွားချင်လို့ကို ပြောတာ ဖြစ်ရမယ်"

"'အန်တီဇာခြည်' ကလည်း သိပါတယ်... အဲဒါနဲ့ ပြန်ထည့်လိုက်တယ်... ကျွန်မကိုင်တဲ့ စိန်တွေက အသန့်အစင်တွေချည်းမို့ တော်ရုံတန်ရုံ မကိုင်နိုင်ကြဘူးဆိုတော့ သူတို့ ဘယ်လေက်ဖြစ်ဖြစ် တတ်နိုင်ပါတယ်တဲ့... သူတို့ဆီက ပစ္စည်းတွေက ရှေးလက်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွေဆိုတော့ သူတို့ချွေးမလေး မနှစ်သက်မှာစိုးလို့ပါ ဆိုလို့… မနက်ဖြန် စိန်နှစ်ဆင်ဆာ ပြဖို့ ချိန်းထားတယ်"

"သူတို့ မဝယ်နိုင်တဲ့ ပစ္စည်းတွေ ပြလိုက် 'အန်တီဇာခြည်' "

"အေးပါ… 'ရဲရဲ' ဆီမှာလည်း မင်္ဂလာဝတ်စုံလာအပ်ထားသေးတယ်ဆို"

"ဟုတ်တယ်"

"ဒါ တမင်သက်သက် 'ရဲရဲ' ကို လာချိုးတာဖြစ်ရမယ်"

'ရဲရဲ' သိပါသည်။ ခက်တာ 'စိုးခ' က 'ရဲရဲ' ဖက်မှ မပါတာ 'ရဲရဲ' ဘယ်လို ဆက်လုပ်ရမလဲ။

'ရဲရဲ' အပေါ်ထပ်ကို တက်အလာ 'အန်တီဇာခြည်' က 'ရဲရဲ' ကို စိတ်မကောင်းသလို ငေးကြည့်နေတာ တွေ့ရပါသည်။

တကယ်ဆို 'ရဲရဲ' 'စိုးခ' ကို သိပ်ချစ်ခဲ့တယ်ဆိုတာ 'ဇာခြည်' လည်း သိပါသည်။ အရွယ်ရောက်နေသော တူမလေးမို့ 'ဇာခြည်' လည်း ဘာမှ မပြောခဲ့ပါ။

ခုတော့ သူမ ဘာမှမပြောဘဲ အလိုလိုက်ခဲ့တာ တူမလေးကို စိတ်ဆင်းရဲစေဖို့သက်သက် ဖြစ်ခဲ့ရပါပြီ။

'ဇာခြည်' တွေးနေဆဲ ဖုန်းမြည်သံ ကြားလိုက်ရပါသည်။

'ရဲရဲ' ရဲ့ ဟမ်းဖုန်းဆီက မြည်တာဖြစ်သည်။

'ရဲရဲ' ကိုယ်တိုင်လည်း ရင်ထဲ ထိတ်ကနဲ ဖြစ်ကာ ဖုန်းလေးကို ပြေးကိုင်လိုက်မိပါသည်။ စိတ်ထဲမှာ 'စိုးခ' ဆီကများလား။ အတွေးနဲ့ပါ။

" 'ရဲရဲ' လား"

" 'စိုးခ' လားဟင်"

'ရဲရဲ' နှလုံးခုန်သံတွေ ကျယ်လောင်မြည်ဟီးလာပါသည်။ 'စိုးခ' 'ရဲရဲ' ကို စိတ်ပြန်လည်လို့ ဆက်လိုက်တာများလား။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီးထွက်လာကာစမို့ ရေစိုနေသော ခေါင်းလေးကို အသုတ်...

"'ရဲရဲ' ဘာလုပ်နေလဲ"

"ရေချိုးပြီး ထွက်လာတာ ဘာဖြစ်လို့လဲ ဟင်"

'စိုးခ' ချိန်းလျှင် 'ရဲရဲ' ဘယ်လိုလုပ်ရပါ့။ အို... ကိုယ့်ကို တွေ့ချင်လို့ ချိန်းတာ 'ရဲရဲ' မငြင်းနိုင်ပါဘူး။

"ကိုယ် 'ရဲရဲ' ကို ဓါတ်ပုံတွေ ပြချင်လို့"

"ဘာ ဓါတ်ပုံတွေလဲဟင်"

"ချောင်းသာမှာ ရိုက်ခဲ့တဲ့ ဓါတ်ပုံတွေလေ"

"'ကိုဒေး'"

'ရဲရဲ' အလန့်တကြား အော်လိုက်မိပါသည်။ ကြည့်စမ်း... ရန်ကုန်ကို ပြန်ရောက်လာထဲက 'ကိုဒေး' နဲ့ အဆက်အသွယ် ပြတ်နေလိုက်တာ။

ဒါနဲ့များ 'ရဲရဲ' က 'စိုးခ' လား မေးတော့ 'ကိုဒေး' ငြိမ်နေခဲ့ပါသည်။

"'ကိုဒေး' မကောင်းဘူးကွာ"

'ရဲရဲ' ငိုသံလေးနဲ့ပြောတော့ 'ကိုဒေး' က ရယ်နေပါသည်။ တဒင်္ဂလေးပဲဖြစ်ဖြစ် 'ရဲရဲ' ကို စိတ်ချမ်းသာစေချင်ပါသည်။

"'ကိုဒေး' အခု ဘယ်ကပြောတာလဲ"

"ကိုယ့်အခန်းက ပြောနေတာ"

"အဲဒီ အခန်းက ဘယ်မှာလဲ"

"'ရဲရဲ' လာမလို့လား"

"အင်းလေ... ဓါတ်ပုံတွေ လာကြည့်မယ်လေ"

"ဒါဆို နှင်းဆီလမ်း၊ တိုက်နံပါတ် (–)၊ ငါးလွှာမှာ ကိုယ် စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ... ယုဇနပလာဇာနားက ယုဇနအိမ်ရာမှာလား"

"ဟုတ်တယ်... ကိုယ် အဲဒီမှာ အခန်းဝယ်ထားတယ်"

"ok လေ... 'ရဲရဲ' နာရီဝက်အတွင်း အရောက်လာခဲ့မယ်"

အိမ်မှာနေလည်း 'စိုးခ' အကြောင်း သတိရနေမယ့်အတူတူ 'ကိုဒေး' နဲ့ စကားပြောရတာကမှ စိတ်ချမ်းသာပါအုံးမည်။

'ရဲရဲ' အပေါ်ထပ်က ဆင်းအလာ 'အန်တီဇာခြည်' က လှမ်းမေးပါသည်။

"ဘယ်သွားအုံးမလို့လဲ 'ရဲရဲ' "

"ချောင်းသာမှာ သိခဲ့တဲ့ အသိတစ်ယောက်ဆီသွားမလို့ပါ... 'အန်တီဇာခြည်' ဘာမှာမလို့လဲ"

"ကြာမှာလား"

"မပြောတတ်သေးဘူး"

"ဒါဆိုလည်း နေပါစေတော့ မနက်ကျမှဘဲ 'အန်တီဇာခြည်' ကိုယ်တိုင်သွားတော့မယ်"

"ဘယ်ကိုလဲ"

"City Mart ကိုပါ... ကြက်အူချောင်းလည်း ကုန်နေပြီ... မရောစိ(စ်)လည်း ကုန်နေပြီ... ပေါင်မုန့်ကော... ချိ(စ်)ပါ ဝယ်ရမယ်"

"ရတယ်လေ... 'ရဲရဲ' ပဲ ဝင်ဝယ်လာခဲ့ပါ့မယ်"

ညဖက်ဆို တူအရီးနှစ်ယောက် ထမင်းမစားဘဲ ပီဇာလုပ်စားလျှင်စား မစားလျှင် ဟမ်ဘာဂါလုပ်စားကာ တစ်ခါတစ်လေ ဆင်းဒဝစ်စားနေကြမို့ တစ်ပါတစ်ခါ ဝယ်ထားရသည်။

ခုလည်း 'ရဲရဲ' City Mart ထဲဝင်လာကာ အိမ်အတွက်ဝယ်ရင်း 'ကိုဒေး' အတွက်ပါ ဝယ်လာခဲ့လိုက်သည်။

နှင်းဆီလမ်းအတွင်းရှိ 'ကိုဒေး' ၏ တိုက်က ဖာစ်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



နေတာဖြစ်သော်လည်း ကွန်ဒိုတိုက်ခန်းမို့ ကျယ်လည်းကျယ်သည်။

TV အောက်စက်၊ ဂြိုလ်တုစလောင်း၊ ရေခဲသေတ္တာ စသည့် လိုအပ်တဲ့ facility တွေလည်း အပြည့်အစုံရှိသည်။

အထုပ်ဆွဲကာ အပေါ်တက်လာတဲ့ 'ရဲရဲ' ကို ကြည့်ကာ 'ကိုဒေး' က အားနာစကားဆိုသည်။

"ဘာတွေ ဝယ်လာတာလဲ 'ရဲရဲ' ရယ်... 'ကိုဒေး' ဆီလာတာ 'ကိုဒေး' ကျွေးမှာပေါ့"

" 'ကိုဒေး' က တစ်ယောက်ထဲနေတာ ဘာရှိမှာမို့လဲ"

"အနည်းဆုံး အအေးတော့ ရနိုင်ပါတယ်"

"ထားပါ... 'ရဲရဲ' ဘာမှ မစားခဲ့ရသေးလို့ ဟမ်ဘာဂါ ဒါမှ မဟုတ် Hot Doj လုပ်စားမလို့ ဝယ်လာခဲ့လိုက်တာ 'ကိုဒေး' ကော ဘာစားပြီးပြီလဲ"

"ဟီး..., ဟီး အိမ်ရှင်မမှ မရှိတာ စားခါနီးမှပဲ ကြက်ဥကျော် စားမလားလို့"

"သိပ်ကြွားတာပဲ... ရှိအောင်လည်း လုပ်နိုင်တာလည်း မဟုတ်ဝဲနဲ့"

'ရဲရဲ' စကားကြောင့် ကျွန်တော်ဘာမှ ပြန်မပြောသာတော့ဘဲ 'ရဲရဲ' လက်ထဲက အထုပ်ကိုဆွဲယူကာ ထမင်းစားခန်းအတွင်းကို ယူလာခဲ့လိုက်ပါသည်။

" 'ကိုဒေး' ဒီလို တစ်ယောက်တဲနေတာ အိမ်က ဘာမှ မပြောဘူးလား"

"ပြောလို့ မနိုင်လို့ လွှတ်ထားတာ"

" 'ကိုဒေး' မိဘတွေကော ဘယ်မှာနေတာလဲ"

"ဝင်ဒါမီယာထဲမှာပါ"

"ဘာလို့ လိုက်မနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က စီးပွားရေးသမားတွေလေ... ကိုယ့်တို့ အနုပညာသမားကို အထင်မကြီးဘူး"

ကျွန်တော် ဟာက်ကနဲအရယ် 'ရဲရဲ' က ကျွန်တော်ကို ငေးကြည့်နေတာ တွေ့ရပါသည်။

ရေချိုးပြီး ခေါင်းလျှော်လာတဲ့ 'ရဲရဲ' ပုံစံက ဆံပင်ကောက်ကောက်လေးနဲ့ ချစ်ဖွယ်ရာပါ။

နို့စိမ်းရောင် ဘော်ဒီဖစ် ကိုယ်ကျပ်အင်္ကျီလေးနှင့် မြင်းချေးရောင် ဘောင်းဘီရှည် အကွက်ပွပွလေးက ပါးလျားသော ကိုယ်လုံးလေးထက်မှာ စမတ်ကျစွာ နေရာယူထားပါသည်။

နိုင်ငံခြားမှာ အနေကြာခဲ့သူမို့လား မသိပါ။ 'ရဲရဲ' ဘာလေးဝတ်ဝတ် စနစ်ကျကာ ကျော့ရှင်းလှပသေသပ်နေတတ်တာ 'ရဲရဲ' ရဲ့ စတိုင် တစ်မျိုးပါ။

ခုလည်း အနက်ရောင် နားဆွဲလေးတစ်ခါခါဖြင့် ကျွန်တော့်ကို လှမ်းပြောပါသည်။

" 'ရဲရဲ' ဗိုက်ဆာလာတယ်... တစ်ခုခုစားပြီးမှ 'ကိုဒေး' ရဲ့ ခါတ်ပုံတွေကြည့်မယ်နော်... 'ကိုဒေး' ဘာစားမလဲ"

" 'ရဲရဲ' ပဲ ကြိုက်တာလုပ်ပါ"

မီးဖိုချောင်းထဲမှာ ဂတ်(စ်) မီးဖိုလည်းရှိကာ ဂျုံမကာပ်သော ဒယ်အိုးပြားတွေလည်း ရှိတာကြောင့် City Mart မှ ဝင်ဝယ်လာသော ဥရောပကြက်အူချောင်း အပြားနှစ်ပြားကို ဆီနည်းနည်းဖြင့် ထည့်ကြော်ကာ ဟမ်ဘာဂါ ပေါင်မုန့်နှစ်လုံးကို ယူကာ အလယ်မှ ခြမ်းပြီး ထောပတ်အနည်းငယ်နှင့် မရောနိ(စ်) သုတ်လိုက်သည်။ ပြီးတဲ့နောက် ကျော်ပြီးသား ကြက်အူချောင်းညှပ်ကာ သခွားသီးနဲ့ ခရမ်းချဉ်သီးကို ခပ်ပါးပါးလှီး၍ အပေါ်မှ အုပ်ပြီး ထမင်းစားခန်းတွင်းကို ယူအလာ ...



www.burmeseclassic.com

www.burmeseclassic.com



"မြန်လှချည်လား 'ရဲရဲ' ရဲ့"

'ရဲရဲ' က ခရမ်းချဉ်သီးဆော့ကို ပန်းကန်လေးနှစ်ပန်းကန်နဲ့ ထည့်ကာ သူ့ဘက်ကို ဟမ်ဘာဂါပေါင်မုန့်တစ်လုံး သူမဘက်ကို တစ်လုံးချကာ ထိုင်စားနေပါသည်။

"အိမ်မှာ လုပ်စားနေကြဆိုတော့ မဆန်းတော့ဘူးလေ... 'ကိုအေး' လည်း စားလေ"

ရေခဲသေတ္တာထဲက 'coke' နှစ်ဘူးထုတ်ကာ ကျွန်တော် 'ရဲရဲ' ရှေ့ကို ချပေးရင်း 'ရဲရဲ' ကို ငေးကြည့်နေပါသည်။

အဆင်းလည်းရှိ အချင်းလည်းရှိသော 'ရဲရဲ' ကို 'စိုးခ' ဘာဖြစ်လို့များ လက်လွှတ်ရတာပါလိမ့်။

'ရဲရဲ' က ဟမ်ဘာဂါကို လက်နှစ်ဖက်နဲ့ ကိုက်စားရင်း ကျွန်တော့်ကို လှမ်းမေးပါသည်။

" 'ဖွေး' နဲ့ တွေ့သေးလား"

ကျွန်တော် ခေါင်းခါပြလိုက်မိပါသည်။ ကျွန်တော်ထက်သာတဲ့ လူတစ်ယောက် အနားမှာရှိနေမှပဲ 'ဖွေး' ကျွန်တော့်ကို စိတ်ဝင်စားတော့မယ် မထင်ပါ။

" 'ရဲရဲ' ကော 'စိုးခ' နဲ့ တွေ့ဖြစ်သေးလား"

'ရဲရဲ' ခေါင်းညိတ်ပြလိုက်မိပါသည်။ အိမ်ချင်းကပ်ရက်ဆိုတော့လည်း 'စိုးခ' ကို 'ရဲရဲ' အမြဲတွေ့နေရပါသည်။

ဒါပေမယ့် 'ရဲရဲ' ကသာ 'စိုးခ' ကို တွေ့ချင်မြင်ချင်လွန်း၍ စောင့်ကြည့်နေတာမို့ တွေ့ရတာပါ။ 'စိုးခ' က 'ရဲရဲ' ကို တစ်ချက်လေးမှပင် လှည့်မကြည့်ခဲ့ပါ။

ရင်ထဲမှာ နာကျင်ကာ စားနေသော မုန့်ပင် ဆက်မစားနိုင်အောင် ဖြစ်သွားခဲ့တာကြောင့် coke ဘူးကိုဖွင့်အသောက် မကျော်ဒေးယျ' 'ရဲရဲ' အဖြစ်ကို နားလည်သလို ဆက်မမေးဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com


"ဓါတ်ပုံတွေကြည့်မယ်လေ 'ကိုဒေး' ... ဘယ်မှာလဲ"

"အမှောင်ခန်းထဲမှာ"

"ဟင်... အိမ်မှာလည်း လုပ်ထားတယ် ဟုတ်လား"

"ဓါတ်ပုံက ကျွန်တော့်ရဲ့ ဝါသနာလေ"

နှစ်ယောက်သား အမှောင်ခန်းထဲကို ဝင်လာကာ 'ကိုဒေး' အခြောက်ခံထားသော ဓါတ်ပုံတွေကို ကြည့်ကြပါသည်။

'ရဲရဲ' ရဲ့ ပုံတွေအားလုံး လှပအသက်ဝင်လွန်းပါသည်။ အလှပဆုံးက 'စိုးခ' နဲ့ နောက်ဆုံးတွေ့ဖို့ ပြင်ဆင်ထားသော ထီးလေးနဲ့ ပုံပါ။

အသွေးကျသော မရမ်းစေ့ရောင် ဆွယ်တာလက်တို၊ မရမ်းစေ့ရောင် ထီးအကြည်လေးဖြင့် 'ကျော်ဒေးယျ' ဘက်ကို လှည့်ပြုံးနေသော 'ရဲရဲ' ၏ ဟန်လေးက ချစ်စရာကောင်းလှပါသည်။

နောက်ထပ် ဆေးစိမ်ထားသော ဓါတ်ပုံလေးတွေလည်း ရှိနေသေးတာကြောင့် 'ရဲရဲ' 'ကိုဒေး' ကို လှမ်းမေးလိုက်မိပါသည်။

"ဒီပုံတွေက ဘာပုံတွေလဲ"

" 'ရဲရဲ' မကြည့်ချင်ပါနဲ့"

'ကိုဒေး' က 'ရဲရဲ' မြင်သွားမှာစိုးကာ တဖက်ကို လှည့်နေတာကြောင့် ...

"ဘာလဲ... 'ဖွေး' ပုံတွေလား"

'ကိုဒေး' က ဘာမှမပြောတာကြောင့် 'ရဲရဲ' ပို ကြည့်ချင်လာမိပါသည်။

ဟိုက်ပိုရည်ထဲမှ နောက်ထပ် ခွက်တစ်ခွက်ထဲကို ပြောင်းအထည့် 'ကိုဒေး' က 'ရဲရဲ' လက်ထဲမှ ညှပ်ကိုလှမ်းလုတာကြောင့် 'ရဲရဲ' အရန်း ...

"ဟာ"


www.burmeseclassic.com

www.burmeseclassic.com



ရေခွက်မှောက်ကျကာ 'ရဲရဲ' ဘောင်းဘီတွေ ရေတွေရွှဲစိုကုန်ပါတော့သည်။

'ရဲရဲ' ရေတွေခါရင်း ဓါတ်ပုံလေးကို ကုန်းအကောက် 'ကိုဒေး' ကလည်း အကောက်မို့ နဖူးခြင်းစောင့်မိကာ 'ရဲရဲ' ဖင်ထိုင်ရက် လဲကျသွားရပါတော့သည်။

နာလည်းနာ ရှက်လည်းရှက်တာမို့ 'ကိုဒေး' ကို လှမ်းအကြည့် 'ကိုဒေး' က 'ရဲရဲ' ကို ဆွဲထူကာ 'ရဲရဲ' ကိုယ်ပေါ်မှ ရေတွေကို အဝတ်တစ်ခုနဲ့ သုတ်ပေးနေတာကြောင့် 'ရဲရဲ' နောက်ဆုတ်ကာ 'ကိုဒေး' လက်ကို တွန်းဖယ်လိုက်မိပါသည်။

ရှက်ရှက်ဖြင့် ဓါတ်ပုံလေးကို လှမ်းအကြည့် 'စိုးခ' ရဲ့ကားမီးသီးကို 'ရဲရဲ' မသိမသာခွဲနေတဲ့ ပုံနဲ့ 'ရဲရဲ' ဒေါသတကြီး ကားကို ထိုးနဲ့ရိုက်နေတဲ့ ပုံများဖြစ်ပါသည်။

'ရဲရဲ' 'ကိုဒေး' ကို မျက်စောင်းခဲကာ ရန်တွေ့လိုက်ပါသည်။

"ဘာလဲ... ဒီပုံတွေကို ကူးပြီး... 'ကိုဒေး' က 'ရဲရဲ' ကို ပြဿနာရှာမလို့လား"

"မဟုတ်ပါဘူး 'ရဲရဲ' ရယ်... 'ရဲရဲ' မကြိုက်မှာစိုးလို့ ကူးဖို့တောင် စိတ်မကူးခဲ့ပါဘူး"

အခြား ပင်လယ်ကမ်းခြေမှာ 'ရဲရဲ' ပြေးလွှားနေသော ပုံတွေကလည်း အရမ်းကို လှပလွန်းပါသည်။

"ဒီလောက်ပုံတွေ အများကြီး 'ကိုဒေး' က ဘာလုပ်ဖို့..."

"ပြပွဲလုပ်မလို့ပါ"

"ပန်းချီပြပွဲပဲ ကြားဘူးပါတယ်... ဓါတ်ပုံပြပွဲရှိလို့လား"

"'ရဲရဲ' သတိမထားမိလို့ပါ... 'ရဲရဲ' ခွင့်ပြုရင် ဒီထဲက အကောင်းဆုံးပုံတွေ ရွေးပြီး ပြပွဲဝင်မလားလို့"

"ဒါတွေက အလှရိုက်ထားတာမှ မဟုတ်ဘဲ... ပြပွဲဝင်လို့ရပါ့



www.burmeseclassic.com

www.burmeseclassic.com


မလား"

"ပြပွဲ စည်းကမ်းဥပဒေနဲ့လည်း ညီညွတ်မယ်... ခေါင်းစီးနဲ့လည်း ကိုက်မယ်ဆို ပြပွဲဝင်လို့ရပါတယ်... 'ရဲရဲ'ကော ဘာတွေလုပ်ဖို့ အစီအစဉ်ရှိလဲ"

" 'ရဲရဲ' က Designer ဆိုတော့ Fashion Show တစ်ခုလောက် လုပ်ရင် ကောင်းမလားလို့"

"ကောင်းတာပေါ့"

"လုပ်ဖြစ်ရင် 'ကိုဒေး' လည်း အကူအညီပေးရမယ်နော်"

"စိတ်ချပါ"

ထိုနေ့က ညကိုးနာရီကျော်မှ 'ရဲရဲ' 'ကိုဒေး' ဆီက ပြန်လာဖြစ်သည်။

'ရဲရဲ'ခြံထဲကိုအဝင် တစ်ဖက်တိုက်၏ ဝရံတာဆီမှ 'စိုးခ' 'ရဲရဲ'ကို လှမ်းကြည့်နေတာ တွေ့လိုက်ရပါသည်။

တချိန်က ချစ်ခဲ့ဖူးသော ချစ်သူမို့ 'ရဲရဲ' ကိုယ်တိုင်လည်း 'စိုးခ' ၏ အကြည့်မှာ ရုန်းမထွက်ချင်သလို ကြာမြင့်စွာ ပြန်လည်ငေးမောကြည့်နေပြီးမှ 'ရဲရဲ' တိုက်ထဲကို ဝင်လာဖြစ်ခဲ့ပါသည်။

'စိုးခ' ရက်စက်စိမ်းကားမှုကို 'ရဲရဲ' ဘယ်လိုမှ မမေ့နိုင်သေးပါ။

'ရဲရဲ' ဆိုတာ ဘယ်လိုမိန်းကလေးလဲဆိုတာ စိုးခသိအောင် 'ရဲရဲ' ပြရပါအုံးမည်။

'ရဲရဲ' နာကြည်းစွာပြုံးကာ ထမင်းစားခန်းထဲကို လျှောက်ဝင်လာခဲ့လိုက်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



## ၁၈

" 'ရဲရဲ' သိပြီးပြီလား"

မနက်ပိုင်း 'ရဲရဲ' ဆိုင်ကို သွားတော့မှာမို့ လိုအပ်တဲ့ပစ္စည်းတွေနဲ့ ထည့်ထားသော အိတ်ကြီးကိုလွယ်ကာ ဒီဇိုင်းအသစ်တွေပါတဲ့ ဖိုင်ကိုပိုက်ကာ အောက်ထပ်ကိုဆင်းအလာ 'အန်တီဇာခြည်' က လှမ်းပြောတာဖြစ်ပါသည်။

"ဘာကိုလဲ 'အန်တီဇာခြည်' "

"မနေ့က ဟိုဖက်ခြံက စိန်နှစ်ဆင်ဆာ မှာထားတာလေ မနက်က 'အန်တီဇာခြည်' 'မမယု' တို့ဆီက သွားယူပြီးပြတာ အဆင်ပြေသွားတယ်"

"ဟုတ်လား"

'ရဲရဲ' စိတ်မဝင်စားသလို မေးလိုက်မိပါသည်။ အဆင်ပြေတယ်ဆိုတာလည်း 'ရဲရဲ' ကို တမင်ကြောချင်၍ ယူတာပဲဖြစ်နိုင်သောမို့ ဆက်သွားမည်အပြု 'အန်တီဇာခြည်' က စကားမပြတ်သေးဘဲ ဆက်၍ ပြောနေပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပွဲခကပဲ သိန်းနှစ်ဆယ်လောက်ရတာဆိုတော့ 'ရဲရဲ' ဘာလို ချင်လည်း မေးဖို့စောင့်နေတာ"

သူတို့ဆီက ပွဲခရမှပဲ 'ရဲရဲ' လိုချင်တာကို ဝယ်လို့ရမှာ ကျလို့။ မျက်နှာမော့ကာ ရယ်ရင်း 'ရဲရဲ' 'အန်တီဇာခြည်' ကို ပြန်ပြောလိုက် မိပါသည်။

" 'ရဲရဲ' လိုချင်တာကို 'အန်တီဇာခြည်' တကယ်ဝယ်ပေးနိုင် လို့လား"

"အမယ်လေး... ရှားရှားပါးပါး ပြေးကြည့်မှ ဒီ တူမလေး တစ်ယောက်ရှိတာ ပြောကြည့်လေ... 'ကိုကိုဇာနီ' လို ဒီလိုခြံမျိုး ကြီးတော့ ဘယ်ဝယ်ပေးနိုင်မလဲ"

ဒယ်ဒီက 'ရဲရဲ' အလိုကျ ဒီလို ခြံမျိုးကြီး ဝယ်ပေးတာကို 'အန်တီဇာခြည်' က ရည်ညွှန်းပြီး ပြောတယ်ဆိုတာ 'ရဲရဲ' နားလည် ပါသည်။

'ရဲရဲ' ကလည်း အဲဒီလောက် အဖိုးတန်တာကို မတောင်းပါ ဘူး။ 'ရဲရဲ' လိုချင်တာ 'ရဲရဲ' နှလုံးသားရဲ့ တောင်းဆိုမှုပါ။ ဒီ တောင်းဆိုမှုကို 'အန်တီဇာခြည်' ဖြည့်ဆည်းပေးနိုင်မယ်ဆို ဘယ် လောက်ကောင်းလိုက်မလဲ။

'စိုးခ' ဟု နှုတ်ဖျားက ထွက်တော့မလို ဖြစ်သွားပြီးမှ 'ရဲရဲ' ခေါင်းခါလိုက်မိပါသည်။

"အလကား စတာပါ 'အန်တီဇာခြည်' ရယ်... 'ရဲရဲ' ဘာမှ မလိုချင်ပါဘူး"

"ဘာမှ မလိုချင်ဘူးဆိုလို့ သူတို့က ပြောလိုက်သေးတယ်... 'ရဲရဲ' ကို ဒီအတိုင်း လွှတ်ထားမယ့်အစား ယောကျ်ားပေးစားလိုက် ပါလားတဲ့... သူ့သားရဲ့ သူငယ်ချင်းတစ်ယောက်နဲ့ စပ်ပေးရမလား တဲ့"



www.burmeseclassic.com

www.burmeseclassic.com



'ရဲရဲ' အသံထွက်အောင် အော်ရယ်လိုက်မိပါသည်။ ပြေျးကများ ပြုံနေရအောင် 'ရဲရဲ' ကို ငတုံးငအ မှတ်နေပုံရပါသည်။

သူတို့သား 'စိုးခ' သာ မိဘစကားနားထောင် သဘောတူသူနှင့် လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့ပေမယ့် 'ရဲရဲ' က ကိုယ်နှစ်သက်သဘောကျသူကိုပဲ လက်ထပ်ချင်တာကြောင့် ဒယ်ဒီပေးစားသူကို ပင် ငြင်းကာ မြန်မာပြည် ပြန်လာနေခဲ့တာပါ။

ကိုယ့်ကိုချစ်မယ့်သူ မရှိ၍လည်း မဟုတ်ပါ။

'ရဲရဲ' လို ပညာလည်းတတ်၊ ရုပ်ရည်လည်းချော၊ အရည်အချင်းလည်းရှိသော မိန်းကလေးတစ်ယောက်အတွက် လက်ထပ်ချင်သူ ယောကျ်ားလေးတွေဆိုတာ တစ်ပုံတစ်ပင်ပါ။ ဒီကြားထဲကမှ 'စိုးခ' ကိုသာ 'ရဲရဲ' သစ္စာရှိရှိ ချစ်ခဲ့တဲ့သူပါ။

သည်လိုလူကိုများ 'စိုးခ' ရဲ့ အသိုင်းအဝိုင်းက 'ငတုံးငအ' ဟူ၍များ ယူဆနေကြလေသလား။

အဲဒီ ငတုံးငအမရဲ့ရှေ့ကို တစ်နေ့ဝပ်စင်းခစားလာစေချင်တာကြောင့် ဘာမှ မပြောဘဲ ဆက်ထွက်အလာ 'အန်တီဇာခြည်' က 'ရဲရဲ' ရဲ့ ကားနားအထိ လိုက်ပါလာပါသည်။

"ဘယ်နှယ့်လဲ... 'အန်တီဇာခြည်' ဘာပြန်ပြောလိုက်ရမလဲ"

" 'ရဲရဲ' က သူချစ်တဲ့သူကိုပဲ ပြန်ရအောင်ယူမယ်ဆိုတာ 'အန်တီဇာခြည်' ပဲ ပြန်ပြောပြပေးလိုက်ပါ သွားပြီနော် တာ့တာ"

'ရဲရဲ' 'အန်တီဇာခြည်' ကို လက်ပြကာ ကားကိုအရှိန်ဖြင့် မောင်းထွက်လာခဲ့လိုက်ပါသည်။

ရင်ထဲမှာတော့ 'စိုးခ' အမေရဲ့စကားတွေအတွက် နာကြည်းခံပြင်းကာ ဒေါသတွေ ဖြစ်နေမိပါသည်။

တကယ်ဆို သားသမီးချင်းစာနာလျှင် သူ ဒီစကားကိုပြောသင့်ပါသလား။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ 'စိုးခ' ကပါ သူ့အမေနဲ့အလိုတူ အလိုပါ 'ရဲရဲ' ကို ခါးသီးစိမ်းကားနေလေသည်။

ယုဇနပလာဇာရှိ ဆိုင်ကိုအရောက် 'ရဲရဲ' 'ဖွေး' အင်္ကျီကို ချုပ်ဖို့ ပြင်ဆင်ရပါသည်။

မင်္ဂလာဆောင်ဖို့ အချိန်နှင့်တွက်ကြည့်လျှင် ဆယ်ရက်ဝဲ အချိန်ရှိပါတော့သည်။

သည်ဆယ်ရက်လုံးလုံး 'ရဲရဲ' ရဲ့စိတ်တွေကို အလုပ်ထဲမှာပဲ မြှုပ်နှံထားလိုက်မိပါသည်။

'ဖွေး' ရဲ့အင်္ကျီက နောက်ဆုံးပေါ် ဒီဇိုင်းအသစ်နှင့် ချုပ်ပေးထားတာမို့ လုပကြွရှကာ မထိရက် မကိုင်ရက်စရာ ဆိုင်ကိုလာတဲ့ သူတိုင်းက ရင်သပ်ရှုမောနေကြရလေသည်။

သည်လိုဖြစ်အောင်လည်း 'ရဲရဲ' ဂရုစိုက်ကာ ချုပ်လုပ်ခဲ့ရတာ ဖြစ်ပါသည်။ လူငေါ်းနဲ့လုပ်လျှင်ပင် ဖန်ချောင်းလေးတွေ၊ ဖန်သီးလေးတွေ၊ ပုလဲသီးလေးတွေ တွဲလဲမကျမှာစိုး၍ ကိုယ်တိုင် အပင်ပန်းခံကာ ချုပ်ရပါသည်။

ချိန်းထားတဲ့နေ့တွင် 'ဖွေး' ရောက်လာကာ 'ရဲရဲ' ကို ဖိတ်စာပေးရင်း သူ့မင်္ဂလာဝတ်စုံတွေကို ကြည့်ပြီး မျက်ရည်ဝဲသည်အထိ ဝမ်းသာကြည်နူးနေခဲ့ပါသည်။ 'ရဲရဲ' ကိုလည်း ကျေးဇူးတင်လို့ မဆုံးပါ။

'ရဲရဲ' 'ဖွေး' ကိုကြည့်ကာ ပြုံး၍သာ နေမိပါသည်။

မင်္ဂလာပွဲနေ့တွင် ဆက်ဆက်လာခဲ့ဖို့ကိုလည်း အထပ်ထပ် အခါခါမှာနေပါသေးသည်။

'ရဲရဲ' လာရမှာပေါ့။ 'ရဲရဲ' မလာလို့ ဘယ်ဖြစ်ပါ့မလဲ။

'ရဲရဲ' ပြုံးကာ ခေါင်းအညိတ် ဆိုင်ပြင်ပတွင်ရပ်နေသော 'စိုးခ' ကို တွေ့လိုက်ရပါသည်။ 'ရဲရဲ' နဲ့တွေ့ရမှာစိုး၍ ဆိုင်ထဲ မဝင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဝဲဖြစ်ရပါမည်။

'ရဲရဲ' တမင်ပင် အပြင်ကို ထွက်လာကာ 'စိုးခ' ကို လှမ်းပြောလိုက်မိပါသည်။

"ဆိုင်ထဲကို မဝင်ရဲလို့ အပြင်မှာ ရပ်နေတာလား 'စိုးခ' "

"မဆိုင်ပါဘူး"

"ဒါဆိုလည်း ကိုယ့်သတို့သမီးလောင်းရဲ့ ဝတ်စုံကို လာကြည့်ပြီး လိုအပ်တာလေး ညွှန်ကြားပေးဖို့ သင့်တာပေါ့... မဟုတ်ဘူးလား 'ဖွေး' ရယ်"

"ဟုတ်သားပဲ 'ကိုကို' ... 'ဖွေး' နဲ့ ဒီဝတ်စုံလေးနဲ့ လိုက်ရဲ့လား"

ပန်းနုရောင်ထိုင်မသိမ်းဝတ်စုံဖြင့် 'ဖွေး' က နုနယ်ကျော့ရှင်းကာ လှပလွန်းပါသည်။

မြန်မာဝတ်စုံအတွက် မြန်မာဒီဇိုင်းကျွမ်းကျင်သော ဆရာမတစ်ဦးကိုခေါ်ကာ ချုပ်ရပေမယ့် ညစာစားပွဲကို အနောက်တိုင်းဒီဇိုင်းမျိုးကိုတော့ 'ရဲရဲ' က ကျွမ်းကျင်ပါသည်။

ညစာစားပွဲဝတ်စုံကို 'ဖွေး' က ဝတ်အပြ 'စိုးခ' အံ့သြငေးမောနေတာကို 'ရဲရဲ' စိတ်တိုင်းကျစွာ တွေ့လိုက်ရပါသည်။

'ရဲရဲ' လက်ရာက နိုင်ငံတကာ စီမီကာ တကယ့်ကို အဆင့်အတန်းရှိတာမို့ 'စိုးခ' ဝန်ခံမိပါသည်။

" 'ဖွေး' အတွက် ခုလို ဂရုတစိုက်လုပ်ပေးတာ ကျေးဇူးတင်ပါတယ် 'ရဲရဲ' "

"မလိုပါဘူး 'စိုးခ' ရယ်... ဒီဝတ်စုံလေးကို 'ဖွေး' လှလှပပဝတ်ရတယ်ဆိုရင်ပဲ ငါ ကျေနပ်ပါပြီ"

"ဝတ်ရမှာပေါ့... အဲဒီနေ့ကျရင် 'ရဲရဲ' လာဖြစ်အောင်လာခဲ့ပါနော်"



www.burmeseclassic.com

www.burmeseclassic.com


'ရဲရဲ' ခေါင်းအညိတ် 'စိုးခ' နဲ့ 'ဖွေး' တို့ ဆိုင်ခန်းထဲမှ ထွက်ခွာသွားကြပါသည်။

'ရဲရဲ' 'စိုးခ' နဲ့ 'ဖွေး' တို့ စုံတွဲထွက်သွားတာကို မျက်စေ့တဆုံး ငေးကြည့်ရင်း ပြုံးလိုက်မိပါသည်။

ဒီအပြုံးကိုမှ ကတ်ကတ်သက်သက် မြင်လိုက်မိသူက 'ကိုဒေး' ရယ်ပါ။

'ရဲရဲ' ကို ဘယ်အချိန် ဘယ်နေရာထဲက ငေးကြည့်နေသည် မသိပါ။ 'ရဲရဲ' အနားကို ရောက်လာမှ 'ရဲရဲ' တွေ့လိုက်မိတာဖြစ်ပါသည်။

" 'ကိုဒေး!' "

'ရဲရဲ' ဝမ်းသာအားရအခေါ် ...

" 'ရဲရဲ' အားလား"

"ဘယ်သွားမလို့လဲ... 'ကိုဒေး' "

"ဝေးဝေးလံလံ ဟုတ်ပါဘူး... My milk လောက်ပါပဲ"

"ဒါဆို ခဏလေးနော်... wait a minute "

'ရဲရဲ' ဆိုင်ထဲသို့ ပြေးဝင်လာကာ ပိုက်ဆံအိတ်သေးသေးလေးကို လွယ်ရင်း ထွက်လာခဲ့လိုက်ပါသည်။

ဆိုင်ဝန်ထမ်းတွေကိုလည်း အရေးအကြောင်းရှိ 'ရဲရဲ' ရဲ့ ဟမ်းဖုန်းကို ဆက်လိုက်ဖို့ မှာခဲ့မိပါသေးသည်။

သွက်လက်ဖျတ်လတ်သော 'ရဲရဲ' ရဲ့ ပုံစံကိုကြည့်ကာ 'ကိုဒေး' က ပြုံးနေပြီးမှ 'ရဲရဲ' ကို လှမ်းမေးပါသည်။

" 'ရဲရဲ' ဖိတ်စာ ရပြီလား"

"အင်း... ခုနပဲ လာပေးသွားတာ... 'ကိုဒေး' ကော"

" 'ဖွေး' နဲ့တွေ့လို့ ပေးသွားတယ်... ကိုယ့်ကိုလည်း မင်္ဂလာပွဲမှာ ဓါတ်ပုံလာရိုက်ပေးဖို့ သေချာမှာသွားသေးတယ်"


www.burmeseclassic.com

www.burmeseclassic.com



"'ကိုဒေး' သွားမှာလား"

"မသွားလို့မှ မဖြစ်တာ"

'ကိုဒေး' မျက်နှာက ညှိုးခြုံးနေပါသည်။ 'ကိုဒေး' ရင်ထဲက ခံစားချက်ကို 'ရဲရဲ' ခံစားပေးနိုင်ပါသည်။

"ခုချိန် 'ဖွေး' က 'ကိုဒေး' ဆီကို ပြန်လာပါ့မယ်ဆို 'ကိုဒေး' ဘယ်လိုလုပ်မလဲ"

My milk ဆိုင်ထဲကိုဝင်လာကာ နေရာယူရင်း 'ရဲရဲ' မေးမိတာဖြစ်ပါသည်။

"မဖြစ်နိုင်တာကို 'ရဲရဲ' က ဘာလို့လျှောက်မေးနေရတာလဲ"

"'ရဲရဲ' မေးတာကိုလည်း 'ကိုဒေး' ဖြေစမ်းပါ... 'ဖွေး' ပြန်လာရင် 'ကိုဒေး' ဘာလုပ်မလဲ"

"ရှုံးမှာ ပြေးပြီး လက်ထပ်လိုက်မှာပေါ့... 'ရဲရဲ' ဆိုရင်ကော 'စိုးခ' ပြန်လာရင် ဘာလုပ်မလဲ"

'ရဲရဲ' ဆိုရင် ဘာလုပ်ရမှာပါလိမ့်။ ဝမ်းသာလွန်းအားကြီး၍ ရှုမ်းထိုးရင်ကောင်းမလား။ ဒါမှမဟုတ် ပင်လယ်ကမ်းစပ်တစ်နေရာကိုပြေးကာ အသံကုန်ပဲ အော်ဟစ်ပစ်လိုက်ရမလား။ 'ရဲရဲ' မတွေးတတ်ပါ။

ဘာဖြစ်ဖြစ် 'ကိုဒေး' ကတော့ 'ရဲရဲ' ကို နှစ်သိမ့်နေပါသည်။

"ကံကုန်လို့ ပြီးသွားကြပြီပဲ... 'ရဲရဲ' လည်း သိပ်ပြီး မျှော်လင့်ချက် ထားမနေပါနဲ့"

"'ရဲရဲ' ကိုသာ ပြောနေတယ် 'ကိုဒေး' ပုံစံက အရမ်းဖီးလ်ဖြစ်နေပြီးတော့များ"

တကယ်တော့ ဖိတ်စာရပြီး ကျွန်တော်ခံစားနေရချိန် 'ရဲရဲ' ကို အရင်ပြေးကာ သတိရလိုက်မိပါသည်။

ကျွန်တော်တောင် ခံစားရလျှင် 'ရဲရဲ' ဆို ဘယ်လိုများနေ



www.burmeseclassic.com

www.burmeseclassic.com


လေမလဲ။

'ရဲရဲ' 'စိုးခ' ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော် နားလည်ခံစားနိုင်ပါသည်။ ဒါကြောင့် 'ရဲရဲ' ကို နှစ်သိမ့်ဖို့ ထွက်လာခဲ့မိတာ ဖြစ်ပါသည်။

'ရဲရဲ' ပုံစံက တည်တည်ငြိမ်ငြိမ် ရှိလှပါသည်။

'ရဲရဲ' ရင်ထဲဘာတွေ တွေးနေလေမလဲ။

"မုန့်စားလေ 'ရဲရဲ' "

"ဟင့်အင်း... 'ကိုဒေး' ပဲစားပါ... 'ရဲရဲ' မနက်က ဒင်း(မ)ဆမ်းတွေစားထားလို့ မဆာသေးဘူး"

"မင်္ဂလာပွဲက တစ်ပါတ်ပဲ လိုတော့တယ်နော်... 'ရဲရဲ' ရင်မခုန်ဘူးလား"

'ရဲရဲ' ရင်ခုန်ပါသည်။ ရင်ခုန်တာ 'စိုးခ' ကို လက်လွှတ်ဆုံးရှုံးရမှာစိုးတဲ့အတွက် မဟုတ်ပါ။ 'ရဲရဲ' ရဲ့အစီအစဉ်အတွက် 'ရဲရဲ' ရင်ခုန်နေတာပါ။

'ကိုဒေး' က 'ရဲရဲ' မျက်နှာကို ငေးကြည့်ရင်း စိုးရိမ်သလို မေးပါသည်။

" 'ရဲရဲ' ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး"

" 'ရဲရဲ' တစ်ခုခုဖြစ်နေတယ်ဆိုတာ 'ကိုဒေး' သိတယ်... ဘာဖြစ်နေတာလဲ"

'ရဲရဲ' 'ကိုဒေး' ကိုကြည့်ကာ ခေါင်းခါလိုက်ပါသည်။

'ကိုဒေး' ရဲ့ တစ်ဝက်လောက် 'စိုးခ' 'ရဲရဲ' အပေါ်ကို ကြင်နာတယ်ဆို 'ရဲရဲ' ကျေနပ်ပါသေးသည်။

ခုတော့ 'စိုးခ' ပုံစံက ရက်စက်ယုတ်မာလွန်းလှသည်။ 'ရဲရဲ' 'စိုးခ' ကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်တာကြောင့်လည်း သူ့အစီအစဉ်


www.burmeseclassic.com

www.burmeseclassic.com



ကို အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်မိပါသည်။

'ရဲရဲ' ရဲ့ အစီအစဉ်အောင်မြင်လျှင် 'ကိုဒေး' လည်း 'ဖွေး' ကို ဆေါင်းရမည်။ 'စိုးခ' ရဲ့ မိဘတွေလည်း 'ရဲရဲ' ကို လာတောင်းပန်ရမည်။

'ရဲရဲ' သူ့အစီအစဉ်နှင့်သူ နေရာမှအထ ...

" 'ရဲရဲ' ပြန်တော့မလို့လား"

'ကိုဒေး' က စိုးရိမ်သလို မေးနေပါသည်။

"ဘာဖြစ်လို့လဲ"

"ဟို... 'ကိုဒေး' များ 'ရဲရဲ' အနား လာနေပေးရမလားလို့ပါ"

'ရဲရဲ မျက်နှာကိုမော့ကာ ရယ်လိုက်မိပါသည်။ 'ရဲရဲ' ရဲ့စိတ်ဒီလောက် ပျော့ညံ့မယ်လို့များ 'ကိုဒေး' ကထင်နေတာလား။

"စိတ်ချ... 'စိုးခ' လက်ထပ်ဖို့ 'ရဲရဲ' ကိုယ် 'ရဲရဲ' ဘာမှ မလုပ်ဘူး... 'ကိုဒေး' သာ စိတ်ချလက်ချ ပြန်... တစ်နေ့ 'ဖွေး' 'ကိုဒေး' ဆီကို ပြန်ရောက်လာလိမ့်မယ်"

" 'ဖွေး' ရောက်လာမယ်... ဟုတ်လား 'ရဲရဲ' ... 'ကိုဒေး' မယုံဘူး"

"စောင့်ကြည့်လေ"

'ရဲရဲ' သူ့အိတ်လေးကိုလွယ်ကာ ဆိုင်ထဲမှ ထွက်လာခဲ့လိုက်ပါသည်။ ခုချိန်မှာတော့ 'စိုးခ' ပျော်နေအုံးပေါ့။ 'စိုးခ' တင်မက သူ့မိဘတွေပါ ပျော်နေကြပါစေ။

မင်္ဂလာပွဲနေ့ကို ရောက်မှ 'ရဲရဲ' သူ့အစီအစဉ်ကိုစဖို့ စိတ်ကူးထားလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၉

ရန်ကုန်မြို့လည်ခေါင်ရှိ နာမည်ကြီး ဟိုတယ်ကြီးတွင် ဆောင်သော မင်္ဂလာပွဲမို့ 'စိုးခ' နှင့် 'ဖွေး' တို့၏ မင်္ဂလာပွဲက ခမ်းနားကြီးကျယ်လှပါသည်။

'ရဲရဲ' က သတို့သမီးဝတ်စုံအတွက် တာဝန်ယူပေးထားရတာကြောင့် သူများတကာထက် စောကာ ကြိုရောက်နေရသလို 'ကိုဒေး' ကလည်း ဓါတ်ပုံရိုက်ဖို့ တာဝန်ယူထားရတာမို့ အစောကြီးတည်းက ရောက်နေတာတွေ့ရပါသည်။

'ရဲရဲ' ကိုကြည့်ကာ 'ကိုဒေး' စိတ်မကောင်းသလို 'ကိုဒေး' ကိုကြည့်ပြီး 'ရဲရဲ' လည်း စိတ်မကောင်းပါ။

တကယ်ဆို 'ရဲရဲ' ကော 'ကိုဒေး' ပါ 'စိုးခ' နဲ့ 'ဖွေး' တို့ရဲ့ မြေဇာမြက်တွေပဲ မဟုတ်ပါလား။

သူတို့နှစ်ယောက် ဖြတ်ကျော်သွားမယ့် လမ်းခရီးမှာ 'ရဲရဲ' နဲ့ 'ကိုဒေး' တို့ရဲ့ နှလုံးသားတွေ ခင်းပေးထားရတာပါ။

'ဖွေး' က 'ရဲရဲ' ကို အားနာ စိတ်လေးနဲ့ အနေခက်နေရှာပေ



www.burmeseclassic.com

www.burmeseclassic.com



မယ် 'စိုးခ' က ရှက်နှာပြောင် တိုက်လွှန်းလှပါသည်။

သတို့သားအတွက် တစ်ခန်း၊ သတို့သမီးအတွက် တစ်ခန်း ပြင်ဆင်ဖို့ ပေးထားရာမှ သူ့အခန်းမှ 'ဖွေး' ကို လာ၍လာကြည့်တတ်ပါသည်။

အဝတ်အစား လဲနေရတာမို့ 'ဖွေး' က ရှက်ကာ လှမ်းအော်တတ်ပါသည်။

"ကိုကိုကလည်း နောက်မှလာလေ... ပြီးမှ မပြီးသေးတာပဲ"

" 'ဖွေး' ဘယ်လောက်လှသလဲဆိုတာ ကိုကို ကြည့်ချင်လို့ပါ"

"ပြီးရင် ကြည့်ရမှာပေါ့ ကိုကိုရယ်... နောက်မှ လာနော်"

သတို့သမီးအခန်းမှာ သတို့သမီးအမေကော အဖွားတွေပါ အားလုံးရှုပ်ယှက်ခတ်နေကြပါသည်။

'ဖွေး' က နာမည်ကြီး အလှပြင်သူနှင့် အလှပြင်နေချိန် ဒီဘက်မှာ 'ဖွေး' မေမေကလည်း အလှပြင်ဆရာမတစ်ယောက်နှင့် ပြင်ဆင်နေပါသည်။

ဧည့်သည်တွေကြိုဧည့်ခံဖို့ သူမကလဲပြီးဖို့လိုပါသည်။

'ဖွေး' မေမေ ပြင်ဆင်ပြီးသွားတဲ့အချိန် အဖွားတွေကပြင်နေကြပြန်တာမို့ 'ရဲရဲ' အားနေချိန် 'ဖွေး' မေမေ့ကို ဝိုင်းပြီး ပြင်ဆင်ပေးနေရပါသည်။

ကြိုးကြီးချိတ်လုံချည်ကို ခိုင်မြဲစေရန် အထက်ဆင်ကိုကြိုးပုံစံပတ်ဝတ်ရမှာမို့ ရေချိုးခန်းထဲက မှန်ရှေ့တွင် 'ရဲရဲ' လိုက်ဝတ်ပေးရပါသည်။

'ဖွေး' မေမေ ဝတ်မယ့်အင်္ကျီက ခဲငွေရောင်ပိုးပြောင်ဖြစ်တာ အောက်ဖက်မှ ချိတ်လုံချည်က ခဲငွေရောင်ပေါ် အညိုနုရောင်ချိတ်မို့ ပုဝါကအစ အညိုနုရောင် ပိုးပုဝါပါ။



www.burmeseclassic.com

www.burmeseclassic.com


"လက်ဝတ်လက်စားက အန်တီ ပုလဲနဲ့စိန်ကိုရွေးထားတယ် လိုက်ရဲ့လား ကြည့်ပေးပါအုံး သမီးရယ်"

"လိုက်ပါတယ် အန်တီရယ်"

ခက်တာက ပုဝါပေါ်ထိုးဖို့ ရင်ထိုးလိုနေသည်။ ရင်ထိုးမထိုးလျှင် ပုဝါရွှေ့ပြီး မထိန်းနိုင်မှာမို့...

"'ရဲရဲ' မှာ ရင်ထိုးပါလာတယ် အန်တီ"

ပန်းစည်းပန်းခိုင်ပုံ 'ရဲရဲ' ရဲ့ စိန်ရင်ထိုး ထည့်ထားသော အိတ်ကို ပြေးယူကာ 'ရဲရဲ' ရင်ထိုးကို ရှာလိုက်မိပါသည်။

ကတိုက်ကရိုက် ရှာနေရတာမို့ အိတ်ထဲပါလာသော စာချုပ်ကို 'ဖွေး' မေမေရှေ့မှာ တမင်ချကာ အိတ်ကိုသွန်အရှာ 'ဖွေး' မေမေက စာချုပ်ကိုဖွင့်ဖတ်နေတာ သတိထားလိုက်မိပါသည်။

မသိဟန်ဆောင်ကာ အလယ်အိတ်ကို အဖွင့်...

"သမီး ဒီစာချုပ်ကို ဘယ်တုန်းက လက်မှတ်ထိုးထားတာလဲ"

"ဟင် အန်တီ မြင်သွားပြီလား... 'ရဲရဲ' အားနာလိုက်တာ"

"ဘုရားမလို့ အန်တီ တွေ့ရတာပေါ့ သမီးရယ်... နင်မို့ဆို သမီးလေး ဒုက္ခရောက်ရတော့မှာ"

ရေချိုးခန်းထဲမှာမို့ 'ရဲရဲ' တို့ အဖြစ်ကို ဘယ်သူမှမသိလိုက်ပါ။

"'ရဲရဲ' တို့ တတိယနှစ်မှာ လက်မှတ်ထိုးထား ကြတာပါ"

"ဒင်းက ဒါကိုသိရဲ့နဲ့ လုပ်ရက်လေခြင်း... ခုချိန်မှာ အန်တီ ဖွင့်ချလိုက်ရင် ကောင်းမလား"

"အန်တီတို့ပဲ အရှက်ကွဲသွားမှာပေါ့"

"ဒါဆို အန်တီ ဘာလုပ်ရမလဲ သမီး"

"အန်တီ ဘယ်သူမှမသိအောင် 'ဖွေး' ကို ခေါ်ထုတ်သွား


www.burmeseclassic.com

www.burmeseclassic.com


လိုက်ရင် ရပါတယ်... အချိန်လဲစောနေသေးတာပဲ"

" 'အုပ်စိုးခ' ဆိုတဲ့အကောင် လိုက်နှောင့်ယှက်နေရင်ရော ကွယ်"

"အန်တီနဲ့ 'ဖွေး' တစ်နေရာကို ရှောင်နေလိုက်ရင် ပြီးသွားမှာပါ"

'ရဲရဲ' အကြံဉာဏ်နှင့်ပင် အန်တီက 'ဖွေး' ကို ခေါ်ထုတ်သွား ခဲ့ပါသည်။ လူတွေ ရှုပ်ယှက်ခတ်နေချိန်မို့ အမေလုပ်တဲ့သူက သမီးလုပ်သူကို ခေါ်ထုတ်သွားတာ ဘယ်သူမှ မသိလိုက်ကြပါ။

လူတွေအားလုံး သိတဲ့အချိန်မှာတော့ 'စိုးခ' ကော သူ့မိဘ အသိုင်းအဝိုင်းကပါ အရှက်ဘကွဲ အကျိုးနည်း ဖြစ်ခဲ့ရပါပြီ။

'ကိုဒေး' က 'ရဲရဲ' ကို မသင်္ကာသလို လှမ်းကြည့်နေပေမယ့် 'ရဲရဲ' မသိချင်ဟန်ဆောင်ကာ ကိုယ့်ကားကိုယ်မောင်းပြီး ထွက်လာ ခဲ့လိုက်ပါသည်။

ကားပေါ်ရောက်တဲ့ အခါမှာတော့ 'ရဲရဲ' အသံထွက်အောင် ပင် ကျယ်ကျယ်လောင်လောင် ရယ်လိုက်မိပါသည်။

'ရဲရဲ' အိမ်ကိုပြန်ရောက်ပြီး မကြာခင် 'အန်တီဇာခြည်' ပြန် ရောက်လာကာ 'ရဲရဲ' ကို ပြောပြခဲ့ပါသည်။

" 'အုပ်စိုးခ' ရဲ့ အမေဆိုတာ လူပုံအလယ်မှာ ရှက်လွန်းလို့ ဆိုပြီး ငိုလိုက်တာ 'ရဲရဲ' ရယ်... တကယ်ဆို သတို့သမီးဘက်က ဒီလိုလုပ်မသွားသင့်ဘူးပေါ့ကွယ်... "

"သူတို့ သတို့သမီးအိမ်ကို အဆက်အသွယ် မလုပ်ကြဘူး လား"

"လုပ်ပါတယ်... သတို့သမီးကော သူ့ဒေ့ဒမေပါ ရှောင်နေကြ တယ်... ဘယ်ကို လိုက်ရှာရမှန်းလည်း မသိဘူး"

" 'ရဲရဲ' လည်း 'စိုးခ' အတွက် စိတ်မကောင်းပါဘူး"


www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကတောင် 'အန်တီဇာခြည်' ကို ပြောလိုက်ပါသေးတယ်... 'ရဲရဲ' နဲ့သာပေးစားရင် သူတို့ဒီလိုလည်း အရှက်ကွဲမှာ မဟုတ်ဘူး... ဒီလိုလည်း စိတ်ဆင်းရဲရမှာ မဟုတ်ဘူးတဲ့"

'ရဲရဲ' ပြုံးကာ အပေါ်ထပ်ကို တက်လာခဲ့လိုက်မိပါသည်။

ဒါတောင် 'အန်တီဇာခြည်' က စကား မပြတ်သေးပါ။

"ဖြစ်နိုင်ရင် သတို့သမီးကို မခံချင်စိတ်နဲ့ 'ရဲရဲ' နဲ့ 'အုပ်စိုးခ' နဲ့ကို အမြန်ဆုံးပေးစားချင်သတဲ့လေ... 'ရဲရဲ' ဘယ်လိုသဘောရလဲ"

" 'ရဲရဲ' ပင်ပန်းနေတယ်... နားချင်တယ် 'အန်တီဇာခြည်' "

" 'အန်တီဇာခြည်' သူတို့ကို ဘယ်လိုအကြောင်းပြန်ရမလဲ"

"ဒီအတိုင်းပဲ ထားလိုက်ပါ 'အန်တီဇာခြည်' ရယ်... 'ရဲရဲ' ဆီကိုလည်း သူတို့ အဆက်အသွယ် လုပ်သေးတာမှ မဟုတ်တာ"

"သူတို့ ဆက်သွယ်ရဲပါ့မလားကွယ်... အရင်က သူတို့ကိုယ်တိုင်လည်း ခါးခါးသီးသီး ဖြစ်ခဲ့တဲ့ဥစ္စာ"

"သူတို့ ဟိုဘက်ကို ကျောချင်ရင် 'ရဲရဲ' ကိုမဖြစ်,ဖြစ်အောင် ဆက်သွယ်မှာပါ 'အန်တီဇာခြည်' ရယ်... မယုံရင် စောင့်ကြည့်ပါ"

'ရဲရဲ' အိမ်နေရင်း အဝတ်အစားလဲကာ အိပ်ယာပေါ် လှဲအိပ်လိုက်မိပါသည်။

ဒီ တစ်ပတ်လုံးလုံး 'ရဲရဲ' လူကော စိတ်ပါ မအားခဲ့ရပါ။

'အန်တီဇာခြည်' ပြန်ဆင်းသွား၍ အိပ်မည်အပြု ဟန်းဖုန်းသံ မြည်လာခဲ့ပါသည်။

'စိုးခ' များလား။

စိတ်ထဲမှာ ထင်နေတာကြောင့် အသံပေးလိုက်မိပါသည်။

"ပြောပါ 'ရဲရဲ' ပါ..."

" 'ရဲရဲ' ကိုယ်ပါ 'စိုးခ' "



www.burmeseclassic.com

www.burmeseclassic.com



'ရဲရဲ' ဖုန်းကို တမင် ပိတ်ပစ်လိုက်မိပါသည်။ မင်္ဂလာပွဲပျက်သွားတဲ့ကိစ္စနဲ့ ပတ်သက်ကာ 'စိုးခ' 'ရဲရဲ' ကို အပြစ်တင်ချင်လည်း တင်နိုင်ပါသည်။

ဒီကိစ္စနဲ့ပတ်သက်၍ 'ရဲရဲ' ဘာကိုမှ မကြားချင်တော့ပါ။

'ရဲရဲ' မျက်ဝန်းထဲမှာ 'ဖွေး' ရှေ့တွင် 'ရဲရဲ' ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံခဲ့သော 'စိုးခ' ရဲ့ အပြုအမူတွေကိုပဲ မြင်ယောင်မိနေပါသေးသည်။

ဒီလို အပြုအမူကို မြင်ယောင်နေသေးသရွေ့ 'ရဲရဲ' 'စိုးခ' ကို စကားမပြောချင်သေးပါ။ ဖုန်းကိုပြန်အဖွင့် ဖုန်းမြည်သံကြားရပြန်သည်။ ဖုန်းဆက်သူရဲ့ နံပါတ်ကိုအကြည့် 'ရဲရဲ' ဖုန်းကိုဖွင့်ပြီး ထူးလိုက်မိပါသည်။

"'ကိုဒေး' ဘာဖြစ်လို့လဲ"

"ဘာတွေ ဖြစ်ကုန်တာလဲ"

"ဘာကိုလဲ"

"'အုပ်စိုးခ' တို့ ကိစ္စလေ"

"'ကိုဒေး' ကောင်းဖို့ဖြစ်လာတယ်လို့ မယူဆဘူးလား"

"ဘာဖြစ်လို့ 'ကိုဒေး' က ကောင်းရမှာလဲ"

"နှစ်ဘက်စလုံး မာနခြင်းပြိုင်ပြီး တစ်ဘက်နဲ့တစ်ဘက် အပြိုင် ပေးစားကြတော့မှာလေ"

"ဟုတ်လား... 'ရဲရဲ' က ဘယ်လိုသိသလဲ"

"ဒီလိုပေါ့... သူတို့ 'ကိုဒေး' ကို အမြန်ဆုံး ဆက်သွယ်လိမ့်မယ်ထင်တယ်"

"ဟုတ်ပါ့မလား 'ရဲရဲ' ရယ်... 'ကိုဒေး' ကို သူတို့ 'ဖွေး'နဲ့ သဘောမတူပါဘူးလို့ ငြင်းထားပြီးသား ဥစ္စာ"

"အဲဒါအရင်ကလေ 'ကိုဒေး' ရဲ့... ခုနောက်ပိုင်း ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ချင် ပြောင်းလွဲလာမှာပေါ့… 'ကိုဒေး' မပျော်ဘူးလား"

ကျွန်တော် ပျော်ဖို့ဆိုတာ စဉ်းပင် မစဉ်းစားမိသေးပါ။

ကျွန်တော်နဲ့ 'ဖွေး' နဲ့ အပြီးတိုင်ဝေးကွာခဲ့ပြီးပြီဟု ကျွန်တော်စိတ်ထဲ မှတ်ယူခဲ့ပြီးသားပါ။

" 'ရဲရဲ' ကော ပျော်နေလား"

'ကိုဒေး' မေးမှ 'ရဲရဲ' စဉ်းစားလိုက်မိပါသည်။

'စိုးခ' ကို မခံချင်၍ လုပ်လိုက်တာကလွဲလျှင် 'ရဲရဲ' ကိုယ် 'ရဲရဲ' ပျော်သလား၊ ရွှင်သလားဆိုတာကိုပင် 'ရဲရဲ' လည်း မခံစားမိပါ။ ဘာပဲဖြစ်ဖြစ် 'ကိုဒေး' ပျော်လျှင် 'ရဲရဲ' လည်း ပျော်မည်ဟု ထင်မိပါသည်။

"အကြောင်းထူးရင် 'ကိုဒေး' ဖုန်းဆက်အုံးလေ… ဒါမှမဟုတ်ဆိုင်ကိုလည်း လာအုံးလေ… "

"ခုတလော 'ကိုဒေး' ဓါတ်ပုံပြိုင်ပွဲဝင်ရမှာမို့ မအားသေးဘူး"

" 'ကိုဒေး' က ဘာပုံပြိုင်မှာလဲ"

" 'ရွှင်ချိုသမျှ၊ ပင်ကိုယ်အလှ' ရယ်… 'နေဝင်ဆည်းဆာ' ရယ်… နှစ်မျိုးစလုံးမှာ 'ရဲရဲ' ပုံတွေပါတယ်"

"ဘယ်ပုံတွေလဲ ဟင်"

" 'ရွှင်ချိုသမျှ၊ ပင်ကိုယ်အလှ' က ထီးလေးနဲ့ပုံလေ… 'နေဝင်ဆည်းဆာ' က ပင်လယ်ကမ်းခြေကို နောက်ခံထားပြီး ကမ်းစပ်မှာ 'ရဲရဲ' ပြေးနေတဲ့ပုံ"

"ကောင်းလို့လား 'ကိုဒေး' ရယ်… ဓါတ်ပုံခေါင်းစဉ်နဲ့ကော ဝင်ဝင်လို့လား"

"ဝင်ဝင်ပါတယ်… 'ကိုဒေး' တော်တော်ကြိုက်တယ်"

"ဆု မရရင် ရှက်စရာကြီး".



www.burmeseclassic.com

www.burmeseclassic.com



"ရလိမ့်မယ်လို့ 'ကိုဒေး' ထင်ပါတယ်... ရရင် 'ရဲရဲ' ဘာပေးမှာလဲ"

" 'ကိုဒေး' ကတောင် 'ရဲရဲ' ကို ပြန်ပေးရအုံးမှာ... 'ရဲရဲ' ပုံ သုံးထားလို့လေ"

" 'ကိုဒေး' ပေးရင် 'ရဲရဲ' က ယူမှာမို့လို့လား"

"ယူမှာပေါ့"

" 'ကိုဒေး' က ပြန်တောင်းရင်ကော"

"ဘာကို ပြန်တောင်းမှာလဲ"

" 'ရဲရဲ' ပေးနိုင်တာကိုပဲ တောင်းမှာပါ"

" 'ရဲရဲ' ပေးနိုင်တာဆိုရင် ပေးမှာပါ"

"ဒါဆို ဒါပဲနော် 'ရဲရဲ' ... see you "

" see you tomorrow "

'ရဲရဲ' ဖုန်းကိုပိတ်ကာ မျက်လုံးကို မှိတ်ထားလိုက်မိပါသည်။ မျက်ဝန်းထဲ 'ကိုဒေး' ရဲ့ကြင်နာသော မျက်ဝန်းတွေနဲ့ အပြုံးတွေပဲ မြင်ယောင်နေမိပါသည်။

ပြီးတော့ 'ရဲရဲ' အပေါ် အနွံတာခံခဲ့သော 'ကိုဒေး' ၏ ညှာတာခြင်း၊ စာနာခြင်းများ။ ခုချိန်မှာ မြင်ယောင်ရမှာက 'စိုးခ' ရဲ့ ပုံပေါ်ရမှာ၊ ဘာလို့ 'ကိုဒေး' ရဲ့ပုံပဲ ပေါ်နေရတာပါလိမ့်။

'ရဲရဲ' မအိပ်နိုင်သေးဘဲ 'ကိုဒေး' နဲ့ ချောင်းသာမှာ ဆုံခဲ့ရတဲ့ အဖြစ်တွေကို ပြန်တွေးကာ 'ကိုဒေး' ကို သတိရနေမိပါသည်။

နောက်ဆုံး မအိပ်ချင်တော့တာကြောင့် အိပ်ယာမှထကာ အဝတ်အစားလဲပြီး ဆိုင်ကို ထွက်လာခဲ့လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## △ ၂၀ □

မိုးမကျခင် Fashion Show တစ်ခု ကျင်းပဖို့ 'ရဲရဲ' ကြိုးစားနေတာကြောင့် ခုတလော အိမ်မှာကော ဆိုင်မှာပါ သိပ်မရှိလှပါ။

Show ပွဲကျင်းပဖို့ ဟိုတယ်ရက်နဲ့ညှိရ၊ ဟော်တယ်အေဂျင်စီနဲ့ တိုင်ပင်ရ၊ ဝတ်ရမယ့် ဒီဇိုင်းတွေရေးဆွဲရနဲ့ နေ့ကောညပါ 'ရဲရဲ' သိပ်မအားလှပါ။

ညညဆိုလည်း မြန်မာဝတ်စုံ ဒီဇိုင်းတွေ၊ 'ရဲရဲ' တစ်ညလုံး ရွေးရသည်။ ခေတ်လည်းမှီ၊ လူအမြင်လည်း တင့်တယ်စေဖို့ မြန်မာဝတ်စုံ ဒီဇိုင်းလှလှလေးတွေ ရေးဆွဲရသလို၊ နွေရာသီဝတ်စုံအတွက် စပန့်သားလို အသားအေးအေးပျော့ပျော့တွေ ရွေးကာ လူကြီးကော လူငယ်ပါ လက်ခံနိုင်ပေမယ့် ဒီဇိုင်းတွေ ဆွဲရပါသည်။

ပြီးတော့ ဝါမဝင်ခင် မင်္ဂလာပွဲဆင်နွှဲလိုသူတွေအတွက် မြန်မာဆန်ဆန် သတို့သမီးဝတ်စုံ၊ အနောက်တိုင်း သတို့သမီးဝတ်စုံတွေကိုလည်း ပုံစံမထပ်အောင် ရေးဆွဲနေရပြန်ပါသည်။

စီးပွားရေးလုပ်ငန်း လုပ်လာပြီဆိုတော့လည်း ကိုယ့်လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



နာသည်ပိုကြီးအောင်၊ ကိုယ့်အဝတ်တံဆိပ်ကို လူတကာလက်ခံလာနိုင်အောင် ကြိုးစားနေရတာ သဘာဝပါ။

ခုဆို 'ရဲရဲ' ရဲ့ Lady First တံဆိပ်နှင့် မင်္ဂလာဝတ်စုံတင်မက ထသွားထလာ ပေါ့ပါးလွယ်ကူသော ဝတ်စုံတွေကိုပါ ထုတ်လုပ်ရောင်းချဖို့ စီစဉ်ထားတာမို့ နောက်ထပ် ဆိုင်ခန်းတိုးချဲ့ဖို့ပါ ပြင်ဆင်နေရ၍ 'ရဲရဲ' လုံးဝကို နားချိန်မရှိလေပါ။

တစ်နေ့ခင်းလုံး အပြင်ကိစ္စတွေနဲ့ လုံးထွေးနေရကာ အိမ်ကိုပြန်ရောက်လာလျှင်လည်း ဒီဇိုင်းကိစ္စတွေနဲ့ ရှုပ်ထွေးနေတာကြောင့် ပတ်ဝန်းကျင်ကိုပင် မေ့လျော့နေခဲ့ပါသည်။

ခုလည်း ညဆယ်နာရီထိုးတဲ့တိုင် ဒီဇိုင်းအသစ်ရေးဆွဲနေရတာကြောင့် ပတ်ဝန်းကျင်ကို ဂရုမပြုမိဘဲ ရှိနေစဉ် 'ရဲရဲ' ဒီဇိုင်းရေးဆွဲနေတဲ့ နံရံကို စပေါ့လိုက်မီး နီနီလေး ထင်လာမှ 'ရဲရဲ' အိပ်ယာမှလန့်နိုးသလို နံရံကိုပြူးပြဲကာ ကြည့်လိုက်မိပါသည်။

နံရံမှစာလုံးက I miss you (နင့်ကိုငါလွမ်းတယ်) တဲ့။

ဒါ 'စိုးခ' ထိုးနေတာလား။ အဲ့ဒီအခန်းမှာ 'စိုးခ' ပြန်နေ့နေတာလား။

ရင်ခုန်ကြည်နူးစိတ်ဖြင့် ပြတင်းနားကိုပြေးအလာ 'စိုးခ' စပေါ့လိုက်လေးဖြင့် ထပ်ထိုးနေပြန်ပါသည်။

Do you remember?

" 'စိုးခ' ရယ်"

'ရဲရဲ' ဟန်မဆောင်နိုင်တော့သလို လင့်စင်ပေါ်အပြေးတက်လာကာ 'စိုးခ' ကို လက်လှမ်းအပြ 'စိုးခ' က ဖုန်းဆက်မည့်ဟန်လုပ်ပြတာကြောင့် 'ရဲရဲ' သူ့ ဟန်းဖုန်းကို ဖွင့်လိုက်ပါသည်။

"ကိုယ် 'ရဲရဲ' ကို စောင့်ကြည့်နေတာ တစ်လပြည့်တော့မယ် 'ရဲရဲ' ဘာတွေ အလုပ်ရှုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖက်ရှင်ရှိုးတစ်ပွဲ လုပ်မလားလို့... 'ရဲရဲ' စိစဉ်နေတာ..."

"ကိုယ့်ကို မေ့သွားပြီလား"

" 'စိုးခ' ရယ်... 'ရဲရဲ' ရဲ့ဘဝမှာ 'စိုးခ' ဟာ အချစ်ဦးပါ... 'ရဲရဲ' သတိရပါတယ်"

တိုးတိတ်သော အသံလေးဖြင့် 'ရဲရဲ' အဖြေ...

"ကိုယ် 'ရဲရဲ' ကို တောင်းပန်ပါတယ်"

"ဘာကိုလဲ..."

"ကိုယ့်လုပ်ရပ်တွေ အတွက်ပါ"

" 'ရဲရဲ' ခေါင်းထဲမှာ မရှိတော့ပါဘူး"

"ခု မေမေတို့က ကိုယ့်သဘောအတိုင်း ကိုယ်နှစ်သက်တဲ့သူကိုပဲ လက်ထပ်ပေးစားတော့မယ်တဲ့... 'ရဲရဲ' သဘောကကော"

ခုချိန်မှာ 'ရဲရဲ' ရဲ့စိတ်က အလုပ်ထဲမှာပဲ နှစ်မြှုပ်နေတာမို့...

" ရှိုးပွဲပြီးမှပဲ 'ရဲရဲ' အဖြေပေးပါရစေ"

"မေမေတို့က ဝါမဝင်ခင် 'ရဲရဲ' နဲ့ကိုယ်နဲ့ကို လက်ထပ်ပေးချင်တယ်တဲ့"

'ရဲရဲ' ပြုံးလိုက်မိပါသည်။ ကြည့်ရတာ 'ဖွေး' ဘက်ကလုံးဝ လက်မခံတော့ဘူးနဲ့ တူပါရဲ့။

"မေမေတို့လည်း 'ရဲရဲ' ကို လာတွေ့အုံးမယ် ပြောနေတယ်"

" 'ရဲရဲ' မှ မအားသေးတာ"

" 'ရဲရဲ' အားတဲ့ တစ်ရက်ရက်မေါ့"

ခုလောလောဆယ် 'ရဲရဲ' တစ်ရက်မှကို မအားတာကြောင့်လည်း...

" 'စိုးခ' ပဲ ကြည့်ပြောထားလိုက်ပါ... ခုတောင် 'ရဲရဲ' ခိုင်းဆွဲနေရာက ထလာခဲ့ရတာ"

" 'ရဲရဲ' ပြောင်းလွဲသွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com


'စိုးခ' အသံက ဝမ်းနည်းဟန် ပေါ်နေပါသည်။

"ဘာဖြစ်လို့လဲ 'စိုးခ' ရဲ့"

"အရင်တုန်းက 'ရဲရဲ' ဘဝမှာ 'စိုးခ' ဟာ နံပါတ်တစ်ပဲ... အခု အလုပ်က နံပါတ်တစ်ဖြစ်သွားခဲ့ပြီနော်"

"ဒီလိုဖြစ်အောင် 'စိုးခ' ပဲ သင်ပေးခဲ့တာလေ..."

"ရှိပါစေတော့... ကိုယ် 'ရဲရဲ' ကို အရှုံးပေးပါတယ်... ကိုယ့်ဆီက ဖုန်းလာရင်ကော 'ရဲရဲ' ပြောချင်တဲ့ဆန္ဒရှိရဲ့လား"

"ဆန္ဒရှိလို့ပဲ 'ရဲရဲ' ခု ပြောနေတာပေါ့"

"ကျေးဇူးပါပဲ 'ရဲရဲ' ရယ်... အလုပ်လုပ်နေတုန်း အနှောင့်အယှက် ဖြစ်သွားပြီလား... ကိုယ် နောက်မှပဲ ထပ်ဆက်တော့မယ်နော်... good night 'ရဲရဲ' "

"good night ... bye bye"

'ရဲရဲ' ဖုန်းကိုပိတ်ကာ အိမ်ဘက်ကို ပြန်ကူးလာပေမယ့်လဲ ရင်ထဲမှာ နွေးထွေးမှုကင်းမဲ့ကာ အေးခဲသလို ခံစားနေရပါသည်။

ဒီဇိုင်းကို ပြန်ဆွဲနေပေမယ့် စိတ်က အလုပ်ထဲမှာ ရှိမနေပါ။ 'ရဲရဲ' ခံစားနေရတာတွေကို တစ်ယောက်ယောက်ကို ရင်ဖွင့်ချင်နေမိပါသည်။

နာရီကို လှမ်းကြည့်လိုက်တော့ ညဉ့်တစ်နာရီပင် ထိုးလုပြီ။ ခုချိန် 'ကိုဒေး' ကော ဘာလုပ်နေမှာပါလိမ့်။

လက်ကအလိုလို 'ကိုဒေး' ဖုန်းနံပါတ်ကိုအနှိပ်...

" 'ရဲရဲ' လား..."

'ကိုဒေး' အသံက အိပ်ယာကထလာတဲ့ အသံမျိုးနှင့် လေးလံမနေပါ။

" 'ကိုဒေး' မအိပ်သေးဘူးလား"

" 'ရဲရဲ' ကကော ဒီအချိန်အထိ ဘာလို့မအိပ်သေးတာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ခုပဲ 'စိုးခ' ဆီက ဖုန်းချသွားလို့ 'ကိုဒေး' ဆီကိုဆက်လိုက်တာ"

" 'ကိုဒေး' လည်း အတူတူပဲ… ခုလေးပဲ 'ဖွေး' ဆီကဖုန်းချသွားတာ"

'ရဲရဲ' အံ့ဩရပါသည်။ 'ဖွေး' နဲ့ 'ကိုဒေး' ပြန်ဆက်နေကြပြီလား။

" 'ကိုဒေး' စိတ်ထဲ ဘယ်လိုခံစားရလဲ"

"အရင်ကလို မပျော်ဘူး"

" 'ရဲရဲ' လည်း 'ကိုဒေး' လိုပဲ ခံစားရလို့ 'ကိုဒေး' ဆီကိုဖုန်းဆက်လိုက်တာ… 'ကိုဒေး' နဲ့ 'ဖွေး' နဲ့ ပြန်ဆုံတာကြာပြီလား"

"တစ်နေ့က 'ကိုဒေး' ရဲ့ ဓါတ်ပုံပြပွဲကို 'ဖွေး' ရောက်လာတယ်"

" 'ကိုဒေး' ပြထားတဲ့ ဓါတ်ပုံတွေထဲမှာ 'ဖွေး' ပုံလည်းပါတယ် မဟုတ်လား…"

" 'နေဝင်ဆည်းဆာ' ထဲမှာ မပါဘူး… 'ရှင်ချိုသမျှပင်ကိုယ်အလှ' မှာ 'ဖွေး' ပုံနှစ်ပုံထည့်ထားတယ်"

"အဲ့ဒီပုံတွေကို လာကြည့်တာနဲ့တူတယ်"

"ဟုတ်လိမ့်မယ်… 'ကိုဒေး' လည်း အားနာလို့ 'ဖွေး' ကို မခေါ်ပါဘူး… သူကပဲ 'ကိုဒေး' ကိုလာခေါ်ပြီး အားရင်လည်း အိမ်ကိုလာခဲ့ပါအုံးလို့ ဖိတ်တယ်"

" 'ကိုဒေး' မသွားဘူးလား"

"သွားသင့် မသွားသင့် စဉ်းစားနေတုန်း 'ဖွေး' ဆီကဖုန်းဝင်လာတာ"

"ဘာတဲ့လဲ 'ကိုဒေး' "

"မနက်ဖြန် 'ဖွေး' ကျောင်းပိတ်ရက်မို့ ထမင်းလာစားဖိတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"'ကိုဒေး' သွားမှာလား"

ခါတိုင်းဆို ပျော်ရွှင်စိတ်ဖြင့် ကျွန်တော် တစ်ညလုံးပင်အိပ်လို့ပင် ပျော်နိုင်မည်မထင်ပါ။

ခု ကျွန်တော့် စိတ်တွေလေးလံကာ 'ရဲရဲ' ကို သတိရနေဆဲ 'ရဲရဲ' ဆီက ဖုန်းဝင်လာခဲ့တာဖြစ်ပါသည်။

"'ကိုဒေး' သွားရမလား ဟင် 'ရဲရဲ'"

"'ကိုဒေး' ကိစ္စပဲ... 'ကိုဒေး' ဖါသာဆုံးဖြတ်လေ"

"'ရဲရဲ' ကော 'စိုးခ' ကို တွေ့မှာလား"

"ဒီကြားထဲ မအားသေးပါဘူး 'ကိုဒေး' ရယ်... ခုချိန် 'ရဲရဲ' အတွေးထဲမှာ အလုပ်တွေပဲရှိတယ်... 'ရဲရဲ' အောင်မြင်ဖို့ကိုပဲ ကြိုးစားနေချင်တယ်"

"'ကိုဒေး' လည်း ဒီတိုင်းပဲ... ပြိုင်ပွဲမှာ အနိုင်ရဖို့ကိုပဲစိတ်က ရောက်နေတယ်"

"'ဖွေး' နဲ့ 'ရဲရဲ' နဲ့ကို 'ကိုဒေး' က ယှဉ်ပြီးပြိုင်တာဆိုတော့ 'ကိုဒေး' စိတ်ထဲ 'ဖွေး' ကိုပဲ အနိုင်ရစေချင်နေတယ် မဟုတ်လား"

"မဟုတ်ပါဘူး... 'ဖွေး' နဲ့ 'ကိုဒေး' နဲ့က ပြီးဆုံးပြီးသား ဇာတ်လမ်းတစ်ပုဒ်ပါ... ပြန်ဆက်ကြမယ်ဆိုရင်လည်း ကွဲသွားတဲ့ ပန်းကန်ပြားတစ်ချပ်ကို ပြန်ဆက်ထားသလို အက်ရာကွဲရာတွေနဲ့ အရုပ်ဆိုး အကျည်းတန်နေအုံးမှာ"

"ဒါဆို 'ကိုဒေး' က ဘယ်လိုဆုံးဖြတ်မှာလဲ"

"'ရဲရဲ' ကော"

"'ရဲရဲ' အချိန်ယူပြီး စဉ်းစားအုံးမယ်လို့ 'စိုးခ' ကိုပြောထားတယ်"

"ဒါဆို 'ကိုဒေး' လည်း 'ဖွေး' ကို အချိန်ယူ စဉ်းစားအုံးမယ်လို့ အကြောင်းပြန်လိုက်မယ်... မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com


"ဒါကတော့ 'ကိုဒေး' သဘောပါ... ဒါပေမယ့် မနက်ဖြန်ကိစ္စကိုတော့ 'ကိုဒေး' မငြင်းသင့်ဘူး... ဟိုဘက်က မိန်းကလေးလေ... အကျိုးအကြောင်း သိရအောင်လို့ 'ကိုဒေး' သွားသင့်တယ်လို့ 'ရဲရဲ' ထင်တယ်"

"ဟုတ်တယ်... 'ကိုဒေး' လည်း စဉ်းစားမိပါတယ်"

"ဒါဆို ဒါပဲနော် 'ကိုဒေး'... သတိရရင် ဖုန်းဆက်ပါ"

" 'ကိုဒေး' 'ရဲရဲ' ကို အမြဲသတိရပါတယ်... 'ရဲရဲ' လည်းလိုအပ်ရင် ဖုန်းဆက်ပါနော်"

"good night 'ကိုဒေး' "

"good night"

နှစ်ယောက်စလုံး ဖုန်းကိုမပိတ်ကျသေးဘဲ ကိုင်ထားမိကြပါသည်။

'ရဲရဲ' ဘက်က 'ကိုဒေး' ဆီက စကားတွေ ကြားချင်နေသေးသလို 'ကျော်ဒေးယျ' ကိုယ်တိုင်လည်း 'ရဲရဲ' ဆီက စကားတွေနားထောင်ချင်နေပါသေးသည်။

ဒါပေမဲ့ 'ရဲရဲ' ကော ကျွန်တော်ပါ ရှေ့ဆက်ဖို့ မဝံ့ရဲသလိုခံစားနေကြရပါသည်။

ဘာကြောင့်နည်း။ အတော်ကြီးကြာမှ နှစ်ယောက်စလုံးဖုန်းကိုပိတ်ကာ အိပ်ယာထဲ ဝင်ခဲ့ကြပါသည်။

ကျွန်တော့်အတွေးမှာ 'ရဲရဲ' က မင်းမူနေသလို 'ရဲရဲ' အတွေးမှာကော ကျွန်တော် မင်းမူနေမှာလား။ ကျွန်တော် သိချင်နေမိပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


## △ ၂၁ □

သည်နေ့က 'ရဲရဲ' ဘဝမှာ အရမ်းကို မျှော်လင့်ထားရသော နေ့ကြီးတစ်နေ့မို့ 'ရဲရဲ' မိုးလင်းတည်းက စိတ်တွေလှုပ်ရှားနေမိပါသည်။

ရှိုးပွဲက နေ့လည်တစ်နာရီမှ စဖြစ်သော်လည်း အခမ်းအနား အပြင်အဆင်၊ အခမ်းအနား အစီအစဉ် ရရှိတဲ့အချိန်အပေါ် ကြို တင်ပြင်ဆင်ရမယ့် အနေအထား အားလုံးက 'ရဲရဲ' ခေါင်းပေါ်မှာပဲ ရှိနေပါသည်။

အခမ်းအနား အစီအစဉ်မှူးအဖြစ် 'ရဲရဲ' ငှားထားတဲ့ ဟော်တယ်အေဂျင်စီဘက်က တာဝန်ယူထားတာမို့ 'ရဲရဲ' က 'ရဲရဲ' ထုတ်ထားတဲ့ အဝတ်ဒီဇိုင်းတွေကို စနစ်တကျဖြစ်ဖို့ စီစဉ်ပေးရတာပဲ ရှိပါသည်။

ပထမဦးဆုံးအဖြစ် မင်္ဂလာဝတ်စုံတွေကို ပြသရမှာမို့ မြန်မာ သတို့သမီးဝတ်စုံ ဆယ်စုံပြင်ဆင်ထားရကာ သတို့သားဝတ်စုံ ဆယ်စုံကိုလည်း အဆင်သင့် ပြင်ထားရပါသည်။


www.burmeseclassic.com

www.burmeseclassic.com


သည်နောက် အနောက်တိုင်း မင်္ဂလာဝတ်စုံနှင့် မော်ဒယ်ဘွိုင်းအဖြစ် သရုပ်ဆောင်မည့် သူများအတွက် အနောက်တိုင်းဝတ်စုံ ပြင်ဆင်ပေးထား ရပါသေးသည်။

ထို့နောက် နွေရာသီဖက်ရှင်အဖြစ် မြန်မာဝတ်စုံများ၊ စပန့်သား ရှပ်အင်္ကျီနှင့် ဂါဝန်များ၊ အားလုံး အစုံပေါင်း နှစ်ဆယ်ခန့်ကို ဂျိတ်တွေနဲ့ချိတ်ကာ ဟိုတယ်ကိုသယ်ဖို့ ပြင်ဆင်ရပါသည်။

သည်တာဝန်တွေကို 'ရဲရဲ' ရဲ့ ဝန်ထမ်းတွေအပြင် 'အန်တီဇာခြည်' က သူ့ဆိုင်ကိုပိတ်ပေးပြီး ဝိုင်းကူလုပ်ပေးတာကြောင့် 'ရဲရဲ' သက်သာနေပါသည်။

'အန်တီဇာခြည်' နဲ့အတူ 'ရဲရဲ' ကို လာပြီး ကူညီလုပ်ကိုင်ပေးနေသူက 'စိုးခ' ပါ။

မိုးလင်းတည်းက ဂျင်ကလေးတစ်လုံးလို ဟန်းဖုန်းတစ်လုံးကိုင်ကာ မနားတမ်း လှုပ်ရှားနေသော 'ရဲရဲ' ကိုကြည့်ကာ 'စိုးခ' အံ့သြ၍ နေပါသည်။

'ရဲရဲ' ဒီလောက်ပဲ ကြိုးစားနေသလား။ 'ရဲရဲ' ရဲ့ ဒီ အရည်အချင်းတွေကို သူ ဘာကြောင့်များ မမြင်ခဲ့ရတာလဲ။

'ရဲရဲ' ရဲ့ ကြိုးစားမှုကို မြင်ရလေ မေမေတို့ကလည်း 'စိုးခ' ကို 'ရဲရဲ' နဲ့ပဲ အတင်းလော့်နေတာကြောင့် 'စိုးခ' အချိန်ရှိသ၍ 'ရဲရဲ' အကြောင်းပဲ ကြားနေရပါတော့သည်။

သည်နေ့လည်း 'ရဲရဲ' ကို အားနာ၍ 'စိုးခ' မလာချင်ပေမယ့် မေမေတို့က အတင်းလွှတ်နေတာကြောင့် ရှေ့မျက်နှာနောက်ထားကာ 'ရဲရဲ' တို့ခြံထဲကို ဝင်လာခဲ့ရတာဖြစ်ပါသည်။

'ရဲရဲ' က အလုပ်ရှုပ်နေ၍ မမြင်ပေမယ့် 'အန်တီဇာခြည်' က မြင်သွားကာ 'ရဲရဲ' ကို လှမ်းခေါ်ပါသည်။

"'ရဲရဲ' ဒီမှာ 'မောင်စိုးခ' လာနေတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ညော်..."

'ရဲရဲ' 'စိုးခ' အနားကို လျှောက်လာပါသည်။ လုပ်ငန်းရှင်တစ်ဦးဖြစ်သည်နှင့်အညီ 'ရဲရဲ' ပုံစံက ရဲရင့်ကာ သွက်လက်ဖျတ်လတ်နေပါသည်။

အသားရောင် ပျော့ပျော့အိအိ ဝတ်စုံလေးကို စမတ်ကျကျဝတ်ကာ လေဒီရှူး အညိုရင့်ရောင်လေးဖြင့် ဆံပင်ကို ပိပြားနေအောင် ဖြီးကာ ပြင်သစ်ဆံထုံး ထုံးထားတဲ့ 'ရဲရဲ' ရဲ့ဟန်က ကိုယ့်ကိုကိုယ် ယုံကြည်မှု ပြည့်ဝနေသော မိန်းကလေးတစ်ယောက်ရဲ့ဟန်မျိုးပါ။

" 'စိုးခ' လာအားပေးတာလား"

" 'ရဲရဲ' ကို ကိုယ် ဘာကူညီရမလဲ လာကြည့်ပေးတာပါ... ရှိုးပွဲက နေ့လည်မှ စမှာ မဟုတ်လား"

"ဟုတ်တယ်... အန်တီတို့ကိုပါ 'ရဲရဲ' က ဖိတ်တယ်လို့ပြောပေးပါနော်"

" 'အန်တီဇာခြည်' ဖိတ်စာပေးထားလို့ မေမေတို့လည်းလာကြည့်ကြမှာပါ... ခု 'ရဲရဲ' တို့ ဘယ်သွားကြမလို့လဲ"

"ဝတ်စုံတွေ ဟိုတယ်ကို ပို့ဖို့ စီစဉ်နေတာပါ"

ဘေးတံခါးလျှောတိုက် ဖွင့်ရသော လိုက်အေ့စ်လို ကားအကြီးစားကြီးပေါ် ဝန်ထမ်းတွေက ဝတ်စုံတွေ တင်နေတာ တွေ့ရပါသည်။

မင်္ဂလာဝတ်စုံ အစီအစဉ်၊ မြန်မာဝတ်စုံ အစီအစဉ် အပြင်နွေရာသီဝတ်စုံတွေပါ ပြသမှာမို့ ဝတ်စုံအားလုံး တစ်ရာခန့်ရှိပါသည်။

ဆိုင်မှာ ချုပ်ပြီးသားကို 'ရဲရဲ' အိမ်မှာ ပြန်စီစစ်နေတာကြောင့် အိမ်က ပြန်သယ်နေရတာ ဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



'စိုးခ' 'ရဲရဲ' ကို စိုက်ကြည့်ကာ တိုးတိုး ပြောလိုက်မိပါသည်။

" 'ရဲရဲ' ဘဝက settle ဖြစ်သွားပြီနော်..."

"ဒီလိုပါပဲ... ကြိုးစားနေရတုန်းပါပဲ"

"ကိုယ့်အမြင်တော့ 'ရဲရဲ' ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေနိုင်ပြီပဲ... ကိုယ်သာ ကိုယ့်ဘဝကို ခုချိန်ထိ မစနိုင်သေးတာ..."

"မစနိုင်သေးပေမယ့် စဖို့တော့ 'စိုးခ' စီစဉ်နေတယ် မဟုတ်လား"

'စိုးခ' က ခေါင်းညိတ်ပါသည်။

"ကိုယ် တိုးရ် ကုမ္ပဏီတစ်ခု ထောင်မလားလို့... ဟိုမှာလဲ အဆက်အသွယ်တွေ လုပ်လာခဲ့တယ်..."

"ကောင်းပါတယ်... မြန်မာနိုင်ငံကို မရောက်ဘူးသေးတဲ့ နိုင်ငံခြားသား ခရီးသည်တွေ အများကြီးရှိသေးတာပဲ... ပုဂံတို့ အင်းလေးတို့ဆို တိုးရ်တွေ အရမ်းကို သဘောကျမှာ"

"သူများတွေက ကိုယ့်ထက် စောလုပ်နေကြတာဆိုတော့ ကိုယ်မှာ နောက်ကျနေမလားလို့"

"အဲ့ဒီတော့လည်း တခြားခရီးစဉ်တွေ စီစဉ်ပေးလို့ ရသားပဲ 'စိုးခ' ရယ်... ဥပမာ မြန်မာနိုင်ငံ မြောက်ဘက်ဖျားက နှင်းတောင်တွေဘက်... တောင်ဘက်ဖျားက ဆလုံကျွန်းစုဘက်... မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ အရင်းအမြစ်တွေ အများကြီး ရှိပါတယ် 'စိုးခ' ရယ်...

ရောဝတီ ခရီးစဉ်ဆိုပြီး မြစ်ကြောင်းတလျှောက် ဆန်ချည် ဆန်ချည် လုပ်လို့လဲ ရပါတယ်... ဒယ်ဒီတို့ဘက်က အကူအညီ လိုလဲ ပြောလေ... ဟိုက တိုးရ်တွေဒီကို လာချင်တာတွေ အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီးပဲ"

စိတ်အားထက်သန်စွာ ပြောနေသော 'ရဲရဲ' ကို ကြည့်ကာ ကိုယ့်ကိုကိုယ် ယုံကြည်ချက်မရှိသလို ဖြစ်နေသော 'စိုးခ' ရှက်သွားမိပါသည်။

သူ 'ရဲရဲ' လို ထက်မြက်သွက်လက်သော မိန်းကလေးကို ဘာလို့များ လက်တွဲဖြုတ်မိရတာပါလိမ့်။

နောင်တရသလို အကြည့်ဖြင့် အကြည့် 'ရဲရဲ' က သူမလက်တွင် ပတ်ထားသော နာရီလေးကို ငုံကြည့်ကာ 'စိုးခ' ကို လှမ်းပြောလိုက်သည်။

" 'ရဲရဲ' စီစဉ်စရာတွေ ရှိသေးလို့ သွားအုံးမယ်နော် 'စိုးခ'... လိုအပ်တာတွေ ရှိလဲ 'ရဲရဲ' ကို ပြောလေ"

"ကိုယ် ရှိုးပွဲကိုပဲ လာခဲ့တော့မယ်"

'ရဲရဲ' ခေါင်းညိတ်ကာ သူမရဲ့ ကားလေးကို ဦးဆောင်ကာ မောင်းထွက်လာခဲ့လိုက်ပါသည်။

နောက်ကြည့်မှန်ထဲမှာ မချိသလို ပြုံးကျန်နေခဲ့သော 'စိုးခ' ရဲ့ ပုံရိပ်ထင်နေပေမယ့် 'ရဲရဲ' 'စိုးခ' ကို နှစ်သိမ့်ဖို့ အချိန်မရှိတော့ပါ။

'ရဲရဲ' လျှောက်သောလမ်းက ဆက်မလျှောက်လို့ မဖြစ်သောလမ်းဖြစ်သလို ဒီလမ်းက 'ရဲရဲ' ကိုယ်တိုင် ရွေးချယ်ခဲ့သောလမ်းမို့ 'ရဲရဲ' လျှောက်ကို လျှောက်ရမှာ အသေအချာပါ။

ကျင်းပမည့် ဟိုတယ်ကိုအရောက် မော်ဒယ်လ်တွေ အလုပ်ဖြင့်နေကြတာ တွေ့ရပါသည်။

အစီအစဉ်အရ ဝတ်ရမယ့် အဝတ်အစားတွေ စီစဉ်ပြီး ဇာတ်ခုံဘက် ပြေးရပြန်သည်။

မီးအခြေအနေ ပရိသတ်တွေ ထိုင်မယ့် ထိုင်ခုံအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com


အားလုံးကိုကြည့်ပြီး ခုံလွတ်တစ်လုံးမှာ မောပန်းစွာဝင်အထိုင် တစ် ရှူးပေးလာသော လက်တစ်ဖက်ကြောင့် မော့အကြည့်...

" 'ကိုဒေး' ..."

'ရဲရဲ' ဝမ်းသာ ကြည်နူးစွာ အော်လိုက်မိပါသည်။

"ဘယ်တုန်းက ရောက်နေတာလဲ..."

" 'ရဲရဲ' တို့ ကား ဝင်မလာခင်တည်းက ကိုယ်ရောက်နေတာ"

"ဒါဆို 'ရဲရဲ' ဟိုပြေးဒီပြေး ရှုပ်ယှက်ခတ်နေတာကို 'ကိုဒေး' တွေ့မှာပေါ့နော်"

'ကိုဒေး' ကပြုံးကာ ခေါင်းညိတ်နေသည်။ စိတ်ထဲမှာလည်း 'ရဲရဲ' ရဲ့ ကြိုးစားမှုကို အသိအမှတ် ပြုနေမိပါသည်။

သူတောင် ယောကျ်ားလေးဖြစ်ပါလျှက် 'ရဲရဲ' လောက်မကြိုးစားခဲ့တာကို နောင်တ ရနေမိလေသည်။

"ပွဲက ဘယ်အချိန် စမှာလဲ..."

"တစ်နာရီမှ စမှာ... 'ကိုဒေး' အစောကြီး ကြိုရောက်နေတော့ ပျင်းနေမှာပေါ့"

"မပျင်းပါဘူး... 'ရဲရဲ' ရှိနေတာပဲ"

'ရဲရဲ' ရင်မှာ ကြည်နူးသလို ခံစားလိုက်ရပါသည်။

"ဒါပေမဲ့ 'ရဲရဲ' က 'ကိုဒေး' နားမှာ နေနိုင်မှာ မဟုတ်ဘူး"

"ကိုယ် နားလည်ပါတယ်... 'ရဲရဲ' လုပ်စရာ ရှိတာသာလုပ်ပါ... ကိုယ့်ကို အားနာစရာ မရှိဘူး..."

ထိုအချိန် 'ရဲရဲ' ကို မော်ဒယ်အေဂျင်စီမှ မမ က လာခေါ်နေတာကြောင့် 'ရဲရဲ' 'ကိုဒေး' အနားမှ ထလာခဲ့ရပါသည်။ 'စိုးခ' ကို တွေ့ရတာထက် 'ကိုဒေး' ကို တွေ့ရတာ 'ရဲရဲ' ပိုလို့ ပျော်မိပါသည်။

'ကိုဒေး' အကြောင်းစဉ်းစားမိမှ 'ရဲရဲ' ရဲ့ ပွဲအပြီးက 'ကိုဒေး'


www.burmeseclassic.com

www.burmeseclassic.com



ကို ဓါတ်ပုံနဲ့ မှတ်တမ်းတင်ပေးဖို့ မပြောမိတာ သတိရမိသည်။

ဗီဒီယိုသမားကို ခေါ်ပြီးသားမို့ ဓါတ်ပုံသမားလည်း ပါမယ် ဆိုတာ သိပေမယ့် 'ရဲရဲ' ရဲ့ ပုံတွေကို 'ကိုဒေး' ကိုပဲ မှတ်တမ်းတင် စေချင်ပါသည်။

မအားတဲ့ကြားကမှ 'ကိုဒေး' ဆီကို ပြန်လာကာ ဓါတ်ပုံရိုက် ပေးဖို့အပြော 'ကိုဒေး' က သူ့ဘေးကခုံတွင် ချထားသော ရိုက် လက်စ ကင်မရာကို မပြ၍ ကျေနပ်ပျော်ရွှင် သွားမိပါသည်။

'ရဲရဲ' လိုအပ်တိုင်း 'ကိုဒေး' က 'ရဲရဲ' ဘေးနားမှာ အမြဲရှိနေ ပြီး 'ရဲရဲ' ရဲ့ အလိုကို ဘာလို့များ ဒီလောက်တောင် သိနေရတာ လဲ။

ကြည်နူးစိတ်လေးဖြင့် 'ကိုဒေး' ကို ပြုံးပြပြီး သည်ဘက်ကို အလှည့်...

"'စိုး... ခ"

'စိုးခ' က သူ့မိဘတွေနဲ့အတူ ရောက်လာကာ 'ရဲရဲ' ပြုံးပြ ရာကို လှမ်းကြည့်နေပါသည်။ 'ကိုဒေး' ကိုတွေ့သွားတော့ မျက်နှာ ပျက်သွားပြီး ချက်ချင်းလို ပြန်ပြုံးကာ သူ့မိဘတွေနဲ့ မိတ်ဆက် ပေးပါသည်။

"မေမေတို့ကလည်း 'ရဲရဲ' ရဲ့ ပွဲကို ကြည့်ချင်လို့ လိုက်လာ ခဲ့ကြတာ"

"ဩော် ထိုင်ပါ အန်တီ... ဖွားဖွားတို့လည်း ထိုင်[illegible]ပါ နော်"

ဟိုး အရင်တုန်းက သူတို့ ကြည့်မရခဲ့သော ကောင်မလေး က ဒီနေ့လို ဖက်ရှင်ရှိုးပွဲကြီး တစ်ပွဲ၏ ပိုင်ရှင်အဖြစ် တွေ့ရ[illegible] မယ်လို့ သူတို့ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ပါ။

ခုတော့ သူတို့ အထင်မကြီး၊ အရေးမထားခဲ့သော မိန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com


လေးက သူတို့ကို ညွှန်ခံကာ နေရာချထား ပေးရပါပြီ။

'ရဲရဲ' ရဲ့ တပည့်မလေးတစ်ယောက်က လာသမျှ ဧည့်သည်တိုင်းကို ရှိုးပွဲအမှတ်တရ ကီးချိန်းလေးတွေ လိုက်လံဝေငှနေပါသည်။ ကီးချိန်းလေး၏ အမှတ်တံဆိပ်က 'ရဲရဲ' ရဲ့ အပြုံးမျက်နှာလေး နောက်ခံပါသော 'Lady First' ဆိုသည့် စာတမ်းလေးပါ။

ခါးလေးညွှတ်ကာ သူတို့ကို ပြုံးပြနေသော မိန်းကလေးကို ကြည့်ကာ သား 'စိုးခ' အတွက် သူတို့ဘယ်လိုမှ လက်လွှတ်မခံချင်တော့ပါ။

"သမီးလေး ရှိုးပွဲလုပ်မယ်ကြားတည်းက အန်တီတို့က လာချင်နေကြတာ... ဒီလောက် ကြီးကျယ်မယ်မှန်းလဲ အန်တီတို့ မသိဘူးလေ"

"ဟုတ်ကဲ့ 'ရဲရဲ' လည်း လုပ်ရင်း လုပ်ရင်းနဲ့ကို ပွဲက မထင်မှတ်ဘဲ ကြီးသွားခဲ့တာ"

အခြားဧည့်သည်တွေလည်း ရောက်လာပြီမို့...

"ထိုင်ကြပါအုံးနော်... 'ရဲရဲ' ဟိုဘက်မှာ သွားဧည့်ခံလိုက်ပါအုံးမယ်"

"သွား သွား ... သမီးလုပ်စရာရှိတာ လုပ်ပါ... အန်တီတို့ ညကျမှ အေးအေးဆေးဆေး သမီးတို့အိမ်ကို လာခဲ့ပါအုံးမယ်"

'ရဲရဲ' သူတို့နားက ထွက်သာလာခဲ့ပေမယ့် ရင်ထဲမှာတော့ လေးလံသွားခဲ့ရပါသည်။ သူတို့ ဘာလာလုပ်ကြမှာလဲ။

'စိုးခ' နဲ့ ကိစ္စကို လာပြောကြမှာလား။ 'ရဲရဲ' ဘယ်လိုအဖြေပေးရမလဲ။ ရင်ထဲမှာ အရင်တုန်းကလို ပူနွေးမလာတာ အမှန်ပါ။


www.burmeseclassic.com

www.burmeseclassic.com



△ ၂၂ □

စီစဉ်ထားတဲ့အတိုင်း နေ့လည် တစ်နာရီတိတိတွင် ရှိုးပွဲကို ကျင်းပဖြစ်ပါသည်။

ဖိတ်ကြားထားသော သူတွေ၊ မဖိတ်ကြားပေမယ့်လည်း 'ရဲရဲ' ရဲ့ အဝတ်ဒီဇိုင်းတွေကို လေ့လာချင်၍ ရောက်လာသော ဧည့်ပရိသတ်တွေဖြင့် ခမ်းမကြီးတစ်ခုလုံး ပြည့်ကြပ်သွားခဲ့ရပါသည်။

ပထမဦးစွာ အစီအစဉ်မှူးက အခမ်းအနား အစီအစဉ်များကို ဖတ်ကြားပြီးတဲ့နောက် ပွဲစီစဉ်သူ 'ရဲရဲ' ၏ အဖွင့်အမှာစကားကို ပြောကြားရပါသည်။

တစ်သက်နဲ့တစ်ကိုယ် ဒီလောက် စည်စည်ကားကား ပွဲကြီး တစ်ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်လိမ့်မည်ဟု ထင်မထား မိတာကြောင့် 'ရဲရဲ' ရင်တွေ ခုန်နေမိတာ အမှန်ပါ။

စတိတ်ပေါ်ရောက်တော့ 'ရဲရဲ' ခြေဖျားလက်ဖျားတွေ အေး စက်ပြီး တုန်လှုပ်နေချိန် 'ရဲရဲ' ရှေ့ကို 'ကိုဒေး' ရောက်လာကာ ကင်မရာ ထိုးချိန်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


'ကိုဒေး' မျက်နှာကို မြင်လိုက်ရချိန်မှာတော့ 'ရဲရဲ' သတ္တိတွေ အလိုလိုရှိသလို ခံစားလိုက်ရကာ၊ ကြိုတင် ရေးထားတဲ့အတိုင်း 'ရဲရဲ' အဖွင့်အမှာစကားကို အောင်အောင်မြင်မြင် ပြောကြားနိုင်ခဲ့ပါသည်။

သည့်နောက်ပိုင်း အစီအစဉ်တွေ တစ်ခုပြီးတစ်ခု ဆက်တိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ အားလုံး တစ်ခဲနက် ထောက်ခံမှုကို ရရှိပြီးချိန်မှာတော့ 'ရဲရဲ' ဟန်မဆောင် နိုင်တော့ပါ။

ရှိုက်ကြီးတငင်ပင် ငိုကြွေးလိုက်မိပါသည်။

'ရဲရဲ' ရဲ့ ဝမ်းပမ်းတသာ ငိုကြွေးနေမှုတွေကို ဆက်တိုက် မှတ်တမ်းတင်ပေးနေသူက 'ကိုဒေး' ပါ။

ဧည့်ပရိသတ်များ အားလုံးက 'ရဲရဲ' ကို ဝမ်းသာအားရ လာ နှုတ်ဆက်ကြလေ 'ရဲရဲ' ပို မျက်ရည်ကျရလေပါ။

'ရဲရဲ' အဖြစ်ကိုကြည့်ကာ 'စိုးခ' ကလည်း နှစ်သိမ့်ပါသည်။

"congratulation 'ရဲရဲ'... 'ရဲရဲ' ရဲ့ ပွဲအောင်မြင်ပါတယ်... ရှေ့ကိုဆက်ပြီး ဒီထက် ပိုအောင်မြင်ပါစေလို့ ဆုတောင်းပေးပါ တယ်..."

"thank yor 'စိုးခ'... ခုလို လာပြီး အားပေးချီးမြှင့်ပေးတဲ့ အတွက်လည်း 'ရဲရဲ' ဝမ်းသာပါတယ်... အန်တီတို့ကိုလည်း ကျေး ဇူးတင်ပါတယ်"

"မဟုတ်တာ သမီးရယ်... အန်တီတို့ လာကိုလာရမှာပေါ့... အန်တီတို့ သမီးလေးတို့ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ပြော စရာမလိုအောင် ခင်မင်ရင်းနှီးနေကြတဲ့ သူတွေပဲ... 'ဓာခြည်' ဆို တာလည်း အန်တီတို့နဲ့ ဆွေလိုမျိုးလို ခင်နေခဲ့ပြီလေ"

'အန်တီဓာခြည်' ပါ, အနားရောက်လာ၍...

"အိမ်ကိုလည်း သီးသန့်လာခဲ့ပါအုံးမယ်... သမီးလေးတို့


www.burmeseclassic.com

www.burmeseclassic.com


အားတဲ့အချိန်ပေါ့ . . ."

" 'စာခြည်' က အားပါတယ်... 'ရဲရဲ' ပဲ အလုပ်များတာ"

"ဘယ်လောက်ပဲ အလုပ်များများ ညဘက်တော့ 'ရဲရဲ' ရှိမှာ ပါ... ဟုတ်တယ် မဟုတ်လား"

'ရဲရဲ' မကောင်းတတ်၍ ခေါင်းညိတ်လိုက်ရပါသည်။ 'စိုးခ' က 'ရဲရဲ' မျက်နှာကို စိုက်ကြည့်နေပါသည်။ 'စိုးခ' ရဲ့ အကြည့်ကို 'ရဲရဲ' က သိပေမယ့် ထိုအကြည့်မှာ 'ရဲရဲ' မသာယာတော့ပါ။

"ဒါဆို အန်တီတို့ သွားတော့မယ်နော်"

'စိုးခ' က ကားနားအထိ 'ရဲရဲ' ကို လိုက်ပို့စေချင်ပေမယ့် 'ရဲရဲ' မလိုက်တော့ဘဲ တခြားစည့်သည်တွေကို နှုတ်ဆက်နေလိုက်မိပါသည်။

'အန်တီစာခြည်' ပဲ 'စိုးခ' တို့ကို ကားနားအထိ လိုက်ပို့ပေးပါသည်။

မော်ဒယ်အေဂျင်စီမှ ပြန်အပ်သော အဝတ်အစားတွေကို စာရင်းဇယားနှင့် ချိန်ကိုက်ကာ 'ရဲရဲ' လက်ခံနေဆဲ 'ကိုဒေး' 'ရဲရဲ' အပေါ်ကို ရောက်လာခဲ့ပါသည်။

"ညဘက် 'ရဲရဲ' ဘာအစီအစဉ် ရှိသေးလဲ"

"ဘာဖြစ်လို့လဲ 'ကိုဒေး'..."

"ပင်ပန်းနေတဲ့ 'ရဲရဲ' ကို 'ကိုဒေး' က တစ်ခုခု လုပ်ကျွေးမလို့လား"

" 'ကိုဒေး' က ဘာလုပ်တတ်လို့လဲ"

"တစ်ယောက်တည်း နေလာတာ ကြာပြီပဲ 'ရဲရဲ' ရယ်... အနည်းဆုံး ကြက်သားတော့ ကြော်တတ်ပါတယ်"

"ဘာလဲ... Tokyo Fried Chicken လိုလား..."

"အင်း ကြက်သားကို တင်ပူရာအမှုန့်နဲ့ လူးပြီးကြော်တာ


www.burmeseclassic.com

www.burmeseclassic.com



မျိုးလေ... ပုဆိုးလည်း ဝယ်ထားလိုက်မယ်"

"ပင်ပန်းပါတယ် 'ကိုဒေး' ရယ်... 'ရဲရဲ' ပဲ အပြင်က စားစရာ တစ်ခုခု ဝယ်လာခဲ့ပါ့မယ်"

"ဟင့်အင်း... 'ကိုဒေး' ကိုယ်တိုင် လုပ်ကျွေးချင်လို့"

"ဒါဆိုလည်း သဘောပဲ... 'ရဲရဲ' နည်းနည်းမိုးချုပ်မှ ရောက်မှာနော်... ဒီကအပြန် ဆိုင်ကို ဝင်ရအုံးမှာမို့လို့..."

"အိုကေ.... 'ကိုဒေး' စောင့်နေလိုက်မယ်..., ဓါတ်ပုံတွေက တစ်ရက်နှစ်ရက်မှ ယူမှာ မဟုတ်လား... "

"ရတယ် အေးဆေးပဲ ... အခွေကိုပဲ ဒယ်ဒီ့ဆီ ပို့မှာမို့လို့ လောရမှာ"

'ကိုဒေး' ပြန်သွားပြီးနောက် 'ရဲရဲ' လည်း ဆိုင်ကိုပြန်လာခဲ့ ရပါသည်။

ပွဲစီစဉ်ပြီးသွားတဲ့နောက် 'ရဲရဲ' ရဲ့ Brand က အောင်မြင် သွားပြီမို့ 'ရဲရဲ' ပိုကြိုးစား ထုတ်လုပ်ဖို့ပဲ လိုပါတော့သည်။

ခန်းမကျယ်နှစ်ခန်းအနက် တစ်ခန်းကို မင်္ဂလာဝတ်စုံတွေပဲ သီးသန့်ထားကာ ကျန်တစ်ခန်းကို ထသွားထလာ ဝတ်စုံတွေ ရောင်းချမည့် အခန်းအဖြစ် စီစဉ်လိုက်သည်။

မဂ္ဂဇင်း အစောင်,စောင်နှင့် ဂျာနယ်အစောင်,စောင် တို့တွင် လည်း ကြော်ငြာထည့်ဖို့ စီစဉ်ရပြန်သည်။

အားလုံးပြီး၍ 'ရဲရဲ' အိမ်ကို ပြန်ရောက်လာတော့ ခုနစ်နာရီ ထိုးနေပါပြီ။

"ဘယ်တွေသွားလို့ ဒီလောက် ကြာနေရတာလည်း 'ရဲရဲ' ရယ်..."

"ကြော်ငြာထည့်ဖို့ အလုပ်ရှုပ်နေလို့ပါ... ဘာဖြစ်လို့လဲ 'အန်တီဇာခြည်'..."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်အိမ်က တစ်ချိန်လုံး ဖုန်းဆက်နေတာ... သမီးကို ထမင်းဖိတ်ကျွေးချင်လို့တဲ့... သမီးရောက်တာနဲ့ ပြန်ဆက်ပါတဲ့"

" 'ရဲရဲ' နားချင်သေးတယ် အန်တီ"

'ရဲရဲ' အပေါ်ထပ်ကို တက်အလာ 'အန်တီဇာခြည်' နောက်က လိုက်တက်လာပါသည်။

" 'ရဲရဲ' ... သမီး 'စိုးခ' ကို ချစ်ခဲ့တယ် မဟုတ်လား"

'ရဲရဲ' အမှန်အတိုင်း ခေါင်းညိတ်ကာ ဝန်ခံလိုက်မိပါသည်။

"ဒါဆို သမီး ဘာလို့ သွေးအေးသွားရတာလဲ... ခုချိန်မှာ သူ့အိမ်က လူကြီးတွေကအစ သမီးကို အရမ်းလိုလားနေတာ"

'အန်တီဇာခြည်' ပြောနေဆဲ ဖုန်းမြည်လာတာမို့ 'ရဲရဲ' စိတ်ပျက်သွားရပါသည်။

" 'မောင်စိုးခ' ဆို ဘယ်လိုလုပ်မလဲ"

" 'ရဲရဲ' ရေချိုးနေတယ်လို့ ပြောပေးပါ 'အန်တီဇာခြည်' ရယ်... မပြောချင်သေးဘူး... ပင်လည်း ပင်ပန်းနေတယ်"

"ဖုန်းလေး ပြောတာပဲ 'ရဲရဲ' ရယ်... ဘာ ပင်ပန်းလို့လဲ"

" 'ရဲရဲ' ပြောကို မပြောချင်လို့ပါ"

'ရဲရဲ' တောင်းပန်လွန်းမက တောင်းပန်မှ 'အန်တီဇာခြည်' က ဖုန်းကိုကိုင်ကာ 'ရဲရဲ' ရေချိုးနေတဲ့အကြောင်း ပြောပြနေသည်။

'ရဲရဲ' စိတ်ပင်ပန်းစွာ အိပ်ယာထဲ လှဲအိပ်လိုက်မိပါသည်။ ခုချိန်မှာ 'ရဲရဲ' တစ်ယောက်တည်းပဲ နေချင်သည်။

'အန်တီဇာခြည်' က ဖုန်းမပြောတဲ့ 'ရဲရဲ' ကို လုံးဝမကျေနပ်ပါ။

"အစတုန်းက သူပဲ သဲသဲလှုပ်ခဲ့ပြီး အခု ဘာဖြစ်သွားရပြန်တာလဲ... 'ရဲရဲ' နော်... 'အန်တီဇာခြည်' မျက်နှာ မပျက်ချင်ဘူး... သမီး 'စိုးခ' ကို အရမ်းချစ်နေမှန်းသိလို့ အန်တီ သူတို့ကိုအောက်



www.burmeseclassic.com

www.burmeseclassic.com


ကျခံပြီး ဝင်ရောခဲ့တာ... ခု အခြေအနေ ပြေလည်လာပြီဆိုမှ အင်ဖို့ စဉ်းစားမနေနဲ့... 'စိုးခ' နဲ့ ကိစ္စကို ကိုကို တောင် သိပြီးပြီ"

"ဟင်... ဒယ်ဒီက ဘယ်လိုသိတာလဲ"

" 'အန်တီဇာခြည်' ပဲ ပြောပြလိုက်တာပေါ့... ကိုကိုတို့ ရှေ့လ ရောက်လာလိမ့်မယ်"

"ဟာ... 'အန်တီဇာခြည်' က ဘာတွေလျှောက်လုပ်နေတာလဲ... 'ရဲရဲ' ကိုယ်ရေးကိုယ်တာကိစ္စ 'ရဲရဲ' ကိုလည်း တိုင်ပင်အုံးမှပေါ့"

"ဘာ တိုင်ပင်စရာလိုလို့လဲ... 'ရဲရဲ' 'စိုးခ' ကို ချစ်လွန်းလို့ ဒီတိုက်နဲ့ဒီခြံကြီးကို ဝယ်ခိုင်းခဲ့တာ မဟုတ်ဘူးလား"

"အရင်တုံးက ဟုတ်ပါတယ်... အခု"

"ဘာလဲ... 'စိုးခ' ကို စိတ်နာနေတာလား"

'ရဲရဲ' ဘာပြောရမှန်းမသိပါ။

" 'စိုးခ' ကိုယ်တိုင်လည်း မိဘစကားကို နားထောင်ပြီး လိုက်လျောခဲ့ရတာပဲ... အခု မင်္ဂလာပွဲပျက်သွားတော့ 'စိုးခ' သဘောဖြစ်သွားပြီး... သမီးဘာမှ ငြင်းဖို့မစဉ်းစားနဲ့တော့... မနက်ဖြန် ဆယ်နာရီခွဲ ထမင်းစားပွဲလာမယ်လို့ 'အန်တီဇာခြည်' ချိန်းလိုက်တော့မယ်"

"လုပ်ချင်တာသာ လုပ်တော့ 'အန်တီဇာခြည်' ရေ..."

'ရဲရဲ' ပြောချင်တာပြောပြီး ရေချိုးခန်းထဲဝင်လာခဲ့လိုက်ပါသည်။ ရေချိုးခန်းထဲ အကြာကြီးရေချိုးပြီးမှ အပြင်ထွက်လာကာ အဝတ်အစားလဲပြီး 'ကိုဒေး' ဆီ ထွက်လာခဲ့လိုက်ပါသည်။

ဒီအကြောင်းတွေ 'ကိုဒေး' ကို ဘယ်လိုပြောရမှာပါလိမ့်။

အရင်က 'စိုးခ' နဲ့ ပါတ်သက်လျှင် သဲသဲလှုပ်မျှ ခံစားခဲ့ရသော 'ရဲရဲ' နှလုံးသားတွေ ထူးဆန်းစွာ ငြိမ်သက်နေတာကလည်း


www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာပါ။

'ရဲရဲ' ကိုယ်ကိုယ်တိုင်လည်း နားမလည်တော့အောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၃

'ကိုဒေး' ဆီရောက်တော့ ပိုလို့ အံ့ဩရပါသည်။

ခါတိုင်း 'ရဲရဲ' နဲ့တွေ့လျှင် ရွှင်လန်းတက်ကြွနေတတ်တဲ့ 'ကိုဒေး' က သည်တစ်ခါတော့ ကြက်ကြီး လည်လိမ်ထားသလို ငိုင်တွေနေပါသည်။

" 'ကိုဒေး' ဘာဖြစ်နေတာလဲ"

"စောစောကပဲ မေမေတို့ ပြန်သွားကြတာ... 'ဖွေး' မေမေ့ သူငယ်ချင်းရဲ့ သမီးတဲ့... မေမေတို့ 'ဖွေး' တို့အိမ် သွားလည်ရင်း သိလာခဲ့တာ"

"ဒါဆို 'ကိုဒေး' ဝမ်းသာရမှာ မဟုတ်ဘူးလား... 'ဖွေး' နဲ့ နီးရတော့မှာလေ"

'ရဲရဲ' ပြောမှ ကျွန်တော် ဝမ်းမသာနိုင်တာကို သတိထားမိပါသည်။

သားတို့ချင်း ရင်းနှီးနေပြီဆိုတော့လည်း ရှေ့လထဲမှာ အ



www.burmeseclassic.com

www.burmeseclassic.com



မြန်ဆုံးပဲ စီစဉ်လိုက်ကြတာပေါ့တဲ့'

မေမေ ပြောသွားတဲ့ စကားဖြစ်ပါသည်။ မေမေရောက်မလာခင်တုန်းက 'ရဲရဲ' ရောက်လာလျှင် ကြော်စားမည့် အစီအစဉ်ဖြင့် အောင်းထားတဲ့ ကြက်တွေကော၊ ပုဇွန်တွေပါ ရေခဲသေတ္တာထဲက မထုတ်ရသေးပါ။

သည်အတိုင်းစားဖို့ ရေခဲသေတ္တာထဲက ထုတ်ထားတဲ့ ဆလပ်ရွက်တွေ၊ ကြက်သွန်မိတ်တွေလည်း ရေပင် မဆေးရသေးပါ။

ဒီအတိုင်းကြီးကို ထိုင်ကာ ဘာလုပ်ရမှန်းမသိ။ 'ဖွေး' ကို အရင်က ချစ်ခဲ့တာ မှန်သော်လည်း ခုချိန်မှာ 'ဖွေး' နဲ့ ပတ်သက်လျှင် 'ဂျော်ဒေးယျ' နှလုံးသားတွေ မလှုပ်ရှားတော့ပါ။

ဖြစ်နိုင်လျှင် မေမေတို့ နောက်ကို ပြေးလိုက်ကာ အလောတကြီး မစီစဉ်ဖို့ ကျွန်တော်တားမြစ်ချင်ပါသည်။

ကျွန်တော့်ဘက်က ကျွန်တော့်အတွေးဖြင့် ကျွန်တော်ငြိမ်သက်နေရချိန် 'ရဲရဲ' ဘက်ကလည်း ငြိမ်သက်စွာ ထိုင်နေမိပါသည်။

ရေစိုပြီးစ ဆံပင်ဖွာဖွာလေးဖြင့် 'ရဲရဲ' မျက်နှာက ဘာမှ လိမ်းခြယ်မထားပါ။ အဝတ်အစားကလည်း အရင်တုန်းကလို စမတ်ကျကျ အဝတ်အစားမျိုး ဝတ်မလာပါ။

ပြီးစလွယ် ဆွဲဝတ်လာတဲ့ 'ဂျော်ဒါးနီး' အဝါရောင်တီရှပ် ခါးတိုလေးနဲ့ အနက်ရောင် ဘောင်းဘီရှည်ပွပွလေးကို ဝတ်လာကာ ကုလားထိုင်တစ်လုံးပေါ် ဒူးလေးပိုက်ကာ ထိုင်နေပါသည်။

'ရဲရဲ' ရဲ့မျက်နှာတွင် ရွှင်လန်းရိပ်ကို လုံးဝမတွေ့။ ဘာလဲ ဒီနေ့ အရမ်းပင်ပမ်းသွားလို့လား။

'ရဲရဲ' ပင်ပမ်းလာတယ်ဆိုမှ သူကလည်း 'ရဲရဲ' အတွက် ဘာမှ အဆင်သင့် လုပ်မထားနိုင်တာကြောင့် နေရာမှအထ…

"ဘာမှ မလုပ်နဲ့ 'ကိုဒေး' … 'ရဲရဲ' တို့ အပြင်ထွက်စားကြ



www.burmeseclassic.com

www.burmeseclassic.com


ရင် မကောင်းဘူးလား"

"ဘယ်သွားကြမလဲ... YKKO မှာ ကြေးအိုးပြုတ်သွား သောက်မလား... ကြက်ကင်လည်း ရှိတယ်"

"'ကိုဒေး' သဘောပဲ... ဒီနေ့ 'ရဲရဲ' ကား မမောင်းချင်ဘူး"

"ရတယ် 'ကိုဒေး' မောင်းမယ်"

"'ကိုဒေး' ကော ဖြစ်ရဲ့လား"

"ဘာဖြစ်လို့ မေးတာလဲ"

"စိတ်ညစ် နေသလားလို့ပါ"

"စိတ်ညစ်ရုံနဲ့တော့ ကားကို လယ်ထဲထိုးဆင်းအောင် မလုပ်တတ်ပါဘူး"

"'ကိုဒေး' နော်..."

'ရဲရဲ' 'ကိုဒေး' ကို ထုရိုက်လိုက်မိပါသည်။ ထုရင်း ရိုက်ရင်းမှလည်း မျက်ရည်ဝဲလာ မိပြန်သည်။

"စိတ်ညစ်လာပြန်ပြီ မဟုတ်လား... ပြောလေ 'ကိုဒေး' ဘာကူညီရမလဲ"

သည်လိုဆိုတော့လည်း ရယ်ချင်မိသည်။ 'ကိုဒေး' ကိုယ်တိုင်လည်း စိတ်ညစ်နေတာပဲ မဟုတ်လား။

သူတို့နှစ်ယောက် အဖြစ်က ဘာလို့များ ဒီလောက်တောင် တိုက်ဆိုင် နေရတာပါလိမ့်။

"ရေ့လထဲမှာ ဒယ်ဒီ ရောက်လာမယ်... 'စိုးခ' နဲ့ လက်ထပ်ရတော့မယ်တဲ့"

"ပျော်စရာ မဟုတ်ဘူးလား... 'ရဲရဲ' မပျော်ဘူးလား"

အရင်တစ်ခါ 'စိုးခ' က ပစ်သွား၍ 'ရဲရဲ' သေသောက်အောင် ခံစားခဲ့ဘူးပါသည်။ ခုတစ်ခါ 'စိုးခ' နဲ့ပေါင်းရမှာ။ 'ရဲရဲ' ပျော်ရမှာပေါ့။


www.burmeseclassic.com

www.burmeseclassic.com



'ရဲရဲ' ကိုကြည့်လိုက်တော့ 'ရဲရဲ' မျက်နှာက ပုပ်နေသည်။

"'ရဲရဲ' မပျော်ပါဘူး"

"ဘာလဲ... 'ဖွေး' လက်ထပ်လိုက်လို့ 'ရဲရဲ' 'စိုးခ' ကို စိတ်ကောက်နေတာလား"

"မဟုတ်ပါဘူး... 'ရဲရဲ' Feeling ကို မလာတာ... 'ရဲရဲ' ကိုသာ မေးနေတယ်... 'ကိုဒေး' ကလည်း 'ဖွေး' နဲ့ လက်ထပ်ရမှာပဲ မဟုတ်လား... ဘာလို့ မလှုပ်တလှုပ် ဖြစ်နေတာလဲ... ဘာလဲ... 'စိုးခ' နဲ့ လက်ထပ်လိုက်လို့ 'ဖွေး' ကို စိတ်ကောက်နေတာလား"

"မဆိုင်ပါဘူး... ကိုယ့်စိတ်ထဲမှာကို ဖီးလ် မလာတာ"

နှစ်ယောက်လုံး ကြက်ကင်ကိုသာ ထိုင်စားနေကြပေမယ့် စိတ်တွေက အဝေးကို ပျံ့လွင့်နေကြပါသည်။ ဖြစ်နိုင်လျှင် နောက်လဆိုတာကြီးကို ဖယ်ထုတ်ပစ်ချင်ကြသည်။

ဒါမှ 'စိုးခ' လည်း သူ့ဖာသာသူနေ၊ 'ရဲရဲ' လည်း ကိုယ့်ဖာသာကိုယ်နေနိုင်မည်။

'ကိုဒေး' နဲ့ 'ဖွေး' လည်း 'ရဲရဲ' တို့လိုပဲပေါ့။

အတွေးဖြင့် 'ကိုဒေး' မျက်နှာကို အကြည့် 'ကိုဒေး' က 'ရဲရဲ' ကို မကြည့်ပါ။

"'ကိုဒေး' ဒီက ပြန်ရင် ဘာလုပ်မှာလဲ"

"ဓါတ်ပုံကူးမယ်... ညနေက ကိုယ့် သူငယ်ချင်းတစ်ယောက် ကိုးရီးယားက ဖုန်းဆက်တယ်... ဗီတိမျက်ရည်ပြိုင်ပွဲတဲ့ ကိုယ့်ကို ပြိုင်ပါလားလို့ ပြောတယ်"

"ပထမ ဓါတ်ပုံပြိုင်ပွဲကကော"

"ဆု မကြေငြာသေးဘူး... တစ်ရက်နှစ်ရက်နေရင် သိရမှာပါ"

"'ဖွေး' ပဲ ရမှာပါလေ"

"'ဖွေး' က တစ်မျိုးပဲပြိုင်တာ... 'ရဲရဲ' ကနှစ်မျိုးပြိုင်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



'ရဲရဲ' က ဟို chance များတယ်... ဒီ ပီတိမျက်ရည် ပြိုင်ပွဲမှာလည်း 'ရဲရဲ' ပုံနဲ့ပဲ ပြိုင်အုံးမှာ... နေ့လည်က 'ရဲရဲ' ဝမ်းသာလွန်းလို့ ငိုနေတဲ့ ပုံတွေ ကိုယ်အမိအရ ရိုက်ထားတယ်"

" 'ရဲရဲ' လိုက်ကြည့်လို့ ရမလားဟင်"

" 'ရဲရဲ' အိမ်က စိတ်ပူနေရင်ကော"

" 'ရဲရဲ' ဖုန်းဆက်ထားလိုက်မှာပေါ့"

ပြောရင်း 'ရဲရဲ' ဟာမ်းဖုန်းကိုထုတ်ကာ 'အန်တီစာခြည်' ကို ဖုန်းဆက်လိုက်ပါသည်။အလုပ်ကိစ္စဆိုတော့လည်း 'အန်တီစာခြည်' က ဘာမှ မပြောပါ။

သိပ်မိုးမချုပ်စေနဲ့ဟုသာ မှာကာ ဖုန်းချသွားခဲ့ပါသည်။

'ရဲရဲ' 'ကိုဒေး' နဲ့အတူ 'ကိုဒေး' ရဲ့ တိုက်ခန်းရှိရာကို လိုက်လာခဲ့လိုက်မိပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

ကိုယ်မကျွမ်းကျင်တဲ့ အလုပ်ဆိုတော့လည်း 'ကိုဒေး' လုပ်နေတာကို ထိုင်ကြည့်နေတာကလည်း အရသာပါ။

ဘာပဲပြောပြော အလုပ်,လုပ်ရတာ လက်ရှိခံစားနေရတဲ့ အခြေအနေတွေကို မေ့လျော့စေသည် မဟုတ်ပါလား။

'ကိုဒေး' ရိုက်ထားတဲ့ ဓါတ်ပုံဖလင် သုံးလိပ်ထဲကမှ နောက်ဆုံး ရိုက်ထားတဲ့ ဖလင်လိပ်ကို ကူးကာ 'ကိုဒေး' က ဆေးနေတာဖြစ်ပါသည်။

ဆေးပြီးတာတွေကို ကြိုးတန်းမှာ ချိတ်နှင့်ချိတ်ကာ အခြောက်ခံထားသည်။ ထိုပုံတွေမှာ 'ရဲရဲ' က ကြည့်ရတာ ဖြစ်ပါသည်။

'ကိုဒေး' ပြောသလို ဝမ်းသာလွန်း၍ ငိုနေတဲ့ ပုံတွေက တစ်ပုံကြီးပါ။ ထိုပုံတွေထဲကမှ 'ကိုဒေး' က သူ အနှစ်သက်ဆုံးပုံကို ရွေးထုတ်ကာ 'ရဲရဲ' ကို ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဒီပုံကို 'ရဲရဲ' ဘယ်လို သဘောရသလဲ..."

အပေါ်ပိုင်းတစ်ပိုင်းပုံ ဖြစ်ကာ ပြုံးနေတဲ့ကြားထဲ မျက်ရည်ကျနေပုံက အသက်ဝင်လှပါသည်။

"ကင်မရာ အယူအဆကော... မီးအလင်းအမှောင်ပါ 'ကိုဒေး' သဘောကျတယ်..."

"ဓါတ်ပုံ အယူအဆကို 'ရဲရဲ' မကျွမ်းဘူး... 'ကိုဒေး' အဆင်ပြေရင် လုပ်ပါ"

" ဒီပုံကို 'ရဲရဲ' အတွက်လည်း တစ်ပုံကူးပေးမယ်... 'ကိုဒေး' ရဲ့ လက်ဆောင်ပေါ့"

'ရဲရဲ' ပြုံးလိုက်မိပါသည်။

"မျက်ရည်ကျနေတဲ့ပုံ လက်ခံမိလို့ 'ရဲရဲ' အမြဲ မျက်ရည်ကျနေရရင်ကော..."

"ကိုယ် 'ရဲရဲ' ပျော်နေတာကိုပဲ အမြဲ မြင်ချင်ပါတယ်"

တစ်ယောက်နဲ့တစ်ယောက် အကြာကြီး ကြည့်နေပြီးမှ 'ရဲရဲ' နေရာမှ ဦးစွာ ထလိုက်မိပါသည်။

" 'ရဲရဲ' ပြန်တော့မယ် 'ကိုဒေး' "

" 'ကိုဒေး' လိုက်ပို့မယ်လေ... မိုးချုပ်နေပြီ"

"ရပါတယ်... 'ရဲရဲ' တစ်ယောက်တည်း ပြန်ရပါတယ်"

" 'ရဲရဲ' ပြန်ရဲပေမယ့် 'ကိုဒေး' စိတ်မချဘူး"

'ရဲရဲ' 'ကိုဒေး' ကို လှည့်အကြည့် 'ကိုဒေး' မျက်လုံးတွေက လက်ဖြာနေကာ နေရင်းထိုင်ရင်း မတန် ခုန်လာခဲ့ပါသည်။

'ရဲရဲ' 'ကိုဒေး' ကို ချစ်နေမိပြီလား။

မှော်လင့်သလို မျက်ဝန်းလေးဖြင့် 'ကိုဒေး' ကို အပြုံးသည်။ 'ကိုဒေး' က လှုပ်ရှားနေသော သူ့စိတ်ကို ဖုံးဖိကာ တိမ်ဝင်နေသော အသံ အက်ကွဲကွဲဖြင့် လှမ်းပြောပါသည်။


www.burmeseclassic.com

www.burmeseclassic.com



“ ‘ကိုဒေး’ လိုက်ပို့ပါ့မယ်”

“အပြန်ကျရင် ‘ကိုဒေး’ ဘယ်လို ပြန်မလဲ”

“တက္ကစီ တစ်စီးစီးနဲ့ ပြန်လာမှာပေါ့”

“ ‘ရဲရဲ’ တို့ဘက်က တက္ကစီငှားဖို့ လွယ်တာ မဟုတ်ဘူး... ဒီလိုလုပ် ‘ကိုဒေး’ ကားနဲ့လိုက်ပို့လိုက်... မနက်ကျမှ ဈေးလာရင်း ‘ရဲရဲ’ ကားကို လာပြန်ယူလိုက်မယ်... မကောင်းဘူးလား”

နှစ်ယောက်သား ‘ကိုဒေး’ ကားပေါ်တက်ကာ ‘ရဲရဲ’ တို့ တိုက်ရှိရာ ရွှေတောင်ကြားကို မောင်းလာခဲ့ကြပါသည်။

ကားပေါ်တွင် ‘ရဲရဲ’ ကော ‘ကိုဒေး’ ပါ နှုတ်ဆိတ်နေမိကြပါသည်။

‘ကိုဒေး’ က သက်ပြင်းတွေ အကြိမ်ကြိမ်တွေ ချနေသလို ‘ရဲရဲ’ ကိုယ်တိုင်လည်း ‘ကိုဒေး’ ဘာပြောလာမလဲ မျှော်လင့်နေမိပါသည်။

ခုချိန် ‘ကိုဒေး’ သာ တစ်ခုခု ဖွင့်ပြောလို့ကတော့ ‘ရဲရဲ’ ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်မှာ သေချာပါသည်။

ဒါပေမဲ့ ‘ကိုဒေး’ က ဖွင့်မပြောခဲ့ပါ။ ‘ကိုဒေး’ ‘ဖွေး’ ကိုပဲ စွဲလန်းနေသေးတာလား။

‘ရဲရဲ’ တို့ ခြံရှေ့အရောက် ‘ရဲရဲ’ ကားပေါ်က နွမ်းလျစွာဆင်းလိုက်မိပါသည်။ မပြန်ခင် ‘ကိုဒေး’ ဆီက စကားလေးတစ်ခွန်းတော့ ကြားချင်ပါသေးသည်။

မျှော်လင့်သော မျက်ဝန်းလေးဖြင့် ‘ကိုဒေး’ ကို လှမ်းအကြည့်...

“မနက်ဖြန် ဆုရတဲ့ပုံ အဖြေသိသိချင်း ‘ကိုဒေး’ ဖုန်းဆက်လိုက်မယ်”

“ ‘ဖွေး’ ပုံပဲ ဆုရခဲ့ရင်ကော...”



www.burmeseclassic.com

www.burmeseclassic.com



'ရဲရဲ' ရဲ့ အသံက တိမ်ဝင်နေပါသည်။ 'စိုးခ' နဲ့တုန်းကလဲ 'ဖွေး' ပဲ အနိုင်ရခဲ့သည်။ 'ကိုဒေး' နဲ့ အလှည့်မှာကော 'ရဲရဲ' ရှုံးနိမ့်ရအုံးမှာလား။

တွေးရင်း မျက်ရည်လည်အလာ...

"ကိုယ်ယုံကြည်ပါတယ်... 'ရဲရဲ' ပဲ အနိုင်ရလိမ့်မယ်လို့"

'ရဲရဲ' လည်း ဒီတစ်ခါ အနိုင်ရချင်ပါတယ် 'ကိုဒေး' ရယ်။

ဘာဖြစ်လို့လဲဆိုတော့ 'ရဲရဲ' 'ကိုဒေး' ကို ချစ်နေမိလို့ပါ။

ဒီစကားတွေက ရင်တွင်းစကားတွေပါ။ အပြင်ဘက်မှာတော့ 'ရဲရဲ' 'ကိုဒေး' ကို နှုတ်ဆက်လိုက်မိပါသည်။

" good night 'ကိုဒေး'..."

" good night 'ရဲရဲ'..."

'ကိုဒေး' ရဲ့ကား မီးနီလေး ကွယ်ပျောက်သွားမှ ခြံထဲကိုဝင်အလာ 'အန်တီဇာခြည်' က စောင့်ကြိုနေပါသည်။

"သူက ဘယ်သူလဲ 'ရဲရဲ'..."

" 'ကျော်ဒေးယျ' တဲ့... 'ရဲရဲ' ရဲ့ မိတ်ဆွေပါ"

"ဘာပဲဖြစ်ဖြစ်လေ... မနက်ဖြန်ခါ 'စိုးခ' တို့အိမ်မှာ ထမင်းသွားစားဖို့ 'အန်တီဇာခြည်' ကတိပေးပြီးသွားပြီ... ခေါင်းထဲမှာ 'စိုးခ' ကိုပဲ ထည့်ထားလိုက်တော့"

'ရဲရဲ' သက်ပြင်းချကာ အပေါ်ထပ်ကို တက်လာခဲ့လိုက်မိပါသည်။ မအိပ်ခင် 'ကိုဒေး' အိမ်ပြန်ရောက်မရောက် သိချင်သေးတာကြောင့်လည်း 'ကိုဒေး' ဖုန်းကိုအနိုပ် 'ကိုဒေး' ဖုန်းမအားတာကို သိလိုက်ရပါသည်။

'ကိုဒေး' ကပဲ တစ်ယောက်ယောက်ဆီကို ဆက်နေတာလား။ ဒါမှမဟုတ် တစ်ယောက်ယောက်ကပဲ 'ကိုဒေး' ဆီကို ဆက်နေလေသလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက 'ရဲရဲ' အိပ်ယာသာ ဝင်လိုက်ရပေမယ့် တစ်ညလုံး အိပ်လို့မပျော်ပါ။ 'ကိုဒေး' ကို 'ရဲရဲ' စိတ်ဝင်စားနေသလို 'ကိုဒေး' ရဲ့ နှလုံးသားထဲမှာလည်း 'ရဲရဲ' ပဲ ရှိစေချင်ပါသည်။

'ကိုဒေး' ဘယ်သူ့ဆီကို ဖုန်းဆက်နေတာလဲ 'ရဲရဲ' သိလိုလှပါသည်။

ထိုအချိန် 'စိုးခ' အခန်းက စပေါ့လိုက် မီးအနီလေးဖြင့် I need you ဟူသော စကားလုံးလေး ထိုးနေပေမယ့် 'ရဲရဲ' ထိုစာတွေကို စိတ်မဝင်စားတော့ပါ။ 'ရဲရဲ' အတွက်လည်း၊ 'စိုးခ' က မလိုအပ်တော့ပါ။

ခုချိန် 'ရဲရဲ' အတွေးမှာ 'ကိုဒေး' ပဲ ရှိသည်။ 'ရဲရဲ' 'ကိုဒေး' ကိုပဲ ချစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၂၅

မနက် ဆယ်နာရီခွဲခန့်မှာ အဖြေသိရတာမို့ 'ရဲရဲ' ကို ဝမ်းသာစေချင်လွန်း၍ ဖုန်းဆက်ပေမယ့်လည်း 'ရဲရဲ' ဖုန်းက ပိတ်ထားတာကို တွေ့လိုက်ရပါသည်။

ဆိုင်ကို လိုက်သွားပြန်တော့လည်း 'ရဲရဲ' ဆိုင်ကို ရောက်မလာသေးပါ။ 'ရဲရဲ' ဘယ်ကို ရောက်နေတာလဲ။

ညကလည်း ကိုရီးယားမှ သူငယ်ချင်းဆီ ဖုန်းဆက်ကာ ပိတ်မျက်ရည် ပြိုင်ပွဲဝင်ဖို့ လိုအပ်တဲ့ အချက်အလက်တွေ ဖက်စ်နဲ့ပို့ခိုင်းလိုက်သည်။

'ရဲရဲ' ဝမ်းသာလွန်း၍ မျက်ရည်ကျနေသည့် ပုံလေးကို သူအရမ်း ပြိုင်ချင်သည်။

မြန်မာပြည်တွင်းက ပြိုင်ပွဲမှာလည်း 'ရွှင်ချို့သမျှ၊ ပင်ကိုယ်အလှ' တွင် 'ရဲရဲ' ပုံက ပထမရကာ 'နေဝင်ဆည်းဆာ'ပုံက ဒုတိယ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေ 'ရဲရဲ' ကို ပြောချင်လွန်း၍ ဆိုင်ကိုလည်း ဖုန်းဆက်သည်။ ဟန်းဖုန်းကိုလည်း ဖုန်းဆက်သည်။

ဆိုင်က မရောက်သေးဘူးဟု အကြောင်းပြန်ကာ၊ ဟန်းဖုန်းက ပိတ်ထားပါသည်။ နောက်ထပ် တစ်နာရီခန့်ကြာအောင် ထပ်နှိပ်ပေမယ့်လည်း 'ရဲရဲ' ဟန်းဖုန်းက ပိတ်ထားဆဲဆိုတော့ ကျွန်တော် စိတ်မရှည်ချင်တော့ပါ။

'ရဲရဲ' 'စိုးခ' ဆီ ရောက်နေလို့များလား။

ကျွန်တော် စိတ်တိုနေဆဲ အိမ်က ဖုန်းဝင်လာပါသည်။ 'ဖွေး' တို့အိမ်က ဆုံကြမည်တဲ့။ ကျွန်တော် မအား၍ မလာနိုင်ပါဆိုတော့ မေမေတို့က ဝင်ခေါ်မည်ဆို၍ ကျွန်တော် မငြင်းနိုင်တော့ပါ။

ကျွန်တော် 'ရဲရဲ' ကိုသာ စိတ်တိုနေမိပါသည်။ တကယ်ဆို ညတည်းက ကျွန်တော် ဖုန်းဆက်လိုက်ပါမည်ဟု ကြိုပြောပြီးသားပဲ။

ဒါကို သိရဲ့နဲ့ 'ရဲရဲ' ဖုန်းကို ပိတ်ထားတာ ကျွန်တော် ဆက်မှာစိုးလို့လား၊ ကျွန်တော်နဲ့ အဆက်အသွယ် ရှိနေတာကို 'စိုးခ' သိသွားမှာ စိုးရိမ်နေလို့လား။

ကျွန်တော် စိတ်တိုတိုဖြင့် ဖုန်းကိုပိတ်ကာ မေမေတို့ခေါ်ရာ 'ဖွေး' တို့ ခြံကြီးကို လိုက်ပါလာခဲ့လိုက်ပါသည်။

"လာ လာ 'မောင်ကျော်ဒေးယျ'... အန်တီတို့မှာဖြင့် လူချင်းသိတာ ကြာလှပြီ... မနေ့ကမှ လူလေးက အန်တီ့သူငယ်ချင်း 'အေး' ရဲ့သားလေးဆိုတာ သိရတာ... အသိနောက်ကျလိုက်တာကွယ်"

"နောက်မကျသေးပါဘူး 'ငြိမ်း' ရယ်... လူငယ်ချင်းလည်း ကြည်ဖြူပြီးသားဆိုတော့ စေ့စပ်ပွဲတွေ ဘာတွေ ဘာလို့မိုပ်နေတော့မှာလဲ... တစ်ခါတည်းပဲ မင်္ဂလာကိစ္စ စီစဉ်လိုက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်... ကိုယ်လည်း အဲ့ဒီလိုပဲ စိစဉ်ချင်တာ... နောက်ထပ်တစ်ခါ သမီးလေးကို ထပ်မပျက်စေချင်တော့ဘူး 'အေး' ရယ်တကယ်တော့ သမီးလေးဟာ မိဘစကားနားထောင်ပြီး ဟိုဘက်ကလေးကို လက်ခံခဲ့ရတာပါ... သမီးလေး ဘယ်သူ့ကိုချစ်တယ်ဆိုတာ 'ငြိမ်း' တို့ သိပြီးသားပါ"

ကျွန်တော် နေရာမှ ထပြေးချင်လာပါသည်။ တော်သေးတာက 'ဖွေး' မရှိလို့ပါ။ 'ဖွေး' သာ ရှိရင် ကျွန်တော် ဘယ်လိုမျက်နှာနဲ့ထိုင်နေရမှာလဲ။

ခုချိန် ကျွန်တော့်ရင်ထဲမှာ 'ရဲရဲ' ပဲ ရှိပါသည်။ ဒါပေမယ့် 'ရဲရဲ' ကို ဆက်သွယ်ရအောင် ဆိုတော့လည်း 'ရဲရဲ' ဖုန်းက ပိတ်ထားပါသည်။

လူကနေရာမှာ ထိုင်နေပေမယ့် ကျွန်တော့် တစ်ကိုယ်လုံးကဆောက်တည်ရာမရအောင် လှုပ်ရှားနေမိပါသည်။

'ကျော်ဒေးယျ' ဒီဘက်မှာ လှုပ်ရှားနေချိန် 'စိုးခ' အိမ်တွင်ရောက်နေသော 'ရဲရဲ' မှာလည်း နေရာမှ ထပြေးချင်လောက်အောင်ပင် စိတ်ဆင်းရဲနေမိပါသည်။

လူကြီးတွေက စေ့စပ်ပွဲပင် မလုပ်တော့ဘဲ 'စိုးခ' နဲ့ အမြန်ဆုံး လက်ထပ်ပေးချင်သည်တဲ့။

'ရဲရဲ' စိတ်ထဲမှာ 'စိုးခ' ဆိုတာ လုံးဝ မရှိတော့ပါ။ 'ရဲရဲ' အခုချိန်မှာ အတွေ့ချင်ဆုံးက 'ကိုဒေး' မို့ 'ကိုဒေး' ဖုန်းကိုအနှိပ် 'ကိုဒေး' ဖုန်းပိတ်ထားတာကို သိလိုက်ရသည်။

'ကိုဒေး' ဘယ်ကိုသွားပြီး ဘာတွေ လုပ်နေတာလဲ။ ညက ဖုန်းဆက်တော့လည်း မအားပါ။

'ရဲရဲ' ဟန်မဆောင်နိုင်တော့တာမို့ 'အန်တီဇာခြည်' ကို ခွင့်တောင်းကာ 'အန်တီဇာခြည်' ကားကို မောင်းပြီး 'ကိုဒေး' ဆိုင်ကို


www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့လိုက်ပါသည်။

ဆိုင်မှာလည်း 'ကိုဒေး' မရှိပါ။ 'ကိုဒေး' အမေလာခေါ်သွားသည်တဲ့။

'ရဲရဲ' ငိုချင်လာပါပြီ။ ဒါဆို 'ကိုဒေး' 'ဖွေး' တို့အိမ် ရောက်နေပြီပေါ့။ 'ဖွေး' ကို လက်ခံလိုက်ရပြီပေါ့။

'ရဲရဲ' 'ကိုဒေး' ကို ချစ်တယ်။ 'ကိုဒေး' 'ရဲရဲ' အနားကို ပြန်လာပါ။

အရင်တစ်ခါတုန်းကလည်း 'ရဲရဲ' 'စိုးခ' ကို ဆုံးရှုံးပြီးပြီ။ ဒီတစ်ခါကော 'ကိုဒေး' ကို ဆုံးရှုံးရအုံးမှာလား။

'ရဲရဲ' ကားကို အပြင်းမောင်းကာ 'ကိုဒေး' နဲ့ ဆုံဆည်းရာချောင်းသာကို ထွက်လာခဲ့မိပါသည်။

ချောင်းသာမှာ 'ရဲရဲ' နဲ့ 'ကိုဒေး' တို့ရဲ့ အချစ်တွေ ရှိသည်။

'ရဲရဲ' 'ကိုဒေး' ကို တွေ့ပါရစေ။ 'ရဲရဲ' 'ကိုဒေး' ကိုပဲ ချစ်ပါရစေ။

ဒီအသိဖြင့် ကားကို အပြင်းအမောင်း 'ရဲရဲ' ၏ ကားနောက်မှ ကားတစ်စီး အတင်းဖြတ်ကျော်တက်ဖို့ ကြိုးစားနေတာ တွေ့လိုက်ရပါသည်။

'ကိုဒေး' ကားလို ရေညှိစိမ်းရောင်လေးပါ။ 'ရဲရဲ' ဖြတ်ကျော်တက်ခွင့် မပေးနိုင်ပါဘူး။

'ရဲရဲ' လမ်းမပေး၍ နောက်ကကားက အတင်းဖြတ်ကျော်အတက်...

"ကား ကားလာနေပြီ..."

'ရဲရဲ' ငယ်သံပါအောင် အအော် ကျော်တက်သွားတဲ့ကားလမ်းဘေးကို ဆွဲချလိုက်တာမို့ ကားခေါင်းက လယ်ကွင်းထဲကို ထိုးဆင်းသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

'ရဲရဲ' တုန်းကလို အဖြစ်မို့ အပြစ်တင်ချင်စိတ်ဖြင့် ကားထဲက လူကို လှမ်းအော်လိုက်မိပါသည်။

"ခင်ဗျား တော်တော် သေချင်နေတယ်နဲ့ တူတယ် ဟုတ်လား..."

ကားထဲမှ ကုန်းကွကာ ထွက်လာသူက 'ရဲရဲ' ဘယ်လိုမှမျှော်လင့်မထားသော 'ကိုဒေး' ပါ။

'ကိုဒေး' ကိုယ်တိုင်လည်း 'ရဲရဲ' ကို ငေးကြည့်ရင်း ဝမ်းသာအားရ အော်လိုက်ပါသည်။

" 'ရဲရဲ' ... 'ရဲရဲ' ... ဟုတ်ပါတယ်နော်..."

'ကိုဒေး' ရဲ့ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လျှံနေပါသည်။

" 'ရဲရဲ' ဘယ်တွေသွားပြီး ဘာတွေ လုပ်နေတာလဲကွာ..."

" 'ကိုဒေး' ကကော... ညတည်းက 'ရဲရဲ' ဖုန်းဆက်တာ ထုံးဝ ဆက်လို့မရဘူး"

"အဲ့ဒါ 'ကိုဒေး' ကိုရီးယားကို ဖုန်းဆက်နေတာ... 'ရဲရဲ' ဖုန်းကလည်း တစ်မနက်လုံး ဘာလို့ ပိတ်ထားတာလဲ... 'ကိုဒေး' ခါတ်ပုံပြိုင်ပွဲအဖြေကို 'ရဲရဲ' ကို ပြောချင်လို့ တစ်ချိန်လုံး ဖုန်းဆက်နေခဲ့တာ..."

"အဖြေသိရပြီ ဟုတ်လား 'ကိုဒေး'..."

"ဟုတ်တယ်..."

" 'ဖွေး' လား 'ရဲရဲ' လားဟင်"

"ကိုယ့်ရင်ထဲမှာ တကယ်ရှိတဲ့ သူပါပဲ..."

" 'ဖွေး' လားဟင်..."

ကျွန်တော် ခေါင်းခါကာ 'ရဲရဲ' ကိုယ်လုံးလေးကို ထွေးပွေ့လိုက်ပါသည်။

တလက်စတည်း ချောင်းသာကိုရောက်လျှင် ရန်ကုန်ဆိုင်ကို


www.burmeseclassic.com

www.burmeseclassic.com


ဖုန်းဆက်ကာ 'ဖွေး' ဓါတ်ပုံတွေ ဖြုတ်ပြီး 'ရဲရဲ' ရဲ့ ဓါတ်ပုံတွေ ချိတ်ဖို့ မှာရပါအုံးမည်။

ဆုရတဲ့ 'ရဲရဲ' ရဲ့ ဓါတ်ပုံအောက်မှာ ချိတ်ဖို့ စာလုံးကိုလည်း ရွေးထားပါသည်။

'without you' တဲ့…။

'ရဲရဲ' ပျော်ရွှင်နေမလား။

ကြည်နူးစိတ်ဖြင့် 'ရဲရဲ' ကိုလှည့်အကြည့် 'ရဲရဲ' က ကျွန်တော့် ရင်ခွင်ထဲကို တိုးဝင်ကာ ကျွန်တော် ကြားသာယုံ တိုးတိုးလေးပြော ပါသည်။

" I need you " တဲ့။

ဒီကမ္ဘာမှာ ကျွန်တော့်လောက် ပျော်နိုင်တဲ့လူ ရှိပါ့အုံးမလား နော်။

ဥင်္ဂလန်ချစ်မြေ့ပါဒေ

ဆက်လက်ကြိုးစားနေဦးမည်

ဝေဝေဝေအောင်


www.burmeseclassic.com